စာရေးဆရာ ချစ်စံဝင်း၏ ၇ အုပ်မြောက် စာအုပ်

# မြတ်လယ်တီ

ဒုတိယအကြိမ်

## ချစ်စံဝင်း

# မာတိကာ


| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လယ်တီဆရာတော်ကြီး | ၉ |
| ၂။ | အရိုင်းတွင် အရက် | ၁၃ |
| ၃။ | မျိုးရက်မဲ့ သူခိုးတွင်း | ၂၉ |
| ၄။ | မိုက်မလင်းနိုင်လို့ | ၄၅ |
| ၅။ | ပါဠိလူမျိုးများအတွက်မဟုတ် | ၅၉ |
| ၆။ | ကမ္ဘာ့ဘာသာနှင့် အရေးအသား | ၇၅ |
| ၇။ | သဒ္ဒါ၊ အဘိဓမ္မာနှင့် လယ်တီ | ၉၁ |
| ၈။ | တိုင်းနိုင်ငံလုံး ထီးစည်ပါဆုံး | ၁၀၁ |
| ၉။ | ဆန့်ကျင်မှုများ | ၁၁၇ |
| ၁၀။ | ကမ္ဘာမှာ စက်ခြည်လင်းစေဖို့ | ၁၃၁ |
| ၁၁။ | မြောက်ပြင်စံကျောင်းတော်ကြီး | ၁၃၉ |
| ၁၂။ | မှတ်ချက်သိရာ | ၁၄၇ |

# ချစ်စံဝင်း ရေးသားပြုစုပြီးသော စာအုပ်များ

၁။ပါကာဗေဒါနီခါန်း(၁၉၆၇)။ ၂။အမေနှင့်အမေ့အကြောင်း(၁၉၇၇၊ ၁၉၈၀၊ ၁၉၈၁၊ ၁၉၈၈၊ ၁၉၉၀၊ ၁၉၉၂၊ ၁၉၉၃)။ ၃။ပြည်သူ့ရင်သွေး(၁၉၇၉)။ ၄။အမေ့ရင်သွေး(၁၉၈၀)။ ၅။နိုင်ငံ့သမိုင်းခါန်း(၁၉၈၀)။ ၆။မိုးထောက်မြင့်သည့်စိတ်ထားများ(၁၉၇၉၊ ၁၉၈၀)။ ၇။မြတ်လယ်တီ (၁၉၈၆၊ ၁၉၉၄)။ ၈။ကျော်ခန့်နီသသနာ(၁၉၈၆၊ ၁၉၈၇၊ ၁၉၈၈၊ ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၁၊ ၁၉၉၃)။ ၉။မြတ်ပညာနှင့်သာသနာပြုဆရာများ(၁၉၈၇၊ ၁၉၈၉)။ ၁၀။ကျွန်ုပ်လူငယ်တစ်ယောက်အကြောင်း(၁၉၈၉၊ ၁၉၉၀၊ ၁၉၉၀၊ ၁၉၉၁၊ ၁၉၉၃)။ ၁၁။မြန်မာ့ရုပ်သေးသဘင်(၁၉၈၉)။ ၁၂။မြန်မာလူငယ်တစ်ယောက်အကြောင်း(၁၉၉၀)။ ၁၃။ယသော်ဓရာ့အလွမ်း(၁၉၉၀၊ ၁၉၉၁၊ ၁၉၉၃)။ ၁၄။ဆန်းစွတ်သည့်အဖိုးထိုး(၁၉၉၀၊ ၁၉၉၁၊ ၁၉၉၃)။ ၁၅။မြန်မာ့သူကြွယ်တစ်ယောက်အကြောင်း(၁၉၉၁)။ ၁၆။စန်ကောက်-၁(၁၉၉၁)။ ၁၇။အမေ့ပညာမဲ့သောစေ့(၁၉၉၁)။ ၁၈။တွေနှစ်ကိုယ်ချစ်(၁၉၉၁၊၁၉၉၃)။ ၁၉။စန်ကောက်-၂(၁၉၉၁၊ ၁၉၉၃)။ ၂၀။သဘာဝတက်ကြည်လင်စေဖို့(၁၉၉၁)။ ၂၁။ခေါင်းဆောင်ဓာပုံပြင်များ(ပထမတွဲ)(၁၉၉၂)။ ၂၂။ထုံးဖွယ်လူသားကိုနီးယား(၁၉၉၂)။ ၂၃။ခေါင်းဆောင်ဓာပုံပြင်များ(ဒုတိယတွဲ)(၁၉၉၂)။ ၂၄။စင်ကာပူ(သို့မဟုတ်) အရှေ့ဖျားကျေးဆောင်ခွီ(၁၉၉၂၊ ၁၉၉၂)။ ၂၅။အမေ့မြေ(၁၉၉၂၊ ၁၉၉၂၊ ၁၉၉၃)။ ၂၆။စိတ်ကောင်းရှိပုံဗေဒ(၁၉၉၂၊ ၁၉၉၃)။ ၂၇။ရေရှည်စီးပွားရေးနှင့်မြန်မာလူငယ်(၁၉၉၃)။ ၂၈။ရောင်နီပါတ်-၅(၁၉၉၃)။ ၂၉။ထိုင်း(သို့မဟုတ်) အရှေ့ဖျားကပူဇော်ချာ(၁၉၉၃)။ ၃၀။ထိုင်းနိုင်ငံရှိမြန်မာဘုန်းတော်ကြီးကျောင်းများ(၁၉၉၃)။ ၃၁။စန်ကောက်မှ မလေးကို

ဖြတ်ရှု စင်ကာပူသို့(၁၉၉၃)။ ၃၂။ဓိနန်ဆရာတော်နှင့်ပိန္နဲကျောင်း (၁၉၉၃)။ ၃၃။ဂေါ်စီယာဘသို့သဝဏ်လွှာ(၁၉၉၃)။ ၃၄။ကမ္ဘာ့သဘာသနာ့ကျွန်ုပ် ဆရာတော်ဦးပညာဝံသ(၁၉၉၃)။ ၃၅။မှုနေ့နေ့စဉ်တောမှာခြေ(မှ)။ ၃၆။ရောက်ခြိုး (၁၉၉၄)။ ၃၇။ထားနိုက်နည်းသဘောတရား(၁၉၉၄)။ ၃၈။များမျက်နှာညီ မဇ္ဈိမတရား(၁၉၉၄)။ ၃၉။မြန်မာ့ကျောင်းမိမှာကြီး(၁၉၉၄)။

**ပန်းမျိုးတစ်ရာ ကွန်ပျူတာ စာစီလုပ်ငန်း**
၂၃၃/၁၄၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၅၇၁၉၃၅၊

# ၁။ လယ်တီ ဆရာတော်ကြီး

လယ်တီဆရာတော်ဘုရားကြီးသည် သာသနာ အာဇာနည် အစစ်ကြီးအစစ် ဖြစ်တော်မူ၏။ မြန်မာ့သာသနာဝင်လောကဝယ် လယ်တီဆရာတော်ဘုရားကြီး၏ အခန်း ကဏ္ဍသည် ကြီးမားသောနေရာမှ ပါဝင်ပေ၏။

လယ်တီ ဆရာတော်ကြီးသည် သာသနာရေးဘက်တွင်သာ ထိုကဲ့သို့ ထူးခြားပြောင်မြောက်စွာ စွမ်းဆောင်ခဲ့သည် မကသေး၊ စာပေရေးရာဘက်နှင့် အမျိုးသားရေးဘက်တို့တွင်လည်း ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့၏။

လယ်တီ ဆရာတော်ဘုရားကြီးသည် ပါဠိဘာသာကို ပါရဂူဆိုရလောက်အောင် တတ်သိ ကျွမ်းကျင်ရုံမျှမက

ဘုရားဟော ပိဋကတ် သုံးပုံကိုလည်း တတ်သိ နှံ့စပ်၍ တစ်ဖက်ကမ်းခတ် လေ့လာတတ်မြောက်တော်မူ၏။

၁၂၇၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အဂ္ဂမဟာပဏ္ဍိတ တံဆိပ်ကို စတင်ဆက်ကပ်လှူဒါန်းရာ ပထမအကြိမ် လှူဒါန်းခြင်းခံရသူများထဲတွင် လယ်တီဆရာတော်ကြီး ပါဝင်ခဲ့၏။ သို့သော် ဆရာတော်ကြီးသည် ယင်းဘွဲ့တံဆိပ်ကို ကိုယ်တိုင် သွားရောက် လက်ခံယူခြင်း မပြုခဲ့။

၁၂၈၃ ခုနှစ်တွင် လယ်တီဆရာတော်ကြီးအား ရန်ကုန် တက္ကသိုလ်၏ အဓိပတိဖြစ်သော ဘုရင်ခံ စာပေပါရဂူဟု အဓိပ္ပာယ်ရရှိသည့် ဒီလစ်ဘွဲ့ **(Dr. ofliterature)** ကို ဆက်ကပ် လှူဒါန်းခဲ့၏။ အလားတူပင် ဆရာတော်ကြီးသည် ထိုဘွဲ့ ကိုလည်း လက်ခံရယူခြင်း မပြုခဲ့ပေ။

ကျေးဇူးရှင် လယ်တီ ဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၈၅-ခုနှစ်၊ သက်တော် ၇၇၊ သိက္ခာဝါတော် ၅၇ ဝါတွင် ပျဉ်းမနားမြို့ လယ်တီ စံကျောင်း၌ ဘဝနတ်ထံ ပျံလွန် တော်မူခဲ့၏။

လယ်တီ ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ သေကျတောင် ဆရာတော် ဦးတိလောက က-

တပည့်တပန်း ရဟန်းအပေါင်းတို့၏ ရှေ့ဆောင် နွားမင်း ဥသဘကြီး ဖြစ်တော်မူသော-

-တပည့်အပေါင်းတို့အား. . .

-စာပေကျမ်းဂန် တတ်မြောက်လိမ္မာအောင် သင်ကြား ပို့ချတော်မူထသော. . .

-ခုနစ်ဆယ်ခုနစ် အသက်အရွယ်ရှိတော်မူသော အကြင် မဟာထေရ်မြတ်သည် ထက်နတ်ပြည်မှ ပင့်ချီ လာ၍ ကြွသွားတော်မူလေပြီဟူ၍ ရင့်ကျူးတော်မူခဲ့၏။

လယ်တီ ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ လယ်တီ ဦးပဒုနှင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး တို့ကလည်း-

-သမုဒ်လေးသွယ်၊ ရေပင်လယ်မျှ၊ ကြီးကျယ်ပျံ့ပျူး၊ မြင့် ခေါင်ကျူးသည့်၊ ကျေးဇူးတော်ဂုဏ်၊ အဖုံဖုံနှင့်ပြည့်စုံ တော်မူထသော၊

-များစွာသိန်းသောင်း ရဟန်းအပေါင်းတို့၏ ထိပ်ဆောင်း ဥကင် ဘုရင်စောထီး မြင်းမိုရ်တောင်ကြီး ဖြစ်တော် မူသော လယ်တီဆရာတော်ဘုရားကြီးသည် ကိုးဆယ် ခြောက်ဖြာဘေးရောဂါဖြင့် သီလ၊ သမာဓိ၊ ပညာတော် ဂုဏ် အဖုံဖုံလည်း အကုန်လက်လျှော့ ကြွလေတော့ဟု ဆိုသောအလား မတန့်စားဘဲ တိမ်းပါးပြိုလဲတော်မူ လေပြီ-

ဟု ကြွေးကြော်ခဲ့လေ၏။

ဤကား လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်းမျှသာဖြစ်၏။ အကျယ်ကား သီးခြား စာအုပ်စာတမ်းများရှိပါ၏။ ဤစာအုပ်၏ အမျိုးသားရေး၊ နိုင်ငံရေးအမြင်နှင့် ရှင်းလင်း ပြတ်သားလှသော စာပေအရေးအသားတို့ကို လေးလေးနက်နက် ဆက်လက်ဖော်ပြအပ်ပါသည်။

## ၂။ အရိုင်းတွင် အရက်

လယ်တီဆရာတော်ကြီးသည် အရက်ကို သီးသီးခါးခါး ဆန့်ကျင်ခဲ့သည်။ ဒါယကာ တပည့်တို့ထဲမှ သေသောက်သူများကိုတွေ့လျှင် ဆရာတော်သည် တိတိကျကျ ခေါ်ယူ တားမြစ်တတ်၏။

ဆရာတော်သည် သေရည်အရက် ဆန့်ကျင်ရေးနှင့် ပတ်သက်၍ မေတ္တာနှစ်ပုဒ် ထူးထူးခြားခြား ရေးသားခဲ့သည်။ ထိုမေတ္တာစာနှစ်ပုဒ်ကို လေ့လာခြင်းအားဖြင့် ဆရာတော်သည် အရက်ကို မည်မျှ ခါးသီးဆန့်ကျင်ကြောင်း သိရသည်။

ပထမ သေရည်သေရက် မေတ္တာစာမှာ ၁၂၄၈ ခုနှစ်က ရေးသားသော စိုင်ပြင် သေရည်သေရက် မေတ္တာစာဖြစ်၍ ဒုတိယ မေတ္တာစာမှာ ၁၂၄၉ ခုနှစ်က ဒီပဲယင်းမြို့နယ်မှ ဒါယကာတို့က လျှောက်ထားသဖြင့် စီရင် ရေးသားတော်မူသော ဒီပဲယင်း သေရည်သေရက် မေတ္တာစာ ဖြစ်သည်။

စိုင်ပြင် သေရည်သေရက် မေတ္တာစာသည် ဆရာတော်က မိမိဆန္ဒအလျောက်ရေးသားသော မေတ္တာစာ ဖြစ်သည်။ မေတ္တာစာနှစ်ပုဒ်စလုံးသည် ထိမိကောင်းမွန်လှ၏။

ဤမေတ္တာစာနှစ်ခုတွင် ဆရာတော်၏ ရှင်းလင်းသော အရေးအသား၊ ဒိုးဒိုးဒေါက်ဒေါက်ရှိသော အဖွဲ့အနွဲ့နှင့် ထိထိမိမိရှိသော ရေးဟန်များကို တွေ့ရသည်။

စိုင်ပြင် သေရည်သေရက် မေတ္တာစာကို ဆရာတော်ရေးသားချိန်သည် မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့ စိုးမိုးအုပ်ချုပ်ပြီး တစ်နှစ်ခန့်အကြာတွင် ဖြစ်၏။ လယ်တီဆရာတော်ကြီးက ယခုကဲ့သို့ သူတစ်ပါး၏လက်အောက်သို့ အမျိုးဘာသာ သာသနာကျ ဆင်းရချိန်တွင် မြန်မာတစ်မျိုးသားလုံးသည် ကျစ်ကျစ်လျစ်လျစ် စည်းစည်းလုံးလုံးရှိရမည်။ မကောင်းမှု ဒုစရိုက်များကို ဖယ်ရှား၍ ကောင်းမှု ကုသိုလ်လုပ်ငန်းအရပ်ရပ်ကို တစ်မျိုးသားလုံးက လိုက်နာဆောင်ရွက်ရမည့်အချိန်ဖြစ်သည်ဟု ဆရာတော်က ယုံမှတ်၏။

ထိုအချိန်တွင် ဆရာတော်၏ ဒါယကာရင်းဖြစ်သော စိုင်ပြင်ရွာ သူကြီးဦးဆိုင်းသည် အရက်ကလေး တမြမြနှင့် ဖြစ်နေသည်ကို ဆရာတော် တွေ့ခဲ့ရ၏။ ထိုအခါ ဆရာတော်က ချက်ချင်းပင် ဆုံးမဩဝါဒပေးမည်ဟု အကြံပြုပြီးမှ အများဗိုလ်လူထဲတွင် မတော်ပေဘူးဟုဆိုကာ နှစ်ကိုယ်ချင်း ဆုံးမရန် အချိန်စောင့်နေခဲ့၏။ သို့သော်လည်း အခွင့်မကြုံသဖြင့် နောက်တွင်မှ ဆုံးမမည်ဟုဆိုကာ မေတ္တာစာ ရေးသား ပေးပို့ ဆုံးမခဲ့၏။

ဦးဆိုင်းထံ သေရည်သေရက် မေတ္တာစာ ရေးသားပေးပို့ရခြင်းနှင့် ပတ်သတ်၍ ဆရာတော်က-

"ယမန်အခါ စိုင်ပြင်ရွာသို့ ဆရာတစ်ထောက်
လေးငါးရက်ကြာ ၊ ကိစ္စတာနှင့်၊
လာစဉ်ခေါက်က၊ သောက်မှု စားမှု၊
ကစားမှုများကို၊ ဘယ်သူဟု မရွေး၊
တို့တိုက် တို့ကန်၊ တို့အရာမ်နှင့်၊
ဆက်ဆံသူအပေါင်းကို၊ ကောင်းကောင်းကြီး
ဩဝါဒပေးမည်ဟု၊
အရေးတစ်ခု၊ အကြံကြီးပြုပြီးမှ၊
အနုအရင့် ၊ အမှုကိုချင့်ပြန်သော်၊
ဩြော်- တို့ကျောင်းဒကာ၊ နဂိုရင်းက၊

မဖျင်းဘူးပါပဲနှင့်၊ ခုခါမှ လျှောက်လျှား၊
လူ့စာဂ ဖောက်ပြား၍၊ မှောက်မှားသည့် အချက်ကို၊
အရှက်ကြီး တမင်ခွဲသလို၊ လူထဲတွင် မတော်တတ်
ပေဟု၊
ပရိသတ်မပါ၊ နှစ်ကိုယ်ကောင်းတွေ့ခါမှ၊
သာယာချောမော၊ အဆိုးအကောင်း၊
အကျိုးအကြောင်း၊ ကောင်းကောင်းကြီးဟောရလျှင်၊
ချောပေမည် ဧကန်ဟု၊ အကြံနှင့်ချောင်းပါသည်ကို၊
နှစ်ကိုယ်ကောင်းသက်သက်၊ မတွေ့သည့်
အတွက်ကြောင့်”

ဟု ရေးသားထား၏။

ယခုအခါမှ၊ ဆရာလည်းအား၊
လူကြုံလမ်းကြုံ၊ စခန်းကြုံနှင့်၊
ဆုံခိုက်ပြောသောကြောင့်၊
ဘုရား ကျမ်းဂန်၊ ထုတ်တိုင်းကို ပြန်လိုက်မည်-
ဟုဆိုကာ ဆရာတော်သည် စိုင်ပြင် သေရည် သေရက်
မေတ္တာစာကို ဆက်၍ ရေးသားထားပါ၏။

ယင်းမေတ္တာစာတွင် ဆရာတော်က အရက်သောက်သော
သူသည်-

“လူရုပ်မပေါ်၊ လူစော်မနံ၊
လူဟန်မရ၊ လူစ တိတုံး၊
လူတိုင်းမုန်းစရာ၊
လူယုတ်မာ အဖြစ်မှာ မူကား၊
အသင်္ချေယျော၊ မရေတွက်နိုင်ဟု ။
သေသောက်သူ ဖြစ်ပုံကို၊ သနစ်ကုန် ဖြတ်ပိုင်း၍၊
သည်အတိုင်း လာချေသည်”
ဟု ရေးသားထား၏။

အရက် မသောက်သင့်ကြောင်း ဆရာတော်က ဦးဆိုင်းအား ဆက်လက်ဆုံးမရာတွင်-

“သင်ကျောင်းဒကာ၊ စိုင်ပြင်ရွာသူကြီးမှာလည်း၊
အမျိုးမှန်သည့်၊ အဖိုးတန် ဖြစ်ပါလျက်၊
ကံစုတ်ဉာဏ်ယုတ်၊ ဘာမဟုတ်သည့်၊
လူနုပ် လူမွဲ၊ လူ့ဆန်ကွဲ၊ လူ့ဗလချာ၊
လူရာမရောက်၊ လူဘောက်သောက်တို့၊
သောက်ကြ စားကြ၊ မှောက်မှားကြ၍၊
အမေ့ညစ်တီ၊ အလစ္ဆီ အကျင့်ဆိုးများကို၊
အမျိုးနှင့် ချင့်ချိန်၊ ဂုဏ်သိမ်နှင့် ချင့်နွှယ်၊
အရွယ်နှင့် ချင့်စား၊ တရားနှင့် ချင့်မြော်၍၊
ပြီပြီသား မလျှော်၊ မတော်သည့် အမှုများကို၊

စဉ်းစားကြီးဖြစ်ဘိ၍၊ ပဝတ္တိ-ပဋိသန်၊
အသိဉာဏ်အကြွယ်သားနှင့်၊ အပါယ်လားမခံပါလင့်”
ဟု ရေးသားထား၏။

စိုင်ပြင် သေရည်သေရက် မေတ္တာစာတွင် ဆရာတော်က အရက်၏ သရုပ်ခွဲရာတွင်-

“အရိုင်းတွင် သေရက်၊ အခက်တွင် ပိဋကတ်၊
အမြတ်တွင် နိဗ္ဗာန်၊ အမြန်တွင် သိန္ဓော”
ဟု သရုပ်ခွဲ ဖော်ပြခဲ့၏။

မြန်သည့်နေရာတွင် သိန္ဓောမြင်းသည် အမြန်ဆုံးဖြစ်၍ အမြတ်တကာ့အမြတ်ဆုံးအရာသည် နိဗ္ဗာန်ဖြစ်သည်။ ခက်ခဲသည့်အရာတွင် ပိဋကတ်သည် အခက်အခဲဆုံး ဖြစ်၏။ အရိုင်းတကာတို့တွင် အရက်သည် အရိုင်ဆုံးအရာဟု ဆရာတော်ကြီးက ရေးသားဆုံးမခဲ့၏။

အထက်ပါ စိုင်ပြင် သေရည်သေရက် မေတ္တာစာကို ရေးသားပြီး တစ်နှစ်အကြာတွင် ဒီပဲယင်းမြို့နယ်မှ ဒါယကာ ဒါယိကာမတို့၏ လျှောက်ထားချက်အရ ဒီပဲယင်း သေရည်သေရက် မေတ္တာစာကို ဆရာတော် ရေးသားခဲ့၏။ ဒီပဲယင်း သေရည် သေရက်မေတ္တာစာသည် စိုင်ပြင် သေရည်သေရက် မေတ္တာစာထက် ပို၍ ရှည်၏။ လောကအကြောင်း၊ ဓမ္မ

အကြောင်း သမိုင်းကြောင်းတို့ဖြင့် ပြည့်ပြည့်စုံစုံကြီးရေးသား ထားသည်ကို တွေ့ရသည်။

ဒီပဲယင်း သေရည်သေရက် မေတ္တာစာတွင် ဆရာ တော်က သေရည်သေရက် သောက်သုံးသူတို့သည် ခြောက်ပါး သော အပြစ်တို့နှင့် ကြုံတွေ့ရကြောင်းကို ကျမ်းအကိုးအကား နှင့်တကွ ရေးသားတော်မူ၏။

ဆရာတော်က သေရည် သေရက်ကြူးသူတို့သည်-

"၁။ ဥစ္စာ စည်းစိမ် ပျက်စီးတတ်၏။
၂။ ရောဂါ အမျိုးမျိုးတို့ ကျရောက်တတ်၏။
၃။ ဂုဏ်သရေ ကင်းမဲ့၍ အများ ကဲ့ရဲ့ပြောဆိုခြင်းကို ခံရ တတ်၏။
၄။ အရှက်တကွဲလည်း ဖြစ်တတ်၏။
၅။ ခိုက်ရန် ဖြစ်ပွားတတ်၏။
၆။ ပညာသေးနုတ်ခြင်း၊ အလိမ္မာသေးနုတ်ခြင်းဖြစ် တတ်၏။"

ဟု ရေးသားပြီး ဆက်လက်၍-

"ထိုသုတ္တန်ပါဠိကို၊ အဓိပ္ပါယ် ညှိလိုက်သော်၊
သိလေမယုတ်၊ မုချမှန်စွာ
သူရာငါး၀၊ မေရယငါးထွေ၊

ထန်းရည် ချဉ်ခါး၊ နေ့ညမသွေ၊
မေ့လျော့စေ၊ ပေလှအောင် သောက်စားက၊
* ကိုယ့်စီးပွား ကိုယ့်ဥစ္စာတို့သည်၊မျက်မှောက်မှာနွမ်းညှိုး၊
တက်ဆင့်ကာ မဖွံ့ဖြိုးဘဲ၊ အကျိုးမဲ့ ကုန်ဆုံးလျက်၊
ပျက်ပြုန်းသည်တခြား၊
* တရားနှင့် မဘက်၊ စကားဆိုး ထွက်ပြီးလျှင်၊
တစ်ဖက်သား မနာလိုအောင်၊ ပြောဆိုမိ
အတန်တန်ကြောင့်၊
ခိုက်ရန်ကြီး ဖြစ်ပွား၍၊ အချင်းများတတ်သည်တစ်ခု၊
* စားသောက်မှု အရေးဝယ်၊ သတိဝေးကင်းကွာ၍၊
ပညာဖြင့် မချင့်နိုင်၊ စားချင်တိုင်း သောက်စား၍၊
နာဖျားခြင်း ဗျာဓိနှင့်၊ တိုင်းမသိ ရောဂါကို၊
ငြိုငြင်စွာ ခံစားရခြင်း တခြား၊
* မည်သူ၏ သတို့သားသည်၊ တရား၌ မကပ်၊
မျိုးဇာတ်ကို မညှာ၊ ရပ်ရွာကို မငဲ့ဟု၊
ချီးဖွဲ့သော သတင်းနှင့်၊ ကျော်ဇောခြင်းပျောက်ကွယ်၍၊
ကဲ့ရဲ့ဖွယ် ဖြစ်တတ်သည်တစ်ဖြာ၊
* သူရာ တန်ခိုးဖြင့်၊ ပုဆိုးကိုယ်ဝတ်၊
ယွင်းချွတ် ကင်းကွာ၊ အင်္ဂါ ကြီးငယ်၊
မတင့်တယ်နှင့်၊ ပွဲလယ်မှာ ရှုးသောကြောင့်၊

သူတထူး မြင်ပြန်လည်း၊ ကိုယ့်ပုံဟန် မတယ့်တယ်၊
မျက်နှာလွှဲ ဖယ်ကြ၍၊ မဖွယ်ရာ လုံးလုံး၊
ကိုယ့်ဘဝ ကိုယ်ဖြုန်းလျက်၊ သက်ဆုံးကျိုးနဲ၊
ရှက်အိုးကြီးကွဲရသည် တဌာန၊

* သောက်ဝ မူးဝေ၊ သူရာယစ်က၊
တခေတ္တ သေသောကြောင့်၊
ဉာဏ်ပေ တုံးကာ၊ မေ့ပညာနှင့်၊
ပေစာ မတတ်၊ မမှတ် သတိ၊
ဒိဋ္ဌိ မိစ္ဆာ၊ ပြိတ္တာ သမုတ်၊
လူယုတ် လူနု၊ လူ့ဗာလ ဖြစ်ရသည်တစ်ခန်း၊
ဤခြောက်ရပ် နည်းလမ်းကို၊
စည်းကမ်းသတ် ဉပဒေဖြင့်၊
မြတ်စိန္တေ ရွှေအာလုပ်မှ၊ မိန့်ထုတ်၍ ဟောတော်မူခဲ့ပေသည်”ဟု ရေးသားခဲ့၏။

ဆရာတော်က ဆက်လက်၍ အရက်ဟူသောအသံကို ကြားရရုံမျှဖြင့် နားကြောစိမ့်လာအောင် ရေးထားသည်။ ရေးသားရာတွင် အကြောင်းအရာအားဖြင့်လည်းကောင်း၊ အရေးအသားအားဖြင့်လည်းကောင်း ထိထိမိမိလည်းရှိသည်။

ဆရာတော်၏ အရေးအသားတို့သည် ကျစ်လျစ်ထိမိလှသောကြောင့် ဆရာတော်၏ မေတ္တာစာ အရေးအသားသည် အမိပ္ပါယ်ဖွင့်ဆိုရန်မလိုလောက်အောင်ပင် ရှင်းသည်။

ဒီပဲယင်း မေတ္တာစာတွင် လယ်တီ ဆရာတော်က သေရည် အရက် သောက်သုံးသူတို့သည် ယခုမျက်မှောက် ဘဝ ခံစားရတတ်ပုံများနှင့် ပတ်သက်၍-

"သောက်ကြူးသူ တစ်သင်း၊ ပုလင်းကြိုက် လူ့ဗာလ၏၊
ဖြစ်နေကျ ခလေ့မှာ၊ ရှိသရွေ့ ဥစ္စာ၊
စုပါသော်လည်း ဖတ်မတင်၊ အိုးပေါက်တွင်
ရေလောင်းသို့၊
ဆင်းရဲကြောင်း စင်းစင်း၊ မွဲပြာကျ ပြောင်သလင်းနှင့်၊
ဖွတ်မင်းကြီး ပြာထိုင်သော်၊ ဥစ္စာပိုင် ဘာမရှိ၊
မိတ်ဆွေကောင်း နတ္ထိ၊ ဖော်ကြင်ရာ အိမ်သူမိက၊
မချိအောင် ကျိန်ဆဲ၊ အိမ်ထဲတွင် ထပ်မနား၊
အရပ်ကြားအောင် ဟစ်အော်၊ လူစော်မှလည်း မနံဘိ၊
ခတ်မသိသူကြီးခေါင်းက၊ ထောင်းလိုက်သည့် မင်းမှုငွေ၊
မြီကြွေးတွေ ဗရပွ၊ လာလိုက်သည့် အချေးတောင်း၊
မပေးလျှင်ထောင်းမည်ဟု၊ ရွဲ့စောင်းလျက်ထပ်ထပ်ငြိုး၊
ငွေညှနိ့တိုး များလည်း၊ ထမ်းပိုးတွေ ဆယ်ဆပွား၊
ဝန်ဆောင်သည့်နွားလား၊ ညွှန်ပျောင်း၌ တွားသကဲ့သို့၊

ခါးချဲ့ ရင်ပွ၊ ဆင်မလှ၊ မြင်သမျှ မကောင်းကြုံ၍၊
ပေါင်းစုံသော ဝေဒနာ၊ ဖျားနာက နှိပ်စက်၊
စိတ်လက်က မသာ၊ ဆေးကုစရာလည်း ငွေမရှိ၊
ရောဂါကြီး ဖိသောခါ၊ အင်မတိ အင်မတန်
ဇောငါးချက် အပြန်တွင်၊ ကိုးကွယ်ရန် ရှာမရ၊
ငရဲကောင် နိမိတ်ပြ၍၊ အနိစ္စ အရက်အိုးမှာ၊
သေချင်းဆိုး သေရလေသတည်း”

ဟု ရေးသားထားသည်။

အထက်ပါ အရေးအသားတွင် ဆရာတော်သည် အရပ်ထဲမှ အရက်သမားတစ်ဦးကို နေ့စဉ်ကြုံတွေ့မြင်ဖူးဘိအလား ရေးသားထား၏။ အရက်သမားတို့မည်သည် ဥစ္စာပစ္စည်းစုပါသော်လည်း အဖတ်မတင်၊ ငွေကမရှိ၊ မိတ်ဆွေကောင်းကလည်းမရှိ၊ အိမ်သူ သက်ထားကလည်း ဆဲဆိုကျိန်တွယ်၊ အကြွေးများကလည်း ဗရပွတက်၊ အတိုးငွေတွေကလည်း တစ်ဆထက်တစ်ဆ တက်၊ ဖျားနာ နေမကောင်းဖြစ်ရသော်လည်း ဆေးကုစရာ ငွေကမရှိ၊ ရောဂါကြီး ဖိစီး၍ ဇောငါးတန်ပြန်လေသော် အနိစ္စအရက်အိုးမှာ သေချင်းဆိုး သေရလေသည့်အကြောင်းကို ကွက်ကွက်ကွင်းကွင်း ရေးထားလေ၏။

လယ်တီ ဆရာတော်က အရက်သမားသည် သေချင်း ဆိုးသေရပုံဖြင့်မရပ်၊ သေပြီးသည့် အခြားမဲ့၌ ဖြစ်ပွားရသည် များကိုလည်း အောက်ပါအတိုင်း ဆက်၍ ရေးသားထား ပါ၏။

"သေလျှင် သေချင်း၊ ယမမင်း ငယ်သား၊
အပါယ်ဘုံ ပုလိပ်များက၊ ခါးကြိုးနှင့် နားကြိုး၊
သံတံကျင် ထိုးပြီးလျှင်၊ ဓားမိုးကာ တလက်လက်၊
လှံတံဖြင့် ရိုက်နှက်၍၊ သေအရက် သကောင့်သားကို၊
သံပြားကြီး တဝင်းဝင်း၊ သံပူရည် အိုးတွင်းသို့၊
ဆင်းဟဲ့ဟု ပစ်ချ၊ မဆင်းဘဲနေလျှင်၊ ဧရ ကြိမ်လုံး၊
လှံမ-ချွန်းတောင်း၊ ခက်ရင်း ကောင်းဖြင့်၊
ကြောင်းမတန် မှုန်းလေသည်။
မဆုံးနိုင် အဖန်ဖန်၊ သံနှုတ်သီး တဝင်းဝင်း၊
ကျီးလင်းတ တစ်သင်းက၊ အတင်းပင် ထိုးဆွ၊
ကြောက်စရာ ခွေးဘီးလူး၊ အစွယ်ကြီး ငှက်ပျောဖူးနှင့်၊
ပြူးတူးတူး ကြောင်ကျားကျား၊ ကိုက်ခဲ၍ဝါးပြန်သော်၊
ပြေးအားလည်း ဘာမရှိ၊ သင်ခုန်းစက် မိပြန်လျှင်၊
မချိနိုင် တဖြန်းဖြန်း၊ ဦးခေါင်းမှ သွေးပန်း၍၊
တစ်စခန်း ဒုက္ခတွေ့၊ ငရဲမီး အငွေ့ကြောင့်၊
တဆွေ့ဆွေ့ တခုန်ခုန်၊ တတုန်တုန် တဟိုက်ဟိုက်၊

သံပူရည် ကျိုက်ကျိုက်မှာ၊ ဆင်းလိုက်ချည်
တက်လိုက်ချည်၊
မြင့်ကြာရှည် နှစ်ပေါင်း၊ လွန်မင်းစွာ ရှည်ညောင်း၍၊
ကံကောင်းကြောင့် လွန်ပြန်လည်း၊ ကြမ္မာကံ
ရှေးအဟုန်၊
အကျိုးပေး မကုန်၍၊ ပြိတ္တာဘုံ ဌာနဝယ်၊
သိသဉ္စ နဝယောဇနံ၊
ဗိတ္ထဉ္စ သတ္တယောဇနံ၊
ကျမ်းဂန် အရှို ပြိတ္တာရုပ် ဇာတိနှင့်၊
ဖြစ်ရချည် ဖန်တစ်ခါ၊ ကိုးယူဇနာ ဦးခေါင်း၊
တောင်စောင်းကြီး တမျှ၊ လျှာထုတ်က ခုနစ်ယူဇနာ၊
ကိုယ်ထည်မှာ နှစ်ဆယ့်ငါး၊ ယူဇနာ ကြီးမား၍၊
အမြီးဖျား အစ၊ ဦးခေါင်းသို့ ကျလေအောင်၊
အမြဲပင်မီးလောင်လျက်၊ ပြိတ္တာကောင်ပြောက်ကျားမှာ၊
သောက်စားရန် ရှာမရ၊ ဒုက္ခတွေ အနန္တနှင့်၊
ပုနပ္ပုနံ၊ အကြိမ်ကြိမ် ခံပြီးမှ၊
ကံကြမ္မာ အလျှောက်၊ ပြိတ္တာက လွတ်မြောက်လည်း။
နောက်နောက်က သေအရက်၊ အကျိုးပေးဆက်ပြန်၍၊
ရှက်စရာ အထူးထူး၊ ခွေးရူးနှင့် ဝက်ရူး၊
ဖန်ငါးရာ ရူးပြီးသော်၊ လူရူးလည်း ဖန်ငါးရာ၊

လူဖြစ်ပါလည်း အသုံးမကျ၊
လူအ၊ လူနုံ၊ လူအဂ်ါ မစုံသော ဘဝမှာ၊
အနန္တ အသေခံ၍ယျော၊ မရေနိုင်ပေါ်သည့်၊
ဘုရားဟော ဒေသနာ၊ ထင်အလင်း လာချေသည်။

အရက်သမားသည် သေချင်းဆိုး သေပြီးသည့်နောက် အပါယ်ဘုံသို့ တန်းတန်းမတ်မတ်ကြီးရောက်သော် ယမမင်း ငယ်သား အပါယ်ဘုံပုလိပ်များနှင့် တွေ့ကြရသည်။ အပါယ်ဘုံ ပုလိပ်သားတို့က သကောင့်သားအရက်မျိုးကို သံတံကျင်ထိုး၊ ခေါးမိုး၍ လှံတံဖြင့်ရိုက်၊ သံပြားကြီးတဝင်းဝင်း၊ သံပူရည် အိုးထဲသို့၊ ဆင်းဟဲ့ဟုပစ်ချ၊ မဆင်းဘဲနေလျှင် ကြိမ်နှင့်ရိုက်၊ လှံနှင့်ထိုး၊ ချွန်းတောင်းနှင့်အုပ်၊ ခက်ရင်းဖြင့်မှုန်း၊ အမလေး အဘလေးမျှပင် မအော်နိုင်၊ အကြိမ်ကြိမ်ကြုံရပြီးသည့်နောက် ကျီးလင်းတတို့က ဆိတ်လိုဆိတ်၊ ဆွဲလိုဆွဲ၊ ငှက်ပျောဖူးခန့် အစွယ်ရှိသော ကြောက်စရာ ခွေးဘီလူးကြီးတို့က ကိုက်ခဲ၍ စားကြသည်ကို ခံရပြန်သည်ဟု ရေးထားသည်မှာ ဖတ်မိသူ သေရည်သမားတို့ပင် မျိုချအံ့ ထိုအရက်ကို ထွီခနဲထွေးထုတ်၍ ဘုရားတွင် လက်အုပ်ချီကာ အလီလီကန်တော့ပြီး တကယ်ပဲ ထိုခဏ အရက်ပြတ်သည့်ဘဝသို့ပင် ရောက်နိုင်သည့် အရေး အသားဖြစ်ပါ၏။

အရက်သမားတို့ကို ဤရွှေ့ဤမျှ ဒဏ်ခတ်ရုံမျှဖြင့် မလုံလောက်သေး။ ခွေးဘီလူး၏ ကိုက်လိုကိုက်၊ ဟပ်လိုဟပ်၊ အသွားတုံးများက ပြတ်၍ပါလိုပါ ခံစားရသောအခါ ဦးခေါင်းမှသွေးများက ပန်း၍ ထွက်တော့သည်။ ဦးခေါင်းမှ သွေးစိမ်းစိမ်းပန်း၍ ထွက်နေချိန်တွင် အရက်သမား သကောင့်သားသည် ငရဲမီးအငွေ့တို့ကြောင့် တဟိုက်ဟိုက် တတုန်တုန်ခံရပြန်သည်။

ထိုမှတစ်ဆင့် ကျိုက်ကျိုက်ဆူနေသည့် သံရည်ပူတွင် ဆင်းလိုက်တက်လိုက် နှစ်ပေါင်းများစွာ အကြိမ်ကြိမ် ပြုလုပ်ရပြန်သည်။ ထိုကဲ့သို့ ငရဲတွင် အကြိမ်ကြိမ် ခံစားရပြီး လွတ်လာပြန်ပါက အရက်သောက်မိသည့် အကုသိုလ်ကံ အကျိုးပေးက မကုန်သေးသောကြောင့် ပြိတ္တာဘုံသို့ ရောက်ရပြန်၏။

ပြိတ္တာအဖြစ်တွင် အရက်သမား၏ ဦးခေါင်းသည် ကိုးယူဇနာမျှရှိသည်။ တောင်စောင်းမျှရှိသောလျှာကို ထုတ်လိုက်ပါက ခုနစ်ယူဇနာမျှ ရှည်၏။ ကိုယ်ခန္ဓာကြီးက နှစ်ဆယ့်ငါးယူဇနာမျှရှိ၏။ ထိုပြိတ္တာကောင်ကြီးမှာ တစ်ကိုယ်လုံး မီးလောင်ခံနေရပြီး ဤခန္ဓာကိုယ်ကြီး ဝလင်အောင် စားစရာကရှာမရဘဲ ဒုက္ခတွေအနန္တနှင့် အကြိမ်ကြိမ် ခံစားရပြန်၏။

ပြိတ္တာဘဝမှ လွတ်မြောက်သော် အရက်သောက်မိခဲ့သည့် အကျိုးပေးကံ မကုန်သောကြောင့် အဖန်ငါးရာ ငါးကမ္ဘာ ခွေးရူး၊ ဝက်ရူး ဖြစ်ရပြန်ပြီး မတော်တဆ လူပြန်၍ ဖြစ်ခဲ့သည့်တိုင် လူ့အဖြစ်တွင် လူအ၊ လူနုံ၊ အင်္ဂါမစုံသောလူ ဖြစ် ရပြန်ပေသည် ဟု ရေးသားတော်မူခဲ့သည်။

ဒီပဲယင်း သေရည်သေရက် မေတ္တာစာကို ၁၂၅၅ ခုနှစ်တွင် ရေးသား ဆုံးမတော်သည်ဟု အချို့ နေရာများတွင် မှတ်သားဖော်ပြထားသည်ကို တွေ့ရပေရာ ၁၂၄၉ ခုနှစ်က ဒီပဲယင်းမြို့နယ်ရှိ ဒါယကာတို့က လျှောက်ထားသည်ကို ၁၂၅၅ ခုနှစ်တွင် ရေးသားပြီးဆုံးသည်ဟု မှတ်ယူနိုင်ပါ၏။

# ၃။ မျိုးရက်ပေ့ သူ့ခံတွင်း

လယ်တီဟု ဆိုလိုက်ပါက အတူပူးတွဲ၍ ပါလာသော အရာတစ်ခုမှာ နွားသားမစားရေး တရားဖြစ်၏။ လယ်တီဆရာတော်ကြောင့် နွားသား စားရေးမစားရေးသည် မြန်မာ ဗုဒ္ဓဘာသာ လောကတွင် ဂယက်သဖွယ်ထခဲ့၏။

လယ်တီ ဆရာတော်သည် အနယ်နယ် အရပ်ရပ်သို့ လှည့်လည်၍ တရားဟောရာတွင် ပဲခူးမြို့မှတစ်ဆင့် သနပ်ပင်၊ ရစ်ကံကြီး၊ နိဗ္ဗာန်၊ သံတံခါး၊ ခရမ်း အစရှိသော ရွာများသို့ ရောက်ခဲ့၏။ ရစ်ကံကြီးရွာသည် ကျွန်တော်၏ မွေးရာဇာတိရွာ ဖြစ်သည်။ ရစ်ကံကြီးသို့ လယ်တီ ဆရာတော် ကြွရောက်

လာသောအခါ တရားဟောကြား ဆုံးမခြင်းနှင့်အတူ ကျွဲနွား အသားမစားမှုကို အလှူခံခဲ့၏။

ကျွန်တော်၏ အဘိုးအဘွားတော်သူတို့သည် လယ်တီဆရာတော်အား ကျွဲနွားအသားစားမှုကို လှူဒါန်းခဲ့ရာ ကွယ်လွန်ဆုံးပါးသည်အထိ ကျွဲနွားအသား မစားဘဲ နေခဲ့ကြ၏။ ထို့အပြင် သားသမီးတို့အားလည်း ဆက်လက်၍ ကျွဲနွားအသားမစားရေး အမွေကိုပေးခဲ့ကြသည်။ ကျွန်တော်၏ မိဘများသည်လည်း ယနေ့ထက်တိုင် ကျွဲနွား အသားမစားကြပေ။ မြန်မာနိုင်ငံတွင် မြောက်မြားစွာသော ဗုဒ္ဓဘာသာဝင်တို့သည် လယ်တီ ဆရာတော်၏ ကျွဲနွားအသား မစားရေးတရားကြောင့် ယနေ့ထက်တိုင် ကျွဲနွားအသား မစားဘဲနေကြ၏။

လယ်တီဆရာတော်၏ ကျွဲနွားအသား မစားရေး လှုပ်ရှားမှုတွင် (၁) ယင်းတရားဟောရခြင်းရည်ရွယ်ချက်နှင့် (၂) နွားမေတ္တာစာ အရေးအသားတို့မှာ ထူးခြားမှုများ ရှိပေသည်။

၁၂၄၇ (၁၈၈၅) ခုနှစ်တွင် သီပေါမင်းအား အင်္ဂလိပ်တို့ဖမ်းဆီးကာ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရ၏။ ထိုအခါ လယ်တီဆရာတော်က အနောက်နိုင်ငံသားများသည် အသားစားမှု အားကြီးလှသည်။ အင်္ဂလိပ်လူမျိုးတို့၏ အုပ်ချုပ်မှုအောက်တွင် မြန်မာနိုင်ငံ၌ ကျွဲနွား သေကြေပျက်စီးမှုများမည်။ ထို့ကြောင့် ကိုယ်တိုင်လည်း နွားသား

မစားဘဲ တပည့် သံဃာတော်များနှင့် တကွ တစ်နိုင်ငံလုံး ကပါ နွားသား မစားကြရန် ဟောကြားတော်မူ၏။

နွားသား မစားရေး ဆောင်ရွက်ရာတွင် လယ်တီဆရာ တော်၌ ဘာသာရေးအမြင်အပြင် နိုင်ငံရေးနှင့် လူမှုရေးအမြင် များလည်းရှိသည်။ ယင်းအယူအဆကို "လယ်တီဆရာတော် နှင့် အမျိုးသားရေး အခန်းတွင် အကျယ်တဝင့် ဆွေးနွေး ထားပါ၏။

လယ်တီ ဆရာတော်သည် နွားသား မစားရေး တရား ဟောတော်မူသောအခါ ဗုဒ္ဓဘာသာဝင် အများစုကြီးက ရာသက်ပန်လိုက်နာမှု ရှိကြသော်လည်း နွားသား မစားရေး တရားကို ဆန့်ကျင်သူများလည်း ရှိ၏။

ဗုဒ္ဓဘာသာဝင် အချို့နှင့် သံဃာတော် ဆရာတော် အချို့ကပင် လယ်တီရာတော်၏ အလိုကို ဆန့်ကျင်ကာ နွားသား စားရေး တရားဟောကြားခဲ့၏။ ပုသိမ် ဦးပဒုမ၊ မြင်းခြံမြို့ ဆရာတော်ဦးဝိမလ အစရှိသော ဆရာတော်ကြီး များသည် အမဲသားမစားရေးကိစ္စကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ခဲ့ကြ၏။

ဆရာတော်ကြီး၏ အမဲသား မစားရေး ဟောပြောချက် နှင့် ပတ်သတ်၍ အချို့ကလည်း-

"နွားသားပျောက်လို့၊ ဝက်သားပေါ်၊
လယ်တီ ဆရာတော် ဟောတဲ့တရား"
ဟု ခနိုးခနဲ့ ရေးသား ပြောဆို သည်များလည်းရှိ၏။

နွားသား စားရေးမစားရေးသည် အဓိကရုဏ်းသဖွယ် ပေါ်ပေါက်ခဲ့သည်။ လယ်တီဆရာတော်က နွားသား မစားရေးကို တွင်တွင်ဟောကြားနေစဉ် မန္တလေးမြို့ မလွန်ဈေးထုံးတန်းရပ်နေ လူပြန်တော်ဦးကျော်ထွန်းက အမဲသား စားသင့်သောဘက်မှနေ၍ အတိုက်အခံပြု ဟောကြားခဲ့၏။ ထို့အပြင် ပုသိမ်မြို့မှ ဆရာတော် ဦးပဒုမကို ပင့်၍လည်း အမဲသား စားသင့်ကြောင်း မန္တလေးတွင် ဟောပြောခဲ့သည်။ သို့သော်လည်း အောင်မြင်မှုနည်းခဲ့သည်။

အမဲသားစားရေး မစားရေး အဓိကရုဏ်းတွင် လယ်တီဆရာတော်ကြီးဘက်မှ လေးချိုးများ၊ သံချိုများ စပ်ဆိုသော ထောက်ခံမှုများရှိခဲ့၏။ ထိုအထဲတွင် မောင်းထောင်ကြီးရွာဇာတိ သံချိုဆရာကြီး ဦးကျော်လှက-

"ဂေါတမာသခင်၊ စောဘဂဝါ အရှင်လောက်မှတ်ကြ၊ သောဠသာ ပြည်ခွင်ကျော်တဲ့၊ ဆရာတော် လယ်တီဖုန်း" ဟု ရေးသားခဲ့သည်။

ဘုတလင်မြို့နယ် မောင်းထောင်ကြီးရွာ သံချိုဆရာကြီးဦးကျော်လှက အထက်ပါအတိုင်း လယ်တီ ဆရာတော်

အား "ဂေါတမာသခင်၊ စောဘဂဝါ အရှင်လောက်မှတ်ကြ" ဟုပင် ရှင်းရှင်းကြီး ရေးသားခဲ့၏။

လယ်တီဆရာတော်ဘုရား၏ နွားသားမစားရေး လှုံ့ဆော်မှုသည် ထိုအခါက အောင်မြင်သည်။ လယ်တီဆရာတော်ကြီးသည် ပြည်တွင်းခရီး လှည့်လည်၍ တရားဟောရာတွင် ရာပေါင်းများစွာသော တရားနားပရိသတ်တို့သည် ဆရာတော်၏ ရှေ့မှောက်တွင် အမဲသားမစားပါဟု ရာသက်ပန် လျှူဒါန်းခဲ့ကြသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၇၅ ခု အတွင်းက ရေနံချောင်းမြို့သို့ ကြွရောက်၍ တရားဓမ္မဟောကြားရာတွင် မြို့သူမြို့သား ၅၅၀၀ သည် ကျွဲနွားအသား မစားသောက်ဟု ဆိုကာ ဆရာတော်အား လျှူဒါန်းခဲ့ကြ၏။ ထိုအခါက ယစ်မျိုးငါးပါးကို မသောက်မစားဟု လျှူဒါန်းသူ ၁၉၀၀ ကျော်ရှိခဲ့၍ ကြက် ဝက် မစားပါဟု လျှူဒါန်းသူဦးရေ ၁၅၀၀ ရှိခဲ့သည်။ ခြေလေးချောင်းသတ္တဝါနှင့် ကုန်းသတ္တဝါ များ မစားပါဟု လျှူဒါန်းသူ ၂၀၀ ရှိခဲ့၏။ ဇလွန်မြို့နယ် အတွင်းထောင့်ကြီးရွာ၌ လယ်တီဆရာတော်ဘုရားကြီး တရားဓမ္မဟောကြားရာတွင် အရပ်သူအရပ်သား မြို့သူမြို့သား ၅၀၀၀ ကျော်တို့သည် ကျွဲနွားအသားမစားပါဟု လျှူဒါန်းခဲ့၍ အရက်မသောက်ပါဟု လျှူဒါန်းသူ ၁၂၀၀ ကျော်၊

ဘယ်သောအခါမှ လောင်းကစားမှု မပြုပါဟု လှူဒါန်းသူ ၁၀၀၀ ကျော် ရှိခဲ့၏။

ဇလွန်မြို့သို့ရောက်ရှိရာတွင်လည်း ကွဲနွားအသား မစားပါဟု လှူဒါန်းသူ ၂၄၀၀ ကျော်ရှိခဲ့၍ ကြက် ဘဲအသား လှူဒါန်းသူများ၊ ကုန်းသတ္တဝါမစားပါဟု လှူဒါန်းသူများ၊ အရက်မသောက်ပါဟု လှူဒါန်းသူများ၊ ငှက်ပစ်မှုကို ရှောင်ရှား သူများ အများအပြားလည်း ရှိခဲ့သည်။

တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဆိုပါက လယ်တီဆရာ တော်ထံတွင် ကွဲ နွားအသားမစားပါဟု လှူဒါန်းသူ သိန်း ဂဏန်းများအထိ ရှိနိုင်ပေ၏။

ပုသိမ်မြို့သို့ လယ်တီဆရာတော် ကြွရောက်စဉ် ပုသိမ်မှ ဒါယကာအချို့က လယ်တီဆရာတော်ထံတွင် "အရှင်ဘုရားက နွားသားမစားရေး ဟောကြားတော်မူသည်မှာ အခြား ဝက် ဆိတ်၊ ကြက်၊ ငှက် အသားများကိုတော့ စားစေလိုသော သဘော၊ နွားကိုသာ ကယ်တင်၍ ကြက်၊ ဝက်၊ ဆိတ်၊ ငှက်ကို မေတ္တာမညီမျှသည့် သဘောသက်ရောက်သည်၊ ဟုတ်မဟုတ် ရှင်းပြရန်" လျှောက်ထားကြ၏။ ထိုအခါ လယ်တီဆရာတော်သည် ယခုလေသံမှာ နွားသားမစား ရေးကို ဆန့်ကျင်နေသော ပုသိမ်ဆရာတော်ဦးပဒုမ၏ လေသံ ပဲဟု သိရှိတော်မူပြီး "အေး ဆရာတော်ကတော့ ရှာရိုး

မြို့ရိုး လှည့်လှည် တရားဟောရာတွင် နွားတစ်မျိုးလောက်ကိုပဲ ကယ်တင်နိုင်ခဲ့သည်။ ကျန်သည့် ဝက်၊ ဆိတ်၊ ကြက်၊ ငှက်တို့အတွက် ဒါယကာတို့ရဲ့ ဆရာတော်တွေ အရှိသားပဲ။ သူတို့ကိုလဲ တရားဟောထွက်စေဦးမှပေါ့”ဟု မိန့်ကြားတော်မူခဲ့သည်ဟု သိရ၏။

ထိုကဲ့သို့ နွားသား မစားရေး ဂယက်များ၊ ဆန့်ကျင်မှုများအထဲတွင် လယ်တီဆရာတော်၏ နွားမေတ္တာစာကလည်း အလွန်မှ ကောင်းလှသည်။

နွားမေတ္တာစာကို ဆရာတော်ဘုရားသည် အင်္ဂလိပ်တို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ဆဲ ကာလတွင် ရေးသားခဲ့သည်။

စက်လေးစုံလွင်သာ. . . အစချီ နွားမေတ္တာစာကို အကြိမ်ကြိမ် ရိုက်နှိပ်ဖြန့်ဝေခဲ့ကြ၏။ မြန်မာတစ်နိုင်ငံလုံးတွင် ဓမ္မဒါနအဖြစ် ကမ်းလှမ်းဖြန့်ဖြူးခဲ့ကြ၏။ အချို့သော ပုဂ္ဂိုလ်များကလည်း လယ်တီဆရာတော်၏ နွားမေတ္တာစာကို အာဂုံကျက်မှတ်ကာ တစ်ဆင့်ရွတ်ဆိုပြောပြ၍ နွားသား မစားရေးကို ဆရာတော်ဘက်မှ ဝိုင်းဝန်းတိုက်တွန်းပြောကြားခဲ့ကြသည်။

ဆရာတော်က နွားမေတ္တာစာ အစတွင်-

"ခေတ်ကာလယခု၊ ဖြစ်လာရအမှုမှာ၊
ဘယ်သူ့ကိုကိုးစား၊ ဘယ်သူ့ကိုငြိုးထားမည်၊
ယိုးမှားလို့မသင့်။ စဉ်းစားဖို့အခွင့်မှာ၊
ချိန်သင့်ခါမှုန်းမည်ဟု၊ တစ်တိုင်းလုံးကြမ္မာ၊
ဝိပါက်ရင်းပါသောကြောင့်၊
သာကီနွယ် သိန်းခြောက်သောင်း၊
ဆွေတော်များအပေါင်းတို့၊ သူမကောင်းမိစ္ဆာဉာဏ်၊
ဟာန ဘေးရန်ကြောင့်၊ ကျွမ်းပြန်အောင် ပျက်ပြားရာ၊
မြတ်စွာဘုရားဘုန်းလှိုင်လည်း၊ ကိုယ်တော်တိုင် မားမား၊
သုံးကြိမ်တိုင် ကြွသွား၍၊ တားသော်လည်းမရ၊
မှသော်လည်းမတတ်သာ၊ နတ်သိကြားပြဟ္မာတို့၊
နေအားသည့်တွက်တာဟု၊ ဆိုစရာမရှိပြီ"

ဟု ရေးသားထား၏။

ဤအရေးအသားတွင် ဆရာတော်သည် ခေတ်ကာလယခုဖြစ်လာရအမှုမှာဆိုသည်ကား အင်္ဂလိပ်လူမျိုးတို့ မြန်မာတစ်နိုင်ငံလုံးအား ယခုကဲ့သို့ သိမ်းကျုံးတိုက်ခိုက် စိုးမိုးခဲ့သည့်အရေးတွင် ဘယ်သူ့ကိုကိုးစား ဘယ်သူ့ကိုငြိုးထားမည်ဟူ၍ ယိုးမှားရန်မသင့်၊ ပျက်စီးဖို့ရန်ကြုံ၍ တစ်တိုင်းတစ်ပြည်လုံး၏ ကြမ္မာကြောင့်သာမှတ်ကြပါလော့၊ ပျက်စီးရန်ကြုံလာပါက သာကီနွယ် သိန်းခြောက်သောင်းသော ဆွေတော်

များအပေါ်တွင်ပင် မြတ်စွာဘုရားသည် ကာကွယ် တားဆီး ပေးခြင်းငှာ မဖြစ်နိုင်ခဲ့။ ထို့ကြောင့်လည်း နတ်သိကြားတို့ နေအားသည်ဟုလည်း ဆိုမနေဘဲ မိမိတို့ လွတ်နည်းကို ရှာကြရမည်။ အကျင့်သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြ ရမည်။ အရက်သေစာ မသောက်စားဘဲ သူတစ်ပါး၏ အသက် သတ်ဖြတ်ခြင်းကို ရှောင်ရှားကြရမည်ဟု ဆိုလိုရင်း ဖြစ်သည်။

ဆရာတော်က နွားမေတ္တာစာတွင် ကျေးဇူးဘက် ကျေးဇူး ရှင်များကိုမပြစ်မှားအပ်၊ ကျေးဇူးဘက်တို့ကို ပြစ်မှားပါက-

“စီးပွားသစ်မတိုး၊ စီးပွားဟောင်း ညှိုးသည့်ပြင်၊
ဘေးမျိုးစုံသောကနှင့် မောရမည်တကယ်”

ဟု ရေးသားထား၏။

မြန်မာနိုင်ငံသည် လယ်ယာနိုင်ငံ ဖြစ်သည်။ ကျွဲ နွား သည် မြန်မာလူမျိုးများနှင့် ကျေးဇူးပြု စီးပွားဘက် ဖြစ် သည်။ မြန်မာလူတို့ ဘိုးဘေးဘီဘင်အစဉ်မှစ၍ ကျွဲနွား ကိုမှီ၍သာ အသက်မွေးမှုပြုခဲ့ကြောင်းကို-

“မြန်မာတို့ဒေသသည်၊ ဇင်လပြီပြီ နွားကျွဲကို
အားမှီလျက်၊ ဘိုးဘေးဘီအစဉ် သက်မွေးမှု တွင်သည်ကို၊
မျက်မြင်ပင် ဖြစ်ပါသည်။

ဟု ရေးသားထား၏။

ထို့ကြောင့် ကျေးဇူးပြု စီးပွားဘက်မိတ်ရင်းစစ်လှသော ကျွဲနွားအသားတို့ကို မစားအပ်၊ ကျေးဇူးရှင် ကျွဲနွားများကို မသတ်အပ်၊ သတ်မိပါက အောက်အဝီစိ ရောက်မည့် အကြောင်းကို-

"သို့သနစ်ကြောင်းရင်း၊ သိကြလျက်အခင်းပါကို၊
သနားခြင်းကွာဝေးသည့်၊ ငရဲခွေးအစာ၊
လူဒုဿီပြိတ္တာတို့၊ မာန်မိစ္ဆာယှဉ်ပူး၍၊
ကျေးဇူးပြုစီးပွားဘက်၊ မြန်မာနွယ်အဆက်၊
ကမ္ဘာကဖက်ခဲ့၍၊ အသက်၏ သဏ္ဍာန်၊
မိတ်ရင်းစစ်မှန်လှသော၊ တိရစ္ဆာန် ကျွဲနွားကို၊
သားမယားမွေးမှုနှင့်၊ ကရုဏာမကပ်ဘဲ၊
သတ်ဖြတ်၍ရောင်းသူမှာ၊ လမ်းနှစ်ကြောင်းမရှိ၊
အဝီစိအောက်ရွာမှာ၊ ကြမ္မာကိုရက်တွက်၍၊
ထောင်တစ်သက်သွားတော့မည်"

ဟူ၍ ရေးသားခဲ့ပြီး ဆရာတော်က ဆက်လက်၍ နွားကို ကိုယ်တိုင်သတ်သူတို့သည် အဝီစိအောက်ရောက်မည်မှာ မလွဲ၊ ဤကိစ္စကို ရှင်းပြစရာမလို၊ ယခုပြောလိုသည်မှာ ဝယ်စားကြ သူများအား ပြောလိုရင်းဖြစ်ကြောင်းကို-

"တရားကိုယ်ထင်လင်းမို့၊ စဉ်းငုတ်ခွင့်မလိုပြီ၊
ဝယ်ကြသူတစ်ခိုကိုသာ၊ တရားကိုယ်ထင်လင်းအောင်၊
သတင်းစာကမ်းလိုက်ပါသည်"

ဟူ၍ ရေးသားထား၏။

ဆရာတော်က ဝယ်ယူသူရှိ၍ ရောင်းသူရှိရသည်။ ရောင်းသူနှင့် ဝယ်သူ ဝယ်သူကမူလ၊ ရောင်းသူကဘူတ ဖြစ်ပေသည်ဟု ရေးသားခဲ့၏။ ဤနေရာတွင် ဆရာတော်၏ အရေးအသားမှာ ရပ်ကွက်ထဲ၌ အမဲသားသည်လာ၍ လာပါဦး လာပါဦးဟု ခေါ်ဝယ်နေကြဟန်ကို ဆရာတော်ကိုယ်တိုင် အရပ်ထဲတွင် ကိုယ်တိုင်ခေါ်ငင် ဝယ်ဖူးဘိသလား ပေါ်လွင်အောင် ရေးသားထားသည်ကို တွေ့ရ၏။

"ယုတ္တိနှင့်စဉ်းစားလျှင်၊ ရောင်းသမား ဝယ်သမား၊
နှစ်ဦးသဘောတူ၊ ဝယ်သူကမူလ၊
ရောင်းသူက ဘူတ၊ ဝယ်သူလာမှ ရောင်းသူရှင်၊
ရောင်းသူရှင်မှ တွင်တွင်သတ်၊
နဘောထပ်လွန်းပေါ်တင်သည့်အတိုင်း မြင်ကြလျက်
ဇွတ်ငင်သည့် တဏှာကြောင့်၊
ဟင်းလျာသည် ဆိုလျှင်ပင်၊
ခိုပြုသည့်အတိုင်း၊ ဝိုင်းကြသည်ကျွတ်ကျွတ်ဆူ၊
သူမရ၊ ငါမရ၊ ငွေစကိုတပြင်ပြင်၊

ချိန်ခွင်ကို တခါခါ၊ နက်ဖြန်လည်းလာပါနော်၊
သန်ဘက်လည်းမျှော်ပါမည်၊ ခေါ်လိုက်သူတချို့၊
လက်တို့၍ မှာသူမှာ၊ ဟင်းလျာသည် လာခဲ့ဟု၊
စိတ်ထဲက တ, သူတ၊ သို့ဖြစ်၍နေကြလျက်၊
ပါးစပ်ကပရိယာယ်၊ ရောင်းလာလို့ဝယ်ပါသည်၊
ဘယ်အပြစ်မရှိပေါင်ဟု၊ ယောင်လို့များမဟာနှင့်၊
ဝမ်းထဲကသဘောကို၊ မပြောဘဲကုန်စင်အောင်၊
မြင်ရင်းစွဲဖြစ်ကြမည်”

နွားမေတ္တာစာတွင် ဆရာတော်က နွားသားစားသူ၏ အားပေးမှုကြောင့် နွားသတ်မှုများဖြစ်ရသည်။ ဝယ်ယူသူ ငွေစများပေးလိုက်သောကြောင့် နွားသတ်သူကလည်း နွားကို မရအရရှာသည်။ တောင်သူလယ်သမားတို့ လယ်ယာလုပ်ငန်းမှ နွားများကိုပင် နွားမျိုးပြတ်မတတ် ခိုးယူကြသည်။ နွားမရှိ၍ ယာမလုပ်နိုင်သော တောင်သူတို့မှာ အငတ်မခံနိုင်သောကြောင့် ဓားပြအဖွဲ့ ပင်ဝင် ဓားပြလုပ်ကြသည်အထိဖြစ်ရလေရာ နွားသားစားမှုသည် တောင်သူလယ်သမားတို့အား ဓားပြအဖြစ် တွန်းပို့သည်နှင့်အတူပင်ဖြစ်ကြောင်း ရေးသားထားသည်။

“ပစ္စည်းရှင်ဝယ်သူတို့၊ ကူပံ့သည့်အလား၊
ပေးလိုက်သည့် ဒင်္ဂါးလည်း၊ နွားရှာ၍သွင်းသူနှင့်၊

စီးပွားတူလုပ်ဘက်၊ ငွေမြင်သည့်အတွက်ကြောင့်၊
သွက်သွက်လည်အတွင်ခိုး၊ လှည်းတောင်သူတရိုးမှာ၊
နွားမျိုးများပြတ်မတတ်၊ သားမယားအငတ်တွင်၊
မတ်တတ်မှိုင်ကြံမရ၍၊ ခါးပြသို့ဝင်သူဝင်၊
သို့ဖြစ်အင် မူလမှာ၊ ဝယ်သူကအခြေရင်း၊
ဟုတ် မဟုတ် မငြင်းနှင့်၊ ထင်းလင်းဒိဋ္ဌ၊
မျက်မြင်ပင် ဖြစ်ကြသည်။"

နွားမေတ္တာစာတွင် ဆရာတော်၏ အကောင်းဆုံး အရေးအသားများကို တွေ့ရ၏။ ဆရာတော်သည် နွားသားစားမှုကို ရှောင်ရန် တရားဟောသည်တွင် ဆန့်ကျင်သူတွေက ပေါ်ပေရာ စားသင့်မစားသင့် မင်းကိုယ်တိုင် နွားဖြစ်လျှင် မည်ကဲ့သို့ ဖြစ်လိမ့်မလဲဟု မေးလိုက်သည့်အခါ အောက်ပါအတိုင်း ရေးသားထားပေ၏-

"လူတို့လို တီတာတာ၊ မပြောတတ်ရှာလို့၊
ငုတ်တုတ်သာမပြန်လှန်၊ ပြုသမျှခံရသည်၊
ဌာန်ကရိုဏ်းပြတ်သား၊ နှုတ်လျှာများတတ်အားလျှင်၊
နွားတို့ကဆိုရန်၊ ခွင့်ရှိသည်အမှန်မှာ၊
မြန်မာနှင့်ကုလား၊ နှစ်ပြည်ထောင်တိုင်းသားတို့
ဖြစ်ပွားသည့်တွက်တာသည်၊ ငါတို့မှာ သေတ္တာ၊
အကုန်လုံးစုချေသည်၊ သူတို့ဘေး သူတို့ဘိုး၊

သူတို့နွယ်တရိုး၊ တစ်မျိုးလုံး တစ်ဆွေလုံး၊
သူတို့တိုင်မဆုံး၊ တို့တစ်တွေပခုံးမှာ၊
မီးဟုန်းဟုန်းထမတတ်၊ တို့လုံ့လ တို့စွမ်းအန်၊
တို့အပင်ပန်းခံနိုင်လို့၊ ဆန်စပါးပြောင်းနှမ်း၊
ဘုံး ခရမ်း ပဲအမျိုး၊ မြေပြင်လုံး မောက်ဖြိုးအောင်၊
တိုးတက်သည့်ဘဏ္ဍာနှင့်၊ လိုရာတိုင်းပြည့်စုံ၊
ကုံလုံကြွအသီးသီး၊ ကျောင်းကြီးဆောက်ဘုရားတည်၊
တစ်တိုင်းလုံးကြွယ်သည်မှာ၊ ဘယ်သူအရင်းဟု၊
စဉ်းစားဖွယ်မရှိ၊ ထင်အလင်းသိပါလျက်၊
သတိပင်မပေါ်၊ ကျေးဇူးကိုမမြော်၊
စိတ်အချော်တိမ်းပါး၊ မိတ်မတော်စိမ်းကားလျက်၊
တို့အသား တို့အသည်း၊ တို့အဆီရွှဲရွှဲကို၊
ထမင်းပွဲအလယ်၊ အနင့်သားတယ်ပြီးလျှင်၊
ရယ်ကာပြုံးကာ၊ အရသာခံစား၍၊
လင်မယားတစ်တွေ၊ မြူးကြသည့်အနေ၊
မြိန်နိုင်ပေ့သူတို့ကိုယ်၊
မျိုရက်ပေ့သူ့ခံတွင်း၊ တို့လုပ်သည့်ထမင်းကို၊
တို့ဟင်းလျာအသားနှင့်၊ စားကြသည့်ဖြစ်နဲကို၊
တို့အသည်းနာလိုက်ကဲ့”

ဆက်လက်၍ ဆရာတော်က ယခုကဲ့သို့ စီးပွား ဘက်ကို သတ်စားနေပါက နွားများက လူတို့၏လက်ထဲတွင် နေရသည်ထက် တောကျွားတွေပါးစပ်တွင် ခေါင်းဖြတ်၍ သေရခြင်းက အလွန်အမင်းမြတ်သေးသည်ဟု ထင်မြင်ကြမည့် အကြောင်းကို-

"သည်လောက်တောင် ရိုင်းပြောသည့်၊
လူသားတို့ လက်ထဲတွင်၊
ဖွဲ့ပြောင်းရိုးမြက်ရေ၊ သုံးစား၍နေသည်ထက်၊
တောကျွားတွေပါးစပ်မှာ၊
ခေါင်းပြတ်၍ သေရခြင်းသည်၊
အလွန်အမင်းမြတ်သေး၏"

ဟု ရေးသားခဲ့၏။

နွားများအချင်းချင်း ပြောကြသည့်ဟန်ဖြင့် ရေးသား ထားသော ဆရာတော်၏အဖွဲ့သည် တစ်ခါတည်း အမဲသား ပြတ်သွားနိုင်လောက်သည့် အဖွဲ့မျိုးဖြစ်၏။

လူ့ဘိုးလူ့ဘေး ဟိုအစဉ်အဆက်မှစ၍ ယနေ့လူတွေတိုင် မိမိတို့ပခုံးတွင် မီးဟုန်းဟုန်းထမတတ် အပင်ပန်းခံ၍ လုပ်ကိုင်ပေးခဲ့သည်။ ထိုကဲ့သို့ လုပ်ကိုင်ပေးသည့်အတွက် သီးနှံစပါးပေါ်များပြီး ဥစ္စာပစ္စည်း တိုးတက်ကာ ကျောင်း ဆောက်၍ ဘုရားတည်၊ လူတို့တတွေ ကြွယ်ဝကြသည်မှာ

အရင်းစစ်တော့ မည်သူ့အတွက်ဆိုသည်ကို အလွယ်နှင့် ထင်လင်းစွာ သိနိုင်ပါ၏။

သို့သော်လည်း လူတို့သည် ကျေးဇူးကိုလည်း မမြော်၊ စိတ်အချော်တိမ်းပါးပြီး မိတ်မတော်စိမ်းကား၍ မိမိတို့အသား အသည်း အဆီရွဲရွဲများကို ထမင်းပွဲအလယ်၌ တည်ပြီးလျှင် လင်မယားတစ်တွေ ရယ်လိုက်မောလိုက်နှင့် စားနေကြသည်မှာ မြိန်နိုင်ရက်ပါသည်။ မျိုနိုင်ရက်ပါသည်။ မိမိတို့လုပ်သည့် ထမင်းကို မိမိတို့အသားနှင့် စားကြသည့် အဖြစ်ကတော့ အသည်းနာ၍မဆုံးနိုင်ကြောင်း ဆရာတော်၏အရေးအသားမှာ ရေးဟန်ရော၊ အကျိုးအကြောင်း ဆက်စပ်တင်ပြပုံရော ပိုင်နိုင် ထိမိလှသောကြောင့် ပါးစပ်ထဲမှအမဲသားတုံးပင် ပြုတ်ကျနိုင်လောက်သည့် အရေးအသားဖြစ်ပေ၏။

## ၄။ မိုက်အာလင်းနိုင်လို

မြန်မာ့သမိုင်းကို စိတ်ဝင်စားသူတိုင်း ကင်းဝန်မင်းကြီးကို အကျယ်တဝင့်သိကြသည်။ ကင်းဝန်မင်းကြီးသည် မြန်မာ့သမိုင်းဝယ် အရေးပါသူတစ်ဦးဖြစ်၏။ အထူးသဖြင့် နှစ်ပေါင်း ၁၀၀၀ ခန့်ရှည်လျားသော မြန်မာ့ သမိုင်းဝယ် နောက်ဆုံးမင်းဆက် ပြုတ်ခါနီးအချိန်တွင် ကင်းဝန်မင်းကြီးသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ ပြည်ထဲရေးတာဝန်နှင့် သံတမန်ရေးရာတာဝန်များကို ယူခဲ့ရသောကြောင့်လည်း ပို၍ထင်ရှား၏။

မင်းတုန်းမင်းနှင့် သီပေါမင်းဆက်နှစ်ဆက်တွင် ကင်းဝန်မင်းကြီးသည် လူစိတ်ဝင်စားမှု အခံရဆုံးသော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်၏။

ကင်းဝန်မင်းကြီးသည် ယခု ပုလဲမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့ပါဝင်သော ဗန့်ကျီတိုက်နယ် မင်းတိုင်ပင်ရွာဇာတိသားဖြစ်၏။ မင်းတိုင်ပင်ရွာသည် တကယ်ပင် မင်းအတိုင်ပင်ခံရသော မင်းတိုင်ပင်အမတ်ကြီး မွေးထုတ်ပေးခဲ့ပေ၏။

ကင်းဝန်မင်းကြီး၏ ငယ်မည်မှာ မောင်ချင်း ဖြစ်၍နောက်မှ ဦးကောင်းဟု အမည်ပြောင်းခဲ့သည်။ ကင်းဝန်မင်းကြီးသည် မင်းတုန်းမင်း အိမ်ရှေ့မင်းသားဘဝကပင် မင်းတုန်းမင်းထံတွင် အိမ်တော်ဘဏ္ဍာစာရေးဖြစ်ခဲ့၏။

မင်းတုန်းမင်း ဘုရင်ဖြစ်လာသောအခါ ကင်းဝန်မင်းကြီးသည် စစ်ကိုင်းတိုင်းအတွင်းရှိ ယခု တိုင်းရင်းသား ဖွံ့ဖြိုးရေးသိပ္ပံဖွင့်ထားသော ရွာသစ်ကြီးရွာကို စားရပြီး ရွှေတိုက်စိုးအဖြစ်အမှုထမ်းရသည်။ ထိုမှ ကင်းဝန်မင်းကြီးသည် အမှုတော်ကို ကျေပွန်စွာထမ်းရွက်သူဖြစ်၍ အလုံမြို့ဝန် အဖြစ်ပြောင်းရွှေ့ခန့်အပ်ခြင်းခံရ၏။ ကင်းဝန်မင်းကြီးသည် ငယ်စဉ်ကပင် စာပေဝါသနာထုံခဲ့၏။

နေပြည်တော်မှ မြင်ကွန်းနှင့် မြင်းခုံတိုင်အရေး ပေါ်ပေါက်လာပြီး ကနောင်မင်းသား ကျဆုံးသောအခါ မင်းတုန်းမင်းကြီးသည် ကင်းဝန်းမင်းကြီးကို မိမိအနီးတွင် ခေါ်၍ထား၏။ ထိုအခါက မင်းကြီးမဟာစည်သူဘွဲ့ဖြင့် ဝန်ထောက်

တော်ရာထူးကိုရရှိ၏။ ထိုမှတစ်ဆင့် ကြည်းကင်း၊ ရေကင်း တို့ကို အုပ်ချုပ်ရန် ဝန်ထောက် ကင်းဝန်ရာထူးကိုရရှိခဲ့၏။ ထိုအချိန်မှစ၍ ကင်းဝန်မင်းကြီးဦးကောင်းဟု ကျော်ကြား ခဲ့၏။

ကင်းဝန်ရာထူးသည် နိုင်ငံ၏ ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်တို့ကို ယူရသောကြောင့် အရေးကြီးသော ရာထူးကြီးတစ်ခုဖြစ်၏။ ကင်းဝန်မင်းကြီးသည် ထိုတာဝန် ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့၏။

မင်းတုန်းမင်းတရားကြီး လက်ထက်၌ ကင်းဝန်မင်း ကြီးသည် အင်္ဂလန်၊ ပြင်သစ်၊ အီတလီ အစရှိသော နိုင်ငံ များသို့ သံအဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့သည်။ ထို့ကြောင့် ကင်းဝန်မင်းကြီးသည် အနောက်နိုင်ငံများသို့ ပထမဆုံး အစောဆုံးသွားရောက်ခဲ့သည့် မြန်မာ့သံအမတ်ကြီး တစ်ဦးဖြစ်သည်။

ထို့ကြောင့် မင်းတုန်းနှင့်သီပေါတို့လက်ထက် မြန်မာ ပြင်သစ် ဆက်ဆံရေး၊ မြန်မာ အင်္ဂလိပ်ဆက်ဆံရေးတို့တွင် ကင်းဝန်မင်းကြီးသည် အလွန်အရေးပါသော ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်၏။ ထို့နောက် ကင်းဝန်မင်းကြီးသည် သေနတ် ဝန်ရာထူးကိုရရှိခဲ့သည်။ သေနတ်ဝန်ရာထူးသည် ကြည်းတပ် ကို တိုက်ရိုက်အုပ်ချုပ်ရ၍ ဩဇာကြီးလှ၏။

ကင်းဝန်မင်းကြီးသည် အနောက်နိုင်ငံများသို့ရောက်ရှိသွားသောအခါ မိမိနိုင်ငံ၏ ပကတိအခြေအနေကို သိလာခဲ့၏။ စက်မှုဘက်တွင်ရော၊ အတွေးအခေါ် ဘက်တွင်ပါ တိုးတက်နေသည့် အနောက်နိုင်ငံများကို တွေ့မြင်လာရသော ကင်းဝန်မင်းကြီးသည် မိမိနိုင်ငံအားလည်း ထိုနိုင်ငံများနည်းတူ တိုးတက်စေရန် အစွမ်းကုန်ကြိုးစားမည်ဟု ကင်းဝန်မင်းကြီး၏ စိတ်ထဲတွင် စွဲမှတ်လာ၏။

ထို့ကြောင့်လည်း ကင်းဝန်မင်းကြီးသည် အုပ်ချုပ်ရေးတွင်ရော၊ စက်မှုဘက်တွင်ပါ အပြောင်းအလဲများ ဖြစ်ရေးအတွက် ကြိုးစားခဲ့၏။ ပဒေသရာဇ်တို့ လက်တွင်းဝယ် ပညာရှိကြီးများသည် ထင်တိုင်းပေါက်အောင် မဆောင်ရွက်နိုင်ခဲ့။ သို့သော်လည်း ကင်းဝန်မင်းကြီးသည် မင်းတုန်းမင်းလက်ထက်တွင် အတော်အတန်ကြီးဆောင်ရွက်နိုင်ခဲ့၏။

သို့သော် ကင်းဝန်မင်းကြီးသည် စုဖုရား ကြိုးကိုင်ဆွဲရာကခဲ့ရသော သီပေါလက်ထက်တွင် မိမိလုပ်ဆောင်လိုတိုင်းလုပ်ဆောင်ခွင့် မရခဲ့ရှာပေ။ ထိုမျှသာမက သီပေါလက်ထက်တွင် ကင်းဝန်မင်းကြီးထံမှ သေနတ်ဝန်ရာထူးသည်ပင် ရုပ်သိမ်းခြင်းခံခဲ့ရ၏။

သို့သော်လည်း ကင်းဝန်မင်းကြီးသည် တိုင်းပြည်၌ တာဝန်ရှိသူတစ်ဦးအဖြစ်ကား ဆက်၍ တည်ရှိနေသေး၏။

ထို့ကြောင့် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ချိန်တွင် ကင်းဝန်မင်းကြီးအဖြစ်ကိုကြည့်ပါက အတော်ပင် ရင်မောစရာ ဘဝဖြစ်သည်။

အင်္ဂလိပ်၊ ပြင်သစ် အစရှိသော နိုင်ငံကြီးများ၏ ခေတ်မီတိုးတက်နေပုံကိုလည်း ကင်းဝန်မင်းကြီးက သိနေသည်။ မိမိနိုင်ငံ မည်မျှ ခေတ်နောက်ကျနေသည်ကိုလည်း သိနေ၏။ မိမိစိတ်ရှိတိုင်းကလည်း မလုပ်နိုင်၊ ထိုအချိန်တွင် အင်္ဂလိပ်တို့ကလည်း မန္တလေးသို့ ချီတက်လာကြသည်။ အင်္ဂလိပ်တို့နှင့်အတူ ညောင်ရမ်းကိုယ်တော်ကြီး ပါလာသည် ဆိုသည်မှာ ဟုတ်သလော၊ ဒါကိုလည်း တိတိကျကျက မသိ။ ထိုကဲ့သို့သောဘဝဖြင့် မြန်မာနိုင်ငံသည် သူ့ကျွန် အဖြစ်သို့ ရောက်ခဲ့ရ၏။

ထို့ကြောင့်လည်း အချို့သောသူတို့က ကင်းဝန်မင်းကြီးသည် အင်္ဂလိပ်နှင့်ပင်းသည်ဟု အယူအဆရှိကြ၏။ ပြင်သစ်နှင့်ချုပ်ဆိုသော စာချုပ်စာတမ်းများကို ကင်းဝန်မင်းကြီး၏ အသိုင်းအဝိုင်းမှလူများက အင်္ဂလိပ်လက်သို့အပ်သည်ဟုလည်း ဆိုကြ၏။ အင်္ဂလိပ်တို့ ချီတက်လာသည်ကို မခုခံရန် ကင်းဝန်မင်းကြီးဘက်မှ ရှေ့တန်းသို့သံကြိုးရိုက်၍ အကြောင်းကြားခဲ့၏။ ထို့ကြောင့်လည်း ကုန်ဘောင်းနန်းဆက် ပျက်သုဉ်း

ရသည်ကိုပင် ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ် ဟု မှတ်သားခဲ့ကြ၏။

ကင်းဝန်မင်းကြီးသည် အင်္ဂလိပ်လက်ထက်တွင် ဥပဒေပြု မင်းတိုင်ပင်အဖြစ် အမှုထမ်းခဲ့၏။

ကင်းဝန်မင်းကြီး၏ဘဝကို ပြန်၍စဉ်းစားသော် ဘဝတစ်ခုလုံးသည် အေးချမ်းသည်ဟုမရှိခဲ့ရ။ စစ်ရေး၊ နိုင်ငံရေး၊ နန်းတွင်းရေး၊ သံတမန်ရေးရာတို့ဖြင့် မိမိ ဝါသနာပါသော စာကို အေးဆေးစွာမဖတ်နိုင်ခဲ့။ ကင်းဝန်မင်းကြီး၏ ဘဝသည် အသက် ၈၀ ကျော်သည့်တိုင် အေးချမ်းခြင်း တစ်ကွက်မျှကိုမတွေ့ခဲ့။ သို့သော်လည်း ကင်းဝန်ဘိုးဘိုးသည် သမိုင်းတွင် ယောအတွင်းဝန်ဦးဖိုးလှိုင် အစရှိသော ပုဂ္ဂိုလ်ကြီးများကဲ့သို့ အကောင်းကြီး အပြောမခံခဲ့ရ။ ဗြိတိသျှ သူလျှိုဟူ၍လည်းကောင်း၊ ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ်ဟူ၍လည်းကောင်းအပြောခံခဲ့ရ၏။ သီပေါနှင့် စုဖုရားလက်ကိုယ်တိုင်က မိမိတို့သည် ကင်းဝန်မင်းကြီး၏ သစ္စာမဲ့မှုကို ခံကြရသည်ဟု သေသည့်တိုင် ယုံကြည်သွားကြ၏။

ကင်းဝန်မင်းကြီး၏ ဘဝကို လယ်တီဆရာတော်ဘုရားသည် သိနေသည်။ လယ်တီဆရာတော်နှင့် ကင်းဝန်မင်းကြီးသည် အသက် ၂၅ နှစ်မျှကွာ၏။ ထို့ကြောင့် လယ်တီဆရာတော်ဘုရား မန္တလေး၌ ပညာရှာမှီးနေချိန်တွင် ကင်းဝန်

မင်းကြီးသည် နန်းတွင်းနန်းပြင် လျှမ်းလျှမ်းတောက်နေသူ ဖြစ်သည်။

သီပေါမင်းလက်ထက် နန်းတွင်အရေးအခင်းများ ပေါ် ပေါက်နေချိန်တွင် လယ်တီဆရာတော်ကြီးသည် မန္တလေးတွင် ရှိနေ၏။ ထိုအရေးအခင်းများတွင် ကင်းဝန်မင်းကြီးသည် တစ်နည်းမဟုတ်တစ်နည်း ပါစမြဲဖြစ်ရာ လယ်တီဆရာ တော်က ကင်းဝန်မင်းကြီးနှင့် ပတ်သက်၍ သဘောထားကို ထုတ်ဖော်ရာတွင် မိုက်မလင်းနိုင်သူဟု ကောက်ချက်ချခဲ့၏။

ကင်းဝန်မင်းကြီးကို အင်္ဂလိပ်သစ္စာကိုခံသည်ဟုလည်း ဆရာတော်ကမပြော၊ ကင်းဝန်မင်းကြီး လုပ်ရပ်များသည် မှန်ပါသည်မှားပါသည်ဟုလည်း မဝေဖန်ဘဲ မိုက်မလင်း နိုင်သူ ဟုသာ ဝေဖန်ခဲ့၏။

တကယ်တော့ ကင်းဝန်ဘိုးဘိုး၏ဘဝသည် မိုက်မလင်း နိုင်သည့် ဘဝ၊ မိုက်မလင်းသည်မှာ သန်းခေါင်လမိုက် မိုးတိမ်မြေးတဲ့ မီးသွေးတိုက်သို့ မိုက်ခဲ့သည်ဟု ဆရာ တော်က ဆိုခဲ့သည်။

ကင်းဝန်မင်းကြီးတွင် ဦးခင်မောင်ကြီးဆိုသော မွေးစား သား တစ်ဦးရှိ၏။ ဦးခင်မောင်ကြီးသည် တစ်ကြိမ်က မုံရွာသို့ ရောက်ရှိလာရာ လယ်တီဆရာတော်ထံ ဝင်ရောက် ဖူးတွေ့ ကန်တော့၏။

ဦးခင်မောင်ကြီး မန္တလေးသို့ အပြန်တွင် လယ်တီဆရာတော်က မိုက်မလင်းနိုင်လို့ အစချီ သံဝေဂ လေးချိုးကြီးတစ်ပုဒ်ကို စပ်ဆို၍ ကင်းဝန်မင်းကြီးထံ ပါးလိုက်၏။ ထိုလေးချိုးကြီးကို ဆရာတော် ရေးစပ်သီးကုံးသော နှစ်မှာ ၁၂၆၆ ခုနှစ် ဖြစ်၏။ ထို့ကြောင့် ထိုအချိန်တွင် လယ်တီဆရာတော်၏ အသက်မှာ ၅၈ နှစ်ရှိပြီဖြစ်၍ ကင်းဝန်မင်းကြီး၏ အသက်မှာ ၈၃ နှစ်မျှ ရှိနေပြီဖြစ်၏။

ထိုလေးချိုးကြီးမှာ လေးချိုးတစ်ခုအနေနှင့် တကယ့်သံဝေဂရစရာ ဖြစ်၏။ ကင်းဝန်မင်းကြီး၏ ဘဝနှင့် ယှဉ်လိုက်သောအခါ ပို၍ပင် သံဝေဂရစရာ ဖြစ်လေ၏။

လေးချိုးကြီးတွင် အပုဒ် လေးပုဒ်ပါဝင်ပြီး ယင်းလေးချိုးနှင့်ပတ်သတ်၍ သီးခြား အဓိပ္ပါယ် ဖွင့်ဆိုချက်များရှိသည်။ ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဆရာတော်၏ ဂမ္ဘီရကဗျာကျမ်း အစရှိသည်တို့တွင် လေ့လာနိုင်ပါသည်။

ယင်း သံဝေဂလေးချိုးကြီးကို ကင်းဝန်မင်းကြီး၏ ဘဝနှင့် ယှဉ်၍ လေ့လာပါက ပို၍သံဝေဂရဖွယ်ဖြစ်၏။ ကင်းဝန်မင်းကြီးသည် ပဒေသရာဇ် မင်းနှစ်ဆက်တိုင် နန်းတွင်းရေးများတွင် ပါဝင်လှုပ်ရှား၏။ အင်္ဂလိပ်လက်ထက်တွင်လည်း အကြံပေးပုဂ္ဂိုလ်တစ်ဦးလုပ်ခဲ့ပြန်သည်။ တစ်နေ့ထက်တစ်နေ့ အသက်ကြီးသည်ထက် ကြီးလာသော်လည်း

ကင်းဝန်ဘိုးဘိုးသည် အလင်းကိုမတွေ့၊ မိုက်မလင်းနိုင်သည့် အဖြစ်နှင့်သာ ရှိနေခဲ့သည်။ အချိန်တွေ နာရီတွေ ရွေ့ပြောင်း၍ မကြာမီပင် ဇရာလက်တွင် အသက်သေရတော့မည်။ ထို့ကြောင့် တရားဓမ္မများကို လုပ်ဆောင်ရန် သတိပေးသော သံဝေဂလေးချိုးကြီး ဖြစ်၏။

သံဝေဂ လေးချိုး

* မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာစီမှာ၊ ခါတော်မှီ သိမဝေ့နိုင်ဘူ၊ သည်ကွေ့တွင် နေကုန်မျှောပြန်ရ၊ အတောဘယ်မသတ်နိုင်တဲ့ ရဟတ်ငွေ။
* ငါးရပ်ကယ်စုံညီ၊ ဒုလ္လဘီငယ်၊ ကြုံမှီခုခေတ်၊ မြန်ခင်း ဇမ္ဗူ ၊ မှန်ကင်းငယ်ထူ၊ လူထက်လူဖြစ်ပါလျက်၊ အနှစ်ကမန္တယ်၊ အကာတောမှာ ဗျာမောကျယ်လို့၊ အကယ်ယောင်ယောင်၊ အမြင်မဖြောင့်၊ အဉာဉ်ထောင့် မှောင့်ထက်မှောင်၊ သန်းခေါင်လမိုက်၊ မိုးတိမ်မြှေးတဲ့၊ မီးသွေးတိုက်မှာ၊ အလိုက်ကယ်ဘာသာ၊ အမြင်မငွေ့၊ အထင်ရွေ့နှင့်သာ၊ အလေ့ရှာလျက်၊ အခါနာရီ၊ ရွေ့ရွေ့ငယ်ချီ၊ တိထီဆန်းဆုတ်၊ ရတုအစဉ်၊ လုလုငယ်နှင်၊ အတွင်ချုပ်လို့ သုတ်သုတ်ကယ်ရက်ရေ၊ ဇရာလက်မှာ၊

အသက်သာကြွေတော့တယ်၊ အသေသတ်လက်မရွံ့ကို၊ အသက်ခွန်ပဏ္ဏာ သွင်းရန်ဖို့ ထမင်းအစာစုံနှင့်၊ ခန္ဓာရုံ၊ မြုံပြုတီးဆိက၊ အပြီးဖြေကာစောင့်ရှောက်ကြ၊ စိုးနှောင့်သင်္ချိုင်း။

* သို့ပါမူလည်း၊ ပူနွှယ်ဆွေးနွှယ်၊ အရေးကျယ်တွေကို အေးဖွယ်ထင်မှတ်၊ အစမမြင်၊ ဘဝအလျဉ်၊ အစဉ် ငတ်ဟာမို့၊ မသတ်ကယ်အာသာ၊ အာရုံဝမ္မ၊ ပြာပုံ မွမှာ ရသရှာလျက်၊ ငါတလူလူ၊ ပမာမူ၊ ရွာသူတို့ဝက်၊ အစာများထူ၊ အသားလူ၊ ဆူးလေလေခက်ပါလျက်၊ ရမ္မက်ကယ်မာန်ဝင်၊ သူ့အသင်းမှာ၊ သူ မင်းဝဲထင် လိုက်လို့၊ ရှင်နိုင်မျှ ဝက်သဏ္ဍာန်လို၊ အချက်မှန် ပေါ်မလင်းစေဖို့၊ ဘော်သင်းရွှေ မိတ်သင်ယှက်သည့်ပြင်၊ ခင်မက်ဖွယ် အရံစုံပ၊ မာန်တစ်ဂုဏ်ဟန်ပုံနှင့် ဖုံးရှာကြ၊ ရန်းပလေ၊ ထုံးမြေပြာစု မိတ်တွေမို့။

* ငါတစ်လုံးနှယ် အနှုန်းငယ်ကျယ်သည်၊ သုံးသွယ်မြုံ သိုက်၊ ဘုံတလှိုက်မှာ၊ တုန်ရိုက်ကယ်ဆူညံ၊ မြူမချန်၊ ပူလျှံသော်ညီး၊ အမြဲတစေ၊ အစဲချွေ၊ အသေမီးတဲ့၊ အပြီးငယ်ကုန်စင်၊ ဘုံတစ်ခွင်ကို၊ အတွင်လောင်မြိုက် အပြောင်တိုက်လို့ အမိုက်ကယ် ဝဋ်နွှယ်၊ အဖြစ်မစွဲ၊ သစ်သစ်လဲ သဲသဲကြွယ်လည်း၊ အကယ်မလောက်၊

သူကသာ မောက်တော့၊ နောက်နောက်ကမှာ၊ ဖန်ဖန်
လာလည်း၊ အစာသူ့တွင်၊ တစ်ခုသာဝင်ကြရ၊ သခ်တ
ရုပ်နာမ်ငယ်၊ အဟုတ်ဉာဏ် မတင်စီးနိုင်ရ၊ သည်
မီးတာ ဘယ်တစ်ကိန်းမှာမှ၊ ငြိမ်းပ့ါမယ်လို့။

မိုက်မလင်းနိုင်ဘုဟုဆိုသည့် ကင်းဝန်မင်းကြီးသည် သက်တော် ၈၀ ကျော်သည့်တိုင် အဝိဇ္ဇာတရားတို့ ပိတ်ဖုံးလျက် သစ္စာလေးပါးတရားကိုမမြင်။ သစ္စာလေးပါးတရားကို မမြင်သဖြင့် နိဗ္ဗာန်သို့ အချိန်မီအခါမီ မရောက်နိုင်ဘဲ ဝန်ရှင်တော်ကြီးအဖြစ်၊ သံအမတ်ကြီးအဖြစ်၊ သေနတ်ဝန်မင်းအဖြစ်၊ ဝန်ကြီးအဖြစ်၊ စစ်ရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ကြီးအဖြစ်၊ နန်းတွင်းရေးများထဲတွင် အချိန်ကုန်ကာ သံသရာဝဲသြဃအတွင်းမှ ရုန်းမထွက်နိုင်ဘဲ သံသရာစက်ထဲတွင်ပင် ရဟတ်လိုပတ်ချာလည်နေသည်မှာ အတောပင် သတ်နိုင်ဖွယ်မရှိဟု ဆိုလိုပေ၏။

တစ်နည်းအားဖြင့်ဆိုရသော် ဘဝတစ်ခုလုံးလိုလို နန်းတွင်းရေးများနှင့် စိတ်များနေသော ကင်းဝန်ဘိုးဘိုးအား နိဗ္ဗာန်ရောက်ကြောင်းတရားကို အချိန်မီအားထုတ်ရန် ပထမအပိုဒ်အနေဖြင့် သတိပေးလိုက်ခြင်းဖြစ်၏။ ဤသံဝေဂလေးချိုးကြီးကို ကင်းဝန်ဘိုးဘိုး ဖတ်ရှုရသောအခါ အထူးစိတ်လှုပ်ရှားခဲ့ရ၏။

လယ်တီ ဆရာတော် ၁၂၆၆ ခု တပေါင်းအတွင်း တွင် မန္တလေးသို့ ကြွခဲ့သောအခါ လယ်တီဆရာတော်သည် ကင်းဝန်မင်းကြီး၏ အိမ်တွင် သီတင်းသုံး နေတော်မူ၏။ ထို့နောက် ကင်းဝန်မင်းကြီးနှင့်တကွ ပရိသတ်အား တရား ဓမ္မ ဟောကြားတော်မူ၏။ လယ်တီဆရာတော်၏ တရား တော်ကို ကင်းဝန်ဘိုးဘိုးနှင့်တကွ မင်းပရိသတ်တို့ နာကြားရသောအခါ တိုင်တားမင်းကြီး၏ သားသမက် ဖြစ်သူ ကျောက်မြောင်း အတွင်းဝန်က မျက်ရည်ဖြိုင်ဖြိုင် ကျရင်း "ကျေးဇူးရှင်မင်းတုန်း မင်းတရားကြီးသည် ပဥ္စမ သံဃာယနာ တင်တော်မူခဲ့၏။ ကုသိုလ်တော်များကိုလည်း ပြုလုပ်ခဲ့၏။ မင်းတုန်းမင်းကြီးသည် သာသနာပြု မင်း တရားဖြစ်ပါလျက် ယခုကဲ့သို့ ရှင်းလင်းပြတ်သားသည့် တရားတော်ကို မနာကြားရလေခြင်း" ဟု မြည်တမ်းကာ ငိုကြွေးသည်ဟု သိရလေ၏။ မင်းတုန်းမင်းတရားကြီး၏

ကုသိုလ်တော် စုစုပေါင်းသည် ကျပ်ငွေ ၂၆ ကုဋေကျော် မျှပင် ရှိသည်။ ကင်းဝန်မင်းကြီးသည် လယ်တီဆရာတော်၏ ထူးခြားသောတရားတော်ကို အများပြည်သူတို့လည်း နာကြားနိုင်ရန် မိမိအိမ်တွင်ပင် တရားမဏ္ဍပ်ကို ဆောက်လုပ်၍ တရားသဘင်ပွဲကို ခုနစ်ရက်တိုင် ကျင်းပသည်ဟု သိရသည်။

မိုက်မလင်းနိုင်လို့ သံဝေဂ လေးချိုးကြီးမှာ ကင်းဝန်မင်းကြီး အတွက်သာမက မိုက်မလင်းနိုင်သူ အားလုံးအတွက် ဖတ်ရှု၍ သံဝေဂယူဖွယ်ရာ ဖြစ်ပေတော့သည်။

## ၅။ ပါဠိ လူမျိုးများအတွက် မဟုတ်

လယ်တီ ဆရာတော်ဘုရားကြီးသည် ကဗျာ လင်္ကာတို့ကို ရေးသားရာတွင် အတတ်နိုင်ဆုံး ရှင်းလင်းလွယ်ကူသဘောပေါက်အောင် ရေးသား၏။ လွယ်လွယ်ရှင်းရှင်းရေးခြင်းသည် လယ်တီဆရာတော်ကြီး ရေးသားလိုသော ရေးဟန်ဖြစ်၏။ လွယ်ကူ ရှင်းလင်အောင်ရေးရာ၌ ဆရာတော်ကြီး၏ ကြီးမားသော စေတနာပါဝင်၏။ ဆရာတော်ကြီးသည် သဒ္ဒါ၊ အဘိဓမ္မာ အစရှိသော ခက်ခဲသည့်အရာများကိုပင် အလွယ်ကူဆုံးဖြစ်အောင် ရေးသား၏။

ထိုနေ့သည် ၁၉၂၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ဖြစ်၏။ လယ်တီဆရာတော်ကြီးသည် ဝမ်းလျှောနေသဖြင့် ခပ်မျှော့

မျှော်သာ ရှိသည်။ ထိုနေ့သည် လယ်တီဆရာတော်ကြီး ပျံလွန်တော်မူမည့်နေ့လည်း ဖြစ်ပါ၏။

ထိုနေ့က ဆရာတော်ကြီးက “ငါဒီရောဂါပျောက်ယင် တို့ မြန်မာပြည်နဲ့တော်တဲ့၊ မြန်မာလူမျိုးတွေ နားလည်မယ့် နိဗ္ဗာန်တရားကို ငါရေးဦးမယ်၊ ရှေ့ကရေးခဲ့တဲ့ နိဗ္ဗာန်က ပညာရှိတွေ အတွက်သာဖြစ်တယ်၊ လူအားလုံး နားလည်ဖို့အတွက် ငါ ရေးမယ်”ဟု ပြောခဲ့၏။

စာပေကို အလွယ်ကူဆုံး ရေးသားခဲ့ခြင်းသည်ပင်လျှင် စာပေလောက၌ လယ်တီဆရာတော်ဆောင်ရွက်ခဲ့သည့် စာပေတော်လှန်ရေးတစ်ရပ်ဖြစ်၏။ လယ်တီဆရာတော်ခေတ်တိုင်အောင် ပါဠိလိုရေးသားထား၍ ပါဠိသံများများနှင့် ပြောဆိုရေးသားနိုင်မှ ပညာရှိ ပညာတတ်ဟု ထင်မှတ်ခဲ့ကြ၏။ ဤသည်ကို ဆရာတော်က ရဲရဲဝံ့ဝံ့ တော်လှန်တော်မူခဲ့၏။

လယ်တီဆရာတော်ကြီးက ရိုးရိုးရှင်းရှင်း ရေးသားခြင်းကို နှစ်သက်သည်နှင့်ပတ်သက်၍ လယ်တီဦးဝဏ္ဏိတ ရေးသားသော ဆရာတော်၏ ထေရုပ္ပတ္တိ ကထာတွင် -ဆရာတော်ကြီးသည် ၁၂၇၀ ပြည့်နှစ်၌ ပုသိမ်မြို့သို့ ကြွရောက်လာခဲ့သည်။ ပုသိမ်မြို့တွင် ဆရာတော်ကြီးက တရားဟောရာ၌ ပါဠိ တစ်တိုတစ်စကိုမျှ မထည့်ဘဲ မြန်မာစကားပြေသက်သက်ဖြင့် ဟောတော်မူ၏။ ထိုအခါ အချို့သော

ပုသိမ်သူ ပုသိမ်သားတို့က လယ်တီဆရာတော်၏ တရား သည် ပါဠိ တစ်တိုတစ်စမပါ။ ဆားမပါသည့်ဟင်းလို ပေါ့ပျက်ပျက်ရှိလှသည်ဟု ပြောဆိုကြ၏။

ထိုသို့ ဝေဖန်ပြောဆိုမှုကို ဆရာတော်ကြီး ပြန်လည် ကြားရသောအခါ တပည့် မောင်ကျော်စံအား-

"တို့ဗမာလူမျိုးတွေ ခက်နေတာက ကိုယ်နားမလည်တဲ့ ကိုယ်မပိုင်တဲ့၊ ပါဠိများကိုရွတ်ဆို၍ မြိုင်မြိုင်ဆိုင်ဆိုင် လှိုင် လှိုင်ကြီး ဟောပြောတဲ့ ပုဂ္ဂိုလ်မျိုးကိုမှ လူတော်လူကောင်း၊ လူတတ်လူမြတ်လို့ ပင့်မြှောက်ချီးကျူးလိုကြတယ်၊ တို့ဗမာ လူမျိုးမှာ ဗမာလို တိကျမှန်ကန်စွာ ပြန်ဆို၍ ဗမာနားမှာ ကွက်ကွက်ကွင်းကွင်း ထင်းခနဲ လင်းခနဲ ဝင်းခနဲ ရှင်းကနဲ မြင်လုံးထွားအောင် ဗမာဆန်ဆန် ဘာသာပြန်ကိန်းကြီး လိုနေ တယ်ကွယ်" ဟု မိန့်ကြားကြောင်း သိရ၏။

ဆရာတော်ကြီးက "ငါတို့သဘောက ကျမ်းပြုဆရာလို့ ဂုဏ်မထင်ပေါ်ချင်နေပါစေ၊ စာ ကြည့်ရှုတဲ့စာကြည့်ပရိသတ် တွေ ကွက်ကွက်ကွင်းကွင်း ထင်းခနဲ လင်းခနဲ ဝင်းခနဲ အသိအလိမ္မာ ဉာဏ်ရှင်းမှုကိုသာ ပဓာနထား၍ ရေးသား လိုသည်။ ပါဠိ အကိုးအကားများမှာ မထည့်လျှင်မဖြစ် မှသာ ထည့်လိုသည်။ ပါဠိပါဌ်သား နည်းနိုင်သမျှ နည်းအောင် ဂရုစိုက်၍ ရေးသည်။ သို့သော် ပါဠိတော်

စည်းမျည်း၊ ခမ္မစည်းမျည်း အလွတ်ရေးသည်မဟုတ်၊ စည်းမျဉ်းကိုက်ညီအောင်ရေးသည်။ အချို့က တို့ကျမ်းစာအုပ်တွေ ပါဠိပါဌ်သား မပါဘူး၊ ပေါ့ပျက်ပျက်ရှိလှသည်ဟု ကဲ့ရဲ့ကြသည်။ "တို့က ဗမာလူမျိုးများအတွက် ရေးသည်၊ ပါဠိလူမျိုးများအတွက် ရေးသည်မဟုတ်" ဟု ဆက်လက်မိန့်ကြားကြောင်း သိရ၏။

ဆရာတော်ကြီးသည် ပါဠိဘုရင်တစ်ဆူပင် ဖြစ်၏။ ပါဠိဘာသာနှင့်ပင် ကျမ်းကြီးကျမ်းငယ်တို့ကို ပြုနိုင်၍ ပါဠိအရေးအသားတွင် ဆရာတော်ကြီးအား မီသူ ရှာမှရှားလှ၏။ သို့သော် ဆရာတော်ကြီးက မိမိ စာရေးခြင်းသည် မြန်မာလူမျိုးများအတွက်ဖြစ်သည်။ ပါဠိလူမျိုးများအတွက် မဟုတ်ဟုဆို၏။ ဤသည်ပင် လယ်တီဆရာတော်၏ အရေးအသားဆိုင်ရာ သဘောထားဖြစ်၏။

ဆရာတော်ကြီးသည် မြန်မာလူမျိုးတို့အား သဒ္ဒါ၊ အဘိဓမ္မာ အစရှိသော ခက်ခဲသိမ်မွေ့လှသည့် အကြောင်းအရာတို့ကို လူတိုင်း ရှင်းရှင်းလင်းလင်း သိစေလို၏။ ထို့ကြောင့် ဆရာတော်ကြီးသည် မိမိ ပြောခဲ့သည့်အတိုင်း မြန်မာ့နားတွင် ဝင်းခနဲ ရှင်းခနဲ မြင်လုံးထွားသော ဗမာဆန်သည့် ဘာသာပြန်ကျမ်းများကို ရေးသားခဲ့ခြင်းဖြစ်၏။ ဆရာတော်ကြီး၏ ဘာသာပြန် ကျမ်းကြီးကျမ်းငယ်များ

ကျေးဇူးကြောင့် ဗုဒ္ဓဘာသာဝင်တို့သာမက အခြားသူများပင် ဗုဒ္ဓဘာသာ၏ နက်နဲသော တရားဓမ္မများကို ရှင်းရှင်းကြီး နားလည်နိုင်ပါ၏။

မြန်မာ့သာသနာဝင်ဝယ် ဤကိစ္စသည် တော်လှန်ရေး တစ်ရပ်ဖြစ်သလို သာသနာရေးအတွက် အကျိုးပြုသော လုပ်ဆောင်ချက်တစ်ရပ်လည်း ဖြစ်၏။

လယ်တီဆရာတော်သည် အရေးတွင်ရော၊ အဟော တွင်ပါ ရှင်းရှင်းလင်းလင်းသာရေး၏။ ဟော၏။

၁၂၆၈ ခု ပြာသိုလအတွင်းက မန္တလေးမြို့တွင် တရားဟောရာ၌ ဆရာတော်ကြီးသည်ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး အဘိဓမ္မာ တရားကြီးကို မြန်မာစကားဖြင့် ပြတ်ပြတ်သားသား ပေါ်လွင်အောင် ဟောခဲ့၏။

ဆရာတော်သည် ငယ်စဉ်ကပင် မြန်မာလူမျိုးတို့အား ဘာသာတရား၏ ခက်ခဲသော ဓမ္မရသများကို မြန်မာလို ပေးဆောင်ရန် စိတ်ဆန္ဒရှိခဲ့၏။ ထို့ကြောင့် မြောက်ပြင် စံကျောင်းကြီးတွင် စာသင်သားအဖြစ် နေစဉ်က မိမိ ကိုယ်တိုင် မြန်မာလို တတ်သိ နားလည်ရေးအတွက် ကြိုးစားခဲ့၏။

ဆရာတော်ကြီးသည် မြန်မာစာ တတ်လိုသောကြောင့် မြန်မာစာပညာရှိများဖြစ်ကြသော ယောအတွင်းဝန်ဦးဖိုးလှိုင်၊ ဦးဖား အစရှိသည့် စာတတ်ပေတတ် မြန်မာလို အပြောအဆို တတ်သိလိမ္မာကုန်သော ပညာရှိကြီးများထံတွင် တပည့်ခံ၍ လေ့လာသင်ကြားခဲ့၏။

ရှင်းရှင်းနှင့်လွယ်လွယ်သာ ရေးလိုသော လယ်တီဆရာတော်ကြီးသည် သညာကို အဓိပ္ပါယ်ဖွင့်ရာ၌-

"သညာ ဆို သည်ကား၊ လောက၌ တတ်သိလိမ္မာခြင်း၊ သိကြားလိမ္မာခြင်း၊ ကျွမ်းကျင် လိမ္မာခြင်းကိုဆိုသတည်း။ ထိုကျွမ်းကျင်လိမ္မာခြင်းဟူသော အလိမ္မာမျိုးသည် ကုသိုလ် အကုသိုလ်နှစ်ပါး၌ပင်ဆိုင်၏။ မုဆိုးအလုပ်မျိုးမှာ မုဆိုးသည် ကျွမ်းကျင်လိမ္မာ၏။ တံငါအလုပ်မျိုးမှာ တံငါသည် ကျွမ်းကျင် လိမ္မာ၏။ သူသတ်မှုမှာ သူသတ်ယောကျ်ားသည် ကျွမ်းကျင် လိမ္မာ၏။ ကြောင် အမှုမှာ ကြောင်၊ ကျား အမှုမှာ ကျား၊ ကျီး အမှုမှာ ကျီးသည် ကျွမ်းကျင်လိမ္မာမှု စသည်ဖြင့် သညာက္ခန္ဓာနယ် ကြီးကျယ်ပုံကိုလည်းကောင်း၊ သတ္တဝါ၏ အရေးအရာတွင် သညာက္ခန္ဓာအလိမ္မာသည် အချုပ်အချာကြီး ဖြစ်နေပုံကိုလည်းကောင်း အကုန်မြော်မြင်ကြလေ"ဟု ရေးသား တော်မူခဲ့၏။

အရေးအသား အလွန်ရှင်းသည်။ အားလုံး နားလည်လွယ်သည်။

လယ်တီ ဆရာတော်၏ ရှင်းလင်းသော အရေးအသားကို သုံးလူ့ရှင်ပင် ဘုရားရှိခိုးတွင် တွေ့ရသည်။ သုံးလူ့ရှင်ပင် ဘုရားရှိခိုးကို ကျွန်တော်တို့ငယ်စဉ်က မြန်မာဖတ်စာတွင် သင်ရ၏။ သုံးလူ့ရှင်ပင် ဘုရားရှိခိုးသည် ဆိုရလွယ်ကူသည်။ အဓိပ္ပါယ် ရှင်းလင်းသည်။ ကျယ်ဝန်းသော ဗုဒ္ဓဝင်ကို ခုနစ်ပိုဒ်ဖြင့်၊ စာလုံးရေလေးရာမျှလောက်ဖြင့် ရှင်းလင်းလွယ်ကူစွာ ရေးထားသည်။ လူငယ်များ၊ ကျောင်းသူကျောင်းသားများအတွက် ဆိုရဖတ်ရ လွယ်ကူသောကြောင့် နှုတ်တိုက်ရွရွ ရွတ်ဆိုကြ၏။

ဆရာတော်ကြီးသည် ဤဘုရားရှိခိုးတွင် အေးချမ်းသော စကားလုံးများနှင့် တက်ကြွလှုပ်ရှားမှုများအား တွဲ၍ သုံးထားသည်ကို တွေ့ရ၏။

ချမ်းမြေ့ အေးချမ်းမှုများနှင့် ပတ်သက်၍ ဤသုံးလူ့ရှင်ပင် ဘုရားရှိခိုးတွင်-

ချမ်းမြေ့ကြည်ဖြူ၊ ချမ်းမြေ့စုံစီ၊ ချမ်းမြေ့ရဂုံ၊
ချမ်းမြေ့နိဗ္ဗူ၊ ချမ်းမြေ့သာချို-
စသည်ဖြင့် သုံးနှုန်းထားသည်။

ယင်းစကားလုံးများနှင့်တွဲဖက်၍ တက်ကြွ လှုပ်ရှား သမှုကို ပြဆိုရန်-

မဟီလှိုက်ဆူ၊ သောင်းလုံးကျော်သည်၊
ကြွေ့ကြွေ့လျှံတက်၊ ဝှန်းဆူသောင်းလုံး-
စသဖြင့် သုံးစွဲထား၏။

ထို့အပြင် ယင်းဘုရားရှိခိုးတွင် လှပသော စကားလုံးများ အနေဖြင့်-

ရွှန်းရွှန်းစိုသည်၊ ဘုန်းသစ်လျှံလူ၊ မငြီးကြည်ဖြူ
သီဂီရွှေလှော်-
စသည့် စကားများကို တွေ့ရ၏။

လယ်တီဆရာတော်ကြီး၏ သုံးလူ့ရှင်ပင် အစချီ ခုနစ်နေ့ ဘုရားရှိခိုးကို လေ့လာဖတ်ရှုရန် ဖော်ပြအပ်ပါသည်။

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင် စကြဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်း နေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ သန္ဓေယူသည်၊ နတ်လူ ငြိမ်းဖို့ ကိန်းပါကို။

၂။ သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာ သက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊

ချမ်းမြေ့စုံစီ၊ လုမ္ဗနီ၌၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို။

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြပုံတိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုကာ၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လုံ့သည်၊ စုံမြိုင်ပင်ရိပ် ခမ်းမှာကို။

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ ပွလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အလျှင်းပယ်ဖျောက် အလင်းပေါက်က၊ ထွန်းတောက်ဘုန်းမော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖဝါး၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ပြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊

ခမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွမ်းတယ်ကို။

၆။ တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံသိုက် တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူ ပြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနွာရုံ၊ အင်ကြင်း စုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

၇။ နိဗ္ဗူစံပြီ၊ ရှုမအိသား၊ သိင်္ဂီရွှေလျော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့ မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ ခိဋ္ဌာန် ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော် ရှစ်စိတ် ကြွင်းတယ်ကို။

လယ်တီ ဆရာတော်ကြီးသည် မည်မျှ ရှင်းရှင်းလင်း လင်း လွယ်လွယ်ကူကူ ရေးလိုသနည်းဆိုလျှင်-

"စာတိုက်ဗီရိုနားတွင် စာရေးလျှင် စာတိုက်ဗီရိုတွင် ရှိသော ကျမ်းစာများကို ထုတ်ပြီး ကြည့်ရှု ရေးသားရသော ကြောင့် ပါဠိအကိုးအကားများနှင့် စာတိုက်သံ၊ ဗီရိုသံတွေ

များနေ၍ လူပြိန်းတို့ နားမလည်ကြချေ။ ထို့အတွက် ငါတို့က တောထဲတောင်ထဲ ချုံထဲမှာနေပြီး ရေးသည်။ ငါတို့ စာအုပ်တွေကတော့ တောသံ တောင်သံ ချုံသံတွေ များသဖြင့် တောသူ တောင်သား လူပြိန်းများ နားလည်ကြသည်။ ငါတို့ စီရင်ရေးသားအပ်သော စာအုပ်များကို ဖတ်နေလျှင် ကမ္ဗဋ္ဌာန်း အားထုတ်နေသလိုပဲ ရှိသည်”ဟု မိန့်တော်မူကြောင်း သိရ၏။

လယ်တီဆရာတော်ကြီးသည် စာအုပ်များစွာကို မိမိကိုယ်တိုင် လက်တွေ့ ကျင့်ကြံအားထုတ်ပြီးမှ တွေ့သည့်အတိုင်း၊ ဖြစ်သည့်အတိုင်း၊ မြင်သည့်အတိုင်း ရေးသားထားသောကြောင့် စာဖတ်နေရခြင်းသည်ပင် ကမ္ဗဋ္ဌာန်း အားထုတ်နေရသလို ဖြစ်နေ၏။

၁၂၆၁ ခုနှစ်က ဆရာတော်ကြီး ရေးသားသော ဥတ္တမပုရိသဒီပနီကျမ်း နိဒါန်းတွင် မိမိသည် ဤစာအုပ်ကို ပါဠိ ပါဌ်သားမပါ၊ မြန်မာလို ရှင်းရှင်းရေးပေးလိုက်ကြောင်း၊ ထိုသို့ ရေးပေးရခြင်းမှာ အများ နားလည်စေလိုခြင်းကြောင့် ဖြစ်ကြောင့်ဖြင့် ဆရာတော်ကြီး-

“မြန်မာစကား သက်သက်နှင့် အချက်ထိထိ ဉာဏ်မျက်စိကွင်းကွင်း အသိဉာဏ် လင်းလောက်အောင် နက်နဲခက်ခဲရာ အရပ်စု၌ အထပ်ထပ်အခါခါ ဥပမာ ဥဒါဟရုဏ်

များနှင့်တကွ ဖော်ပြရေးသား လိုက်သည်။ ပါဠိပါဠိသား မပါသည်ဟု မအောက်မေ့နှင့် ပါဠိပါဠိသားနှင့် ရေးလျှင် စကားစဉ် စကားဆက် ကွာလှမ်း၍ ပြောတတ်ဟောတတ် ရှိရုံမျှကိုပင် အင်မတန်ကြီး ကြံ့ရလိမ့်မည်။ ပြောဖို့ ဟော ဖို့ကား လိုရင်းမဟုတ်။ မိမိကိုယ်မှာ ကလျာဏပုထုဇဉ် ဉာဏ်မျက်စိတစ်လုံး ပေါက်မှုသည်သာ အမြတ်ဖြစ်သည်" ဟု မိန့်ကြားခဲ့၏။

ဆရာတော်ကြီးသည် မည်သူကမျှ အထင်မကြီးလျှင် နေပါစေ၊ မိမိ ရေးသားလိုသမျှကို အားလုံးနားလည်စေလို၏။ ဆရာတော်ကြီး ရေးသားသော အရေးအသားတို့ကလည်း အလွန်လွယ်ကူ၍ နားလည်လွယ်၏။

ဆရာတော်ကြီးသည် ဥတ္တမ ပုရိသ ဒီပနီကျမ်းတွင် "သစ္စာ" ဆိုသောစကားနှင့်ပတ်သက်၍ "မုသားကို အချင်း ခပ်သိမ်း ပယ်ခြင်းတည်း"ဟု အဓိပ္ပါယ်ဖွင့်ဆို၏။

ဆရာတော်ကြီးက "အဓိဋ္ဌာန်"ဆိုသည့်စကားကို "ဤ အမှုကို ပြုမည်ဟု နှုတ်ပဋိညာဉ်၊ စိတ်ပဋိညာဉ်ထားပြီး သည့်နောက် ပြောင်းရွှေ့လှုပ်ရှားခြင်း မရှိခြင်းတည်း" ဟု အဓိပ္ပါယ်ဖွင့်ဆို ရေးသား၏။

တစ်ဖန် "မေတ္တာ"ဆိုသော စကားကို "တွေ့သမျှ မြင်သမျှသော သတ္တဝါကို ချမ်းသာစေချင်သောစိတ်၊ ကောင်း

စေချင်သောစိတ် အမြဲတည်ခြင်း”ဟု အဓိပ္ပါယ် ဖွင့်ဆို ရေးသား၏။

တစ်ဖန် “ဥပေက္ခာ”ဆိုသည့် စကားနှင့် ပတ်သတ်၍ ဆရာတော်ကြီးက “မိမိကို ကြည်ညိုလေးမြတ်သောသူ၊ ပူဇော်သောသူ၊ ချီးမွမ်းသောသူဟူ၍လည်း သာယာခင်မင်စိတ် အထူးမရှိ၊ မိမိကို ပြစ်တင်ပြစ်မှားပြုသောသူ၊ ညဉ်းပန်းနှိပ်စက်သောသူ၊ ကဲ့ရဲ့သောသူဟူ၍လည်း မသာယာခြင်းမရှိ၊ ထိုသူနှစ်ဦးတို့၌ စိတ်နှစ်မျိုး မရှိခြင်း”ဟု အဓိပ္ပါယ် ဖွင့်ဆို ရေးသား၏။

ဆရာတော်ကြီး၏ အဓိပ္ပာယ်ဖွင့်ဆို ရေးသားချက်များသည် အလွန်မှရှင်း၏။ မည်သူမဆို နားလည်လွယ်၏။ စာမတတ်သော်လည်း ဖတ်ပြလျှင်ပင် ကြားရသူအပေါင်း နားလည် သဘောပေါက်လွယ်၏။ ဆရာတော်ကြီးက ပါရမီဆယ်ပါးကို ပိုမိုရှင်းလင်းစေရန် ဘုရားလောင်း မျောက်မင်း ဝတ္ထုဖြင့် ရှင်းလင်းခဲ့၏။

အလောင်းတော်မျောက်မင်းသည် အသူတစ်ရာနက်သော ချောက်၌ ကျနေသည့် ပုဏ္ဏားကို ကျောပေါ်၌ထမ်း၍ကုန်းပေါ်သို့တင်၏။ ထို့နောက် မောပန်းလှသဖြင့် ပုဏ္ဏား၏ ပေါင်ပေါ်၌ ခေါင်းထား၍ ခဏအိပ်လေ၏။ ထိုအခါ ပုဏ္ဏားက တောမျောက်သားကို မယားအတွက် ယူရန် ဟူသောအကြံဖြင့်

မျောက်မင်း၏ ဦးခေါင်းကို ကျောက်တုံးဖြင့် ထုလေ၏။ မျောက်မင်း၏ ဦးခေါင်းမှ သွေးတို့သည် ပန်း၍ထွက်၏။ သို့သော်လည်း မျောက်မင်းသည် ပုဏ္ဏားအား ရပ်ရွာသို့ ချမ်းသာစွာ ရောက်အောင် ပို့ဆောင်ဦးမည်ဟုဆိုကာ သစ်ပင် တစ်ပင်မှ တစ်ပင်သို့ကူး၍ ခေါင်းမှကျသော သွေးစက်တို့ဖြင့် လမ်းပြလေ၏။

ဤ ဝတ္ထုတွင် ဆရာတော်ကြီးက-

* ချောက်ထဲကျသော ပုဏ္ဏားကို မြင်သောအခါ မိမိ သားငယ် ချောက်ထဲသို့ကျ၍နေသည်ကို မြင်သကဲ့သို့ ပုဏ္ဏား၏ အကျိုးကို တောင့်တ လိုလားခြင်းသည် မေတ္တာ။
* အသူတစ်ရာနက်သည့်ချောက်မှ ကမ်းပေါ်သို့ ချော မောစွာ ရောက်စိမ့်သောအကြောင်းကို ကြံစည်နိုင် ခြင်းသည် ပညာ။
* ထိုအခါ မည်ကဲ့သို့ ကမ်းပေါ်သို့ ချောမောအောင် ရောက်စေမည်နည်းဟု ကြံကာ ကြံစည်၍ သိမြင်သည့် အတိုင်း သက်စွန့်ကြိုးပမ်း အားထုတ်ခြင်းသည် ဝီရိယ။
* ဦးခေါင်းကို ကြီးစွာသော ကျောက်နှင့်ထုရာ အရေထူ အရေပါးတို့ စုတ်၍ အရိုးကွဲမျှ ပြင်းထန်လှသည့်

ဒုက္ခဒဏ်ချက်ကြီး ထိပါးသည်ကိုပင် နာသည်ကျင်သည်ဟု အမှုမထား၊ ညစ်ညျူးမှု ညည်းညူမှုမရှိ၊ ပကတိ ကြည်လင်သော စိတ်အတိုင်း နေနိုင်ခြင်းသည် ခန္တီ။

* မျောက်မင်းသည် ပုဏ္ဏားအပေါ် ဤမျှလောက် အပင်ပန်းခံ၍ ဆောင်ရွက်ခဲ့သည့်တိုင် ပုဏ္ဏားသည် ဤမျှလောက်အထိ အကျိုးမဲ့ပြုဘိ၏ဟု ပုဏ္ဏားအပေါ် စိတ်မကွက်ဘဲ ထားနိုင်ခြင်းသည် ဥပက္ခာ။
* အသူတစ်ရာနက်သော ချောက်ကြီးထဲမှ ပုဏ္ဏားအား ကယ်ရာတွင် အခန့်မတော်ပါကသေနိုင်၏။ သေလောက်သော အချက်ပင်ဖြစ်လင့်ကစား အသက်ကို စွန့်လှူ၍ ဆောင်ရွက်တော် မူနိုင်ခြင်းသည် ဒါန။
* အသက်ကို အသေပြုသော ပုဏ္ဏားအား ပြန်လှန်၍ မနှိပ်စက်၊ ကြမ်းကြုတ်သော စကားကိုမျှ မဆိုမမြွက် စောင့်ရှောက်ခြင်းသည် သီလ။
* ပုဏ္ဏားကို ကယ်တင်သည့်အတွက်ကြောင့် ကောင်းမှု ကုသိုလ်၏ အကျိုးကိုမျှ တောင့်တသာယာခြင်း မရှိခြင်းကား နိက္ခမ။
* ပုဏ္ဏား၏အကျိုးကို အဆုံးရောက်အောင် ဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ပုဏ္ဏားက ဒုက္ခ

ကြီးစွာပေးသော်လည်း မူလဆုံးဖြတ်ထားသောစိတ်ကို မရွှေ့မပြောင်း ထားရှိနိုင်ခြင်းသည် အဓိဋ္ဌာန်။

* မျောက်မင်းက ပုဏ္ဏားအား သင့်ကိုငါကယ်တင်မည်ဟု ပြောကြားသော နှုတ်ပဋိညာဉ်ကို မပျက်ခြင်းသည် သစ္စာ။

ပါရမီ ဆယ်ပါးကို ဆရာတော်က ရေးသား တင်ပြရာတွင် အဓိပ္ပာယ်ဖွင့်ဆိုမှု ရှင်းလင်းရုံမျှမက ဥပမာပေးမှုသည်လည်း လွယ်ကူကာ ရှင်းလင်း၏။ ဆရာတော်၏ ဒီပနီကျမ်းများသည် ဤကဲ့သို့သော ရှင်းလင်းမှုများနှင့်သာ ပြည့်နေပေ၏။

# ၆။ ကဗျာဉာဏ်နှင့် အရေးအသား

လယ်တီဆရာတော်ကြီးသည် အရေးအသား ရှင်းလင်းရုံမျှသာမက ကဗျာဉာဏ်အရာတွင်လည်း ရင့်သန်လှ၏။ လယ်တီဆရာတော်ကြီး၏ အချို့သော အရေးအသားများသည် လက်ဖျားခါ ပူဇော်ရလောက်အောင် ကောင်းမွန်လှသည်ဟု ကျွန်တော် တင်ပြလိုပါသည်။

စိုင်ပြင် သေရည် သေရက် မေတ္တာစာမှ-

"အရိုင်းတွင်သေရက်၊ အခက်တွင် ပိဋကတ်၊
အမြွတ်တွင် နိဗ္ဗာန်၊ အမြန်တွင် သိန္ဓော"

ဟူသောအဖွဲ့၊

နွားမေတ္တာစာမှ-

“မြိန်နိုင်ပေ့သူတို့ကိုယ်၊ မျိုးရက်ပေ့သူ့ခံတွင်း၊

တို့လုပ်သည့်ထမင်းကို၊ တို့ဟင်းလျာအသားနှင့်၊

စားကြသည့် ဖြစ်နဲ့ကို၊ တို့အသည်းနာလိုက်တဲ့”

ဟူသောအရေး၊

ဒေးဒရဲ မေတ္တာစာမှ-

“အသည်းတွေခြောက်၊ စိတ်ဗွက်ပေါက်လျက်၊

သောက်လေသောက်လေ၊ ငတ်မပြေသည်၊

ရေငန်ဆားကျင်း၊ နွားတသင်းသို့၊

အလင်းဝေး၍၊ အမှေးရစ်ပတ်၊

အညစ်ထပ်၊ အငတ်နယ်ကြီးရှည်ခဲ့ပြီ”

ဟူသော အရေးအသား၊

ထီမေတ္တာစာမှ-

“အသက်မွေးသပွတ်အူ၊ သူတော်ကောင်းစိမ့်ဆတ်၊ အုပ်မနပ်ငှက်ပျော်လို၊ မနောက ကလိမ်ချို၊ အပြောက ဝတိဘို၊ ယုံလောက်အောင် ဖွဲ့နွဲ့၊ ကုန်လောက်အောင် ညာဏ်ချဲ့၍၊ အရွဲ့နှင့်အကဲဆစ်၊ အထဲညစ် အပေါ် ပြောင်၊ မတွေ့မှအနိုင်ရှောင်၊ သူတော်ယောင် တစ်ဖက်လှ၊ ပါးစပ်ပြောက ပျားသကာ၊ ခါတ် သဘောက ခါးတမာ၊ မပြုသာလျှင် ငရဲကြောက်၊

ပြုသာလျှင်အလဲမှောက်၊ သံသရာမှာ ဈေးကြောင်း
ပေါက်၊ အပါယ်ဘေး ရွေးမျှမကြောက်၊ ခုမျက်မှောက်
ဒိဋ္ဌကိုသာ၊ နိဗ္ဗာန်လောက် စိတ်ချ၍”

ဟူသော အရေးအသားများသည် ကဗျာအရာတွင် လယ်တီဆရာတော်ကြီး၏ ဉာဏ်အတိမ်အနက်ကို ပြသသော အရေးအသားများ ဖြစ်ပါ၏။

ဤနေရာတွင် လယ်တီဆရာတော်ကြီး၏ ထိမိလှသော အရေးအသားများကို တင်ပြလိုပါ၏။

ဆရာတော်ကြီးတွင် ဦးသြဇာဟူသော တပည့်ရင်း တစ်ဦးရှိ၏။ အချို့သော ကိစ္စများတွင် ဆရာတော်ကြီး သည် ဦးသြဇာကိုပင် ရပ်ဝေးရပ်နီး စေခိုင်းသည်များ ရှိ၏။

တပည့် ဦးသြဇာသည် စီးပွားရေးဇောကပ် တရားပစ် ဘုရားခွာ လုပ်နေသည်ကို ဆရာတော်ကြီးက သိတော်မူ၏။ စီးပွားရှာအလုပ်ဖြင့် ပူပင်သောက ရောက်နေရရှာသော ဦးသြဇာ၏အဖြစ်ကို မကြည့်လို။ ထို့ကြောင့် ဆရာတော်ကြီးက ဦးသြဇာကိုဆုံးမရန် ဆုံးမစာ တစ်ပုဒ် ရေးသားခဲ့၏။

ထိုဆုံးမစာသည် ဦးသြဇာ အတွက်သာမက၊ ဦးသြဇာကဲ့သို့သော ပုဂ္ဂိုလ်များစွာကို ဆုံးမပြီးသား ဖြစ်နေ၏။

# နွားအိုကြီး အမော့သင်သလို

“ပစ္စည်းရှာအလုပ်နှင့် နေ့ပုပ်လို့ ရက်ကုန်၊ မျောလို့ အသက်ကုန်တယ်၊ တွက်ပုံဖြင့်မကောင်း၊ ခုလိုဖြင့် သံသာဗွေမှာ၊ ခန္ဓာတွေ များခဲ့စတောင်း၊ သက်မွေးမှု စခန်းပိုအောင်၊ ဝမ်းကိုသာနင်ကျောင်း၊ လေးဆယ်ကျော် အရွယ်နှောင်းခါမှ၊ သူကြွယ်လောင်းလုပ်ချင်၊ မိုးကုန်ပြီ ထွန်မချချင်နှင့်၊ ရွံ့စရာ့ မှားဖို့ဖြစ်အင်၊ နွားအိုကြီး အမော့သင်သလို၊ မလျှော့လျှင် ဘဝဆုံးရှာတော့၊ အစတုံးနင့်အဆင်၊ လွဲဖို့သာပြင်၊ တရားသို့ မသက်ဝင်လျှင်၊ အခက် နင်ကြုံတွေ့ဖို့လေး။”

ဤတေးထပ်တွင် ဆရာတော်က တပည့် ဦးသြဇာ၏ သဘောကို လေးဆယ်ကျော် အရွယ်နှောင်းခါမှ သူကြွယ် လောင်းလုပ်ချင်. . . . ဟုဆိုလိုပြီး ဦးသြဇာ စီးပွားရှာနေ သည်ကို နွားအိုကြီး အမော့သင်သလိုဟု ဥပမာပေးခဲ့ရာ အလွန်ထိမိလှသော အရေးအသားတစ်ရပ် ဖြစ်ပါ၏။

ဆရာတော်ကြီးသည် တပည့် ဦးသြဇာအား အတော် ချစ်ခင်ပုံရပေ၏။ ဆရာတော်ကြီးက သြဝါဒတေးထပ်ကို စပ်ဆို၍ ဆုံးမသော်လည်း ဦးသြဇာသည် နားဝင်ခြင်းမရှိ၊ လောဘနောက်သို့လိုက်၍သာ စီးပွားရှာ နေပုံရ၏။

ထိုအခါ ဆရာတော်ကြီးသည် အာရုံငါးပါး၏ နောက်ကိုသာလိုက်၍ စီးပွားရှာအမှုနှင့် တစ်နေ့တစ်နေ့ အချိန်တွေကုန်ရသည်။ ဒီအတိုင်းနေပါက တပည့်ကြီးဦးဩဇာသည် အဝီစိ၌ ခေါင်းမပြူနိုင်လောက်အောင် နစ်မည်ဖြစ်ကြောင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သံဝေဂတေးထပ်ကို စပ်ဆို၍ ဆုံးမခဲ့ပြန်၏။

## ခွင့်သာခိုက်မှ မလိုက်ချင်လျှင်

"ငါးအာရုံဘင်အစု၊ ခင်မှုနှင့်နေ့ကုန်၊ နင် ယခုမေ့ပုံကို၊တွေ့မကြုံစခန်း၊ ပါယ်လေးဝ သောကဘုံမှာ၊ မျောရရုံရှိတော့ခမန်း၊ အောက်အဝီစိ သောင်းအငူမှာ၊ ခေါင်းမပြူစတမ်း၊ နှစ်အရှည် နစ်မည် လမ်းကိုလ၊ နင် မြှောက်စမ်း နင့်ကိုယ်၊ ဒေသနာထင်အလင်းရယ်နှင့်၊ နင် အဖျင်း ပိုထက်သာပို၊ သည်လောဘစရိုက်အိုကို၊ မလိုက်လို ရှောင်ပစ်လို့၊ နောင်အသစ် တကယ်ပြင်လျှင်၊ ကောင်း ဖို့အစဉ်၊ ခွင့်သာခိုက်မှ မလိုက်ချင်လျှင်၊ အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား၊ ခွင့်သာဆဲမှ မခဲချင်လျှင် အလွဲနင့်ပြင် ရှိသေးလေလိမ့်လား၊ ခွင့်သာတုန်းမှ မရုန်းချင်လျှင်၊ အရှုံးနင့်ပြင် ရှိသေးလေလိမ့်လား. . .။"

ဤ သံဝေဂတေးထပ်မှာလည်း ဦးဩဇာအတွက် ရည်ရွယ်၍ရေးသည့်တိုင် ဦးဩဇာကဲ့သို့ ငါးအာရုံဘင်အစုကို ခင်မင်မှုဖြင့် နေ့ကုန်နေသည့်သူတိုင်း သံဝေဂယူဖွယ်ရာ ရှိပေ၏။

အထက်ပါ တေးထပ်ကဲ့သို့ပင် အဝိဇ္ဇာပိတ်ကာဆို့ အစချီ တေးထပ်မှာ ဆရာတော်ကြီးက မိမိတို့ အလွန်ချစ် အလွန်မြတ်နိုးခင်တွယ်နေသည့် ဤခန္ဓာကိုယ်ကြီး၏ ရွံရှာ စက်ဆုပ်ဖွယ်ရာအဖြစ်ကို ရေးသားထားသည်မှာ စာဖတ်ပြီး သည်နှင့်တပြိုင်နက် မိမိကိုယ်ကြီး မိမိ စွန့်ချင်စိတ်ပေါ် ပေါက်လာရလောက်အောင် ထိမိလှပါ၏။

# အဟိုက်မပြေပင်ပန်းရှာကြ

"အဝိဇ္ဇာ ပိတ်ကာဆို့၊ မိစ္ဆာမြို့ပြင်ပြင်၊ ဣဋ္ဌာလို့ ခင်မင်လျှင်၊ လွင့်စဉ်မည်မလွဲ၊ အရွတ်စု အပုပ် ကောင်ကို၊ အဟုတ်ယောင် မှားဖို့ဟန်နဲ၊ အသုဘ ရုပ်တစ္ဆေငယ်၊ မဟုတ်လေကိုယ်ထဲ၊ အပုပ်ရေ စိုတန့်ရွဲ ဟာမို့၊ ယိုမစဲသူ့မှာ၊ သွေးသည်းခြေ ပြည်သလိပ် တွေက၊ တည်မဆိတ်လျှမ်းပြည့်သည်သာ၊ သို့ကလောက် ရွံစရာကို၊ လွန်တဏှာ စွဲမက်လို့၊ စက်ဝဲမှာ တပေပေ၊ မွန်းနစ်ကြပလေ၊ တဏှာဖမ်းတဲ့

အကန်းတွေမှာ၊ အပန်းမပြေ ဟိုက်မောရှာကြလေး၊
တဏှာပူးတဲ့အရူးတွေမှာ၊ မမူးမပြေ မိုက်မော
ရှာကြလေး၊ တဏှာလိုက်တဲ့ အမိုက်တွေမှာ၊
အဟိုက်မပြေ ပင်ပန်းရှာကြလေး။"

ရှေ့ဆင့် နောက်ဆင့် ဖော်ပြခဲ့သော ဤ တေးထပ် နှစ်ပုဒ်၏ အဆုံးသတ် အပုဒ်များ၏ အရေးအသားမှာ ဆရာတော်ကြီးက မိမိ ပြောလိုသည်ကို ပဲ့တင်ထပ်ဟန်ဖြင့် ရေးသားထားသည်။

ခန္ဓာကိုယ်ကြီးကို တွယ်တာမိ၊ ခင်မင်မိမည်စိုး၍ ခန္ဓာကိုယ်ကြီး၏ စက်ဆုပ်ဖွယ်ရာအဖြစ်ကို ဆရာတော်ကြီးက-

"ကိုယ်ခန္ဓာ ကောင်ရုပ်က၊ ဟောင်ပုပ်ပုပ် နံညှီ၊
ကိုးဒွါရ ပြွန်နဒီမှာ၊ ရွံစလီပါပဲ၊
ဤကာယ ရုပ်အရှင်ကို ၊ အဟုတ်ပင်မှတ်ကြမစဲ၊
သုသာန်နှင့် တစပြင်မှာ၊ သူသေသွင် မလွဲ၊ ချွေး
မျက်ရည် နှပ်ချွဲက၊ ပြတ်မစဲ စီးယို၊
အိုင်း အနာနူ အန္တြယ်နှင့်၊ တူတူပဲ မှတ်ကြ
ကိုယ့်ကိုယ်"

ဟူ၍ လည်းကောင်း၊

"နှစ်မပါဗလာသုံး၊ အကာဖြုန်းစင်စင်၊ မသာတုံးပြင်ပြင်၊
ထင်မြင်ဖွယ်မှန်စွ၊ အနတ္တဤရုပ်ကောင်ငယ်၊
ညှီပုပ်ဟောင် ဆိုး ညစ်တန်လှ"

ဟူ၍ လည်းကောင်း ရေးသားတော်မူ၏။

တစ်ခါကလည်း ဆရာတော်ကြီးသည် မောင်ရောင်နီ ဆိုသူအား တေးထပ်တစ်ပုဒ် စပ်ဆိုဆုံးမတော်မူ၏။ တေးထပ်များကို စပ်ဆိုရာတွင် ဆရာတော်ကြီးက မိမိပြော လိုသည့် အရာကို ပိုင်ပိုင်ကြီး နာလန်မထူနိုင်အောင် ပြောချတတ် သည်ကို တွေ့ရ၏။ (ဗိုလ်ချုပ်အောင်ဆန်း ပြောဘိ သကဲ့သို့ အမြဲတမ်း မှတ်မိနေအောင် ဆရာတော်ကြီးက စကားလုံးပြောင်ပြောင်များ သုံးတတ်သည်ကို တွေ့ရ၏။)

မောင်ရောင်နီသည် မုံရွာမြို့အနီးရှိ ဆားတုံရွာသား ဖြစ်ပြီး အဘိဓမ္မာမောင်ရောင်နီဟုပင် အမည်ရ၍ အပြော သန်၊ အငြင်းသန်သူတစ်ဦး ဖြစ်ဟန်တူ၏။ မိမိ သိသမျှ တတ်သမျှလေးဖြင့် ထောင်လွှားလွှားလုပ်နေသည်ကို ဆရာ တော်ကြီးက အောက်ပါတေးထပ်ဖြင့် အစွယ်ချိုးလိုက်၏။

# အသိဉာဏ် တစ်ထွာလောက်ကယ်နှင့်

"တစ်ပိုင်းကြောင် ကျက်စာရရုံနှင့်၊ ခက်ပါလှသဘော ဉာဏ်၊ တက်မာန အပြောသန်တယ်၊ ဒေါသမာန်ထူပွား၊ စောဒက တုဘက်လာလျှင်၊ သူ့ထက်ငါ ငြင်းတဲ့ လူစား၊ ဘုရားဟော မြတ်ဓမ္မခန်ကို၊ တတ်လေဟန် ယောင်ဝါး၊ ပရမတ်ပြန် အကြောင်းသမားတွေတို့၊ ထောင်လွှားကြ သူ့ထက်ငါ၊ အသိဉာဏ် တစ်ထွာ လောက်ကယ်နှင့်၊ ညှာမထောက် ဟောတတ်လှပါ၊ ပရိသတ်ထောမနာအောင်၊ စောဒနာ ဉာဏ်အကောက် တွေနှင့်၊ ကန်အကြောက် အတင်းမရှောင်၊ ငြင်းကြ လူ့ဘောင်၊ ပိဋကတ်အစွယ်ထောင်လျှင်၊ အပါယ်ဘောင် ဆင်းရလိမ့်လေး။"

ဦးထွန်းဦးနှင့် ဦးထွန်းလှ အမည်ခံ အဘိဓမ္မာဆရာ နှစ်ဦးအား ဆုံးမသော ဩဝါဒတေးထပ်သည်လည်း ဆရာ တော်၏ တေးထပ်များအနက် တေးထပ်ကောင်း တစ်ပုဒ် ဖြစ်၏။ ဦးထွန်းဦးနှင့် ဦးထွန်းလှတို့သည် အလုံမြို့မှ အဘိဓမ္မာဆရာ နှစ်ဦးဖြစ်၏။ ယင်းတို့နှစ်ဦးသည် စာပေ အဟောအပြောကိုသာ အားကျ၍ ကမ္မဋ္ဌာန်း ဘာဝနာ ဝိပဿနာ ကိစ္စများကို အားမထုတ်ကြပေ။

ဆရာတော်ကြီးသည် ၁၂၆၄ ခုနှစ် အလုံမြို့ တောင်ဘက် ရွှေတော်ဦး တောရတွင် သီတင်းသုံးနေစဉ် အောက်ပါ ဩဝါဒတေးထပ်ကို ရေး၍ ဦးထွန်းဦး နှင့် ဦးထွန်းလှ တို့အား ဆုံးမခဲ့၏။

## လွှမ်းစရာ့ နှစ်လူ

"ထွန်းဦးနှင့်ထွန်းလှ၊ လွမ်းစရာ့နှစ်လူ၊ ကျမ်းဓမ္မ အဆူဆူမှာ၊ သူမတူညာဏ်သွား၊ ပြောဟောမှုထွေတလာ၊ ပဒေသာနှုတ်လျှာကပါး၊ အလုပ်နှင့်အဟုတ်တယ်လျှင်၊ ဆုတ်ပြယ်ပြယ်လူစား၊ တကယ်ဆိုရှောင်သမား၊ ပြောင်ကြွားကြွားဟန်ပို၊ ပြောဟော ညာဏ်စာအရေးမှာတော့၊ လျှာကလေး သွက်ကြသကို၊ သိလျက်သားနှင့် အမှားကိုခို၊ စကားထိုထို ရမယ်ဖွဲ့လို့၊ ဘယ်တဲ့ညာတဲ့၊ ယောင်ယောင်ပေါင်ပေါင်၊ ပြောကြဟန်ဆောင်၊ နစ်မြဲနစ်ဖို့၊ အလွတ်ရှောင်လျှင်၊ အကျွတ်ဟိုနောင်၊ ကွာလှမ်းရှာလိမ့်လေး။

ဆရာတော်ကြီးသည် လွှမ်းစရာ့နှစ်လူ တေးထပ်၌ အကျွတ်ဟိုနောင် ကွာလှမ်းရှာလိမ့်လေးဟု ရေးသားထားသလို၊ ရှင်မဟာရဋ္ဌသာရ၏ သုစိပုဘာ၊ ဝိလိသိဓာ အစချီကဗျာနိဂုံးတွင်လည်း အကျွတ်ဘယ်မှာဝေးတော့မည် ဟု ရေးသားထား၏။

လယ်တီဆရာတော်ကြီး၏ အရေးအသားများကို လေ့လာရာတွင် တစ်နေရာ၌ ဆရာတော်ကြီး-

"သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်များကို၊ သုံးပါးမွန်စွာ၊ ဝန္ဒာနာနှင့်၊"

ဟူ၍ ရေးသားထား၏။

ဤ အရေးအသားမျိုးကို ရှင်ဥတ္တမကျော်၏ တောလားတွင်-

"မာန်ပုံဖက်၍၊ မင်းထက် မင်းဖျား၊ တို့ဘုရားကို၊
ညွတ်တွားသဒ္ဓါ၊ ဖူးပွင့်လာ၏။

ထို့ကြောင့် ဆရာတော်ကြီးက အခြား ကဝိအကျော်အမော်တို့၏ အရေးအသားတို့မှ မိမိ ကြိုက်နှစ်သက်သည်များကို အလျဉ်းသင့်လျှင်သင့်သလို ယူငင်သုံးစွဲတတ်သည်ဟုလည်း ယူဆစရာရှိပါ၏။

ယခုခေတ် သတင်းအရေးအသားများတွင် ပစ်ရမစ်ပုံဟူသော သတင်းရေးသားသည့် ပုံစံတစ်ရပ်ရှိ၏။ ထိုပုံစံမှာ သတင်းသည် တစ်စတစ်စ ကြီးကျယ်သွားပြီး အကြီးကျယ်ဆုံးသတင်းကို နောက်ဆုံးမှ ထား၍ ရေးသားဟန်ဖြစ်ပါ၏။ ပုံသဏ္ဌာန်အားဖြင့် ဓားပြမှုတစ်ခုသတင်းကို ရေးရာတွင် ဓားပြများလူစုပုံ၊ ရဲမှ သတင်းရပုံ၊ ဓားပြများ

အိမ်ဝင်စီးပုံ၊ အိမ်မှခုခံပုံ၊ ရဲများရောက်လာ၍ တိုက်ပွဲဖြစ်ကာ အသေအပျောက် ရှိပုံကို တစ်ဆင့်ပြီးတစ်ဆင့် ရေးသားသော သတင်း ပုံစံမျိုးဖြစ်၏။

လယ်တီ ဆရာတော်ကြီးက သာသနာလင်္ကာ ရေးသားရာတွင် ပစ်ရမစ်ပုံသတင်းအရေးအသားဖြင့် ဗုဒ္ဓရှင်တော်မြတ်အား-

"လူမင်းတကာတို့၏ ဥက္ကင်၊ နတ်မင်းတကာတို့၏ ခေါင်ဖျား၊ သိကြားမင်းတကာတို့၏ ရာဇာ၊ ဗြဟ္မာမင်းတကာတို့၏မကိုဋ်၊ သောင်းထိုက်ရပ်ငူ၊ ဝေနေယျာဗိုလ်လူဝယ်၊ တစ်ဆူတည်းပေါ်ထွန်း၍ နေဝန်းကြီးသဖွယ် ဖြစ်တော်မူသော မြတ်စွာ ဘုရား"

ဟု ရေးသားခဲ့၏။

အလွန့်အလွန် ကောင်းမွန်သော ပစ်ရမစ်သတင်းရေးပုံစံဖြစ်ပါ၏။ ဆရာတော်ကြီး ငယ်စဉ်က ရေးသားသော ရတုကဗျာတို့သည် ကြီးမှရေးသားသော ရတုကဗျာတို့နှင့် မတူ၊ ငယ်ငယ်ကရေးသော ကဗျာများတွင် တက်တက်ကြွကြွ ခုံခုံမင်မင်နှင့် ချစ်စရာအစနလေးများ စုံစုံလင်လင် ပါရှိသည်။

ကြီးမှရေးသားသော ကဗျာ လင်္ကာ အားလုံးတို့သည် အဝိဇ္ဇာတဏှာကို ကျော်ခိုင်း၍ နိဗ္ဗာန်သို့ မျက်မှောက်

ပြုကြရန် ကြောင်းကျိုးပြရေးမှုချည်းသာဖြစ်ပါ၏။ ငယ်စဉ် ဉာဏ်မီးတောက်စအရွယ်က ရေးသားခဲ့သော ကဗျာများမှ အနုအလှတို့မှာ လေ့လာမှတ်သားစရာ ဖြစ်ပါ၏။

ဆရာတော်ကြီး၏ မဟော်ကျေးစေ ရတုကဗျာတွင် ကျေးသားအား-

"မြသက်တင့်သွေး၊ နုနုရေးသည်၊ ညွတ်ကွေးသူ့
အတောင်၊ သန္တာနှုတ်သီး၊ ရှုမငြီးသည်"

ဟု ရေးသားထား၏။

ယင်းကျေးစေရတုတွင်ပင် ဆရာတော်ကြီးက တိမ်ဘွဲ့ကို အောက်ပါအတိုင်း ဖွဲ့နွဲ့ထားပါ၏။

"လေသင်တိုင်းသွေ့၊ တိမ်လှိုင်းဝေ့သည်၊ မြေ့မြေ့
ကြွေလုဆဲနှင့်၊ မိလ္လာကြဲသည်၊ တိမ်ခဲ အဆိုင်ဆိုင်၊
အညွန့်အညွန့်၊ တိမ်အခွန့်မှာ၊ စိန်ညွန့် မလ္လာခိုင်သို့၊
မိုးလုံးပြိုင်သည်၊ ရွှေဆိုင်တော်အလား၊ အစုအစု၊
တိမ်အထုသည်၊ အခု ကြွေယောင်သားနှင့်"

ဟု ရေးသားထား၏။

ထို ရတုကဗျာများတွင်ပင် မဟော်ကျမ်းနှင့် သာလိကာမလေးကို. . . .

"ပိယကောင်းသည်၊ နွဲ့နှောင်း ရဲတမန်၊ သာလိကာ
ညိုစိမ့်၊ ကိုယ်လုံးဖိမ့်မျှ ၊ သိမ့်သိမ့်တုန်"

ဟု ရေးသားထား၏။

ဆရာတော်ကြီး၏ အရေးအသားများထဲတွင် ခေတ်ကို ရောင်ပြန်ဟပ်သော စကားလုံးများနှင့် အဓိပ္ပာယ် အလွန် သိပ်သည်း ကျစ်လျစ်သည့် စကားလုံးများကိုလည်း မကြာ ခဏ တွေ့ရ၏။

လယ်တီဆရာတော်ကြီးက သူ၏ ဒီပဲယင်း သေရည် သေရက် မေတ္တာစာတွင် အပါယ်ဘုံ ပုလိပ်သားဟူ၍ လည်းကောင်း၊ နွားမေတ္တာစာတွင် သတင်း စာကမ်း လိုက်သည်ဟူသော အသုံးအနှုန်းကိုလည်းကောင်း တွေ့ရ၏။ ပုလိပ်ဆိုသည့် စကားမှာ အင်္ဂလိပ်စကားဖြစ်ပြီး အပါယ် ဘုံနှင့်တွဲ၍ သုံးထား၏။

လယ်တီဆရာတော်ကြီးသည် တစ်စုံတစ်ဦးက ရှင်းရှင်း လင်းလင်း သေသေချာချာ နားလည်ခြင်းကို မြင်လုံးထွား သည်ဟု မြန်မာစကားလုံးဖြင့်ပင် ထင်ထင်ရှားရှား ဖြစ် အောင် ရေးသားခဲ့၏။ တစ်ခါက စံကျောင်းဆရာတော် ကြီးသည် ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့၏ ပါရမီတော်များနှင့်စပ်လျဉ်း၍ အမေးပုစ္ဆာ ၂၀ ကို ပါဠိ ဘာသာဖြင့် ရေးသားခဲ့၏။ ထိုသို့ရေးသားပြီး ပညာ

ရှိသူတို့ ကျမ်းဂန်အထောက်အထားများနှင့် ဖြေဆိုကြပါဟု ဆိုကာ ဖြန့်ဝေပေးခဲ့၏။

ထိုအချိန်က လယ်တီ ဆရာတော်သည် ၁၄ ဝါရ ပထမစာချအဖြစ် စံကျောင်း၌ ရှိနေစဉ် ဖြစ်၏။ လယ်တီ ဆရာတော်သည် စံကျောင်းဆရာတော်ကြီး၏ အမေးပုစ္ဆာ များကို အချက်အလက် အထောက်အထားများနှင့် တကွ ပါရမီဒီပနီကျမ်းကို ရေးသားဖြေဆိုတော်မူ၏။ ဤကျမ်း သည် လယ်တီဆရာတော်ကြီး ပထမဆုံး ရေးသားတော် မူသည့် ကျမ်းဖြစ်၏။

ထိုဖြေဆိုချက်ကို လယ်တီဆရာတော်က စံကျောင်း ဆရာတော်အား ပြသသောအခါ စံကျောင်း ဆရာတော် ကြီးက "နင့်လိုလူကို ငါရည်ရွယ် မေးသည်မဟုတ်၊ သည် ပုစ္ဆာ နင့်အရာလော" ဟုဆိုကာ ထိုစာအုပ်ကို ဖတ်မျှပင် မကြည့်ဘဲ လွှင့်ပစ်သောဟူ၏။ အနီးရှိ ရဟန်းတစ်ပါးက ကောက်ယူ သိမ်းထားရသည်ဆို၏။ နောင်တွင် ထိုစာအုပ်

သည် ထင်ရှားသည့် ကျမ်းစာတစ်အုပ် ဖြစ်ပေါ်လာပြီး အချို့သောပညာရှင်များ၊ ပါဠိကျွမ်းကျင်သူများက နောက်ပိုင်း အကဲဖြတ်ရာ၌ ပါဠိလို စံကျောင်း ဆရာတော်ကြီး မေးထားသော အမေးများထက် လယ်တီဆရာတော် ဖြေဆို ထားသောအဖြေများသည် ပါဠိအရေးအသား ပို၍ညက်ညက် ညောညောရှိသည်ဟု ဆိုကြ၏။

# ၇။ သဒ္ဒါ၊ အဘိဓမ္မာ နှင့် လယ်တီ

မြန်မာ့သာသနာရေးလောကနှင့် စာပေလောကတွင်-

အဘိဓမ္မာ၊ သဒ္ဒါအစရှိသော စကားများနှင့် လယ်တီ ဟူသော စကားလုံးများသည် ခွဲခြား၍မရ။ လယ်တီ ဟု ဆိုပါက အဘိဓမ္မာအကြောင်းများနှင့် သဒ္ဒါ အကြောင်း များသည် တွဲ၍ ပါလာရ၏။

ရှေးအခါက သီရိလင်္ကာသားတို့သည် မြန်မာနိုင်ငံ၌ သဒ္ဒါတတ်သူမရှိ၊ အဘိဓမ္မာတတ်သူမရှိ၊ မြန်မာနိုင်ငံသည် သဒ္ဒါတတ်သူမရှိခြင်းကြောင့် သဒ္ဒါနှင့်ဆိုင်သော ကျမ်းစာ တစ်စောင်တစ်ဖွဲ့ကိုမျှ ရေးသားထားခြင်း မရှိသည့်ပြင် သီရိ လင်္ကာသားတို့ အလေးဂရုပြုသော ကစ္စည်းသဒ္ဒါကိုပင် အလေးထားကာ သင်ကြား ပို့ချကြသည်။ အလားတူပင်

မြန်မာနိုင်ငံတွင် အဘိဓမ္မာတတ်သူလည်းမရှိ၊ အဘိဓမ္မာကျမ်း တစ်စောင် ပေတစ်ဖွဲ့မျှလည်းမရှိ၊ မရှိရုံမျှမက ချွတ်ချော်မှား ယွင်းမှုများနှင့် ပြည့်နေသောအဘိဓမ္မတ္ထ ဝိဘာဝနီဋီကာကျမ်း ကိုပင် အလေးအမြတ်ပြုနေသေး၏ဟု ကဲ့ရဲ့ရှုတ်ချခဲ့ ကြ၏။

သီရိလင်္ကာသားတို့သည် ထိုကဲ့သို့ ရှုတ်ချကြသော်လည်း မြန်မာနိုင်ငံမှ သဒ္ဒနီတိကဲ့သို့သောကျမ်းကို တွေ့ကြရသော အခါ သီရိလင်္ကာသားတို့သည် မြန်မာနိုင်ငံ၌ သဒ္ဒါတတ်သူ မရှိဟူသော စွပ်စွဲချက်ကို ပယ်ဖျက်လိုက်ကြ၏။ သဒ္ဒနီတိ ကျမ်းကို ပြုစုရေးသားသူမှာ ပုဂံပြည်သား အရှင်အဂ္ဂဝံသ မထေရ်မြတ်ဖြစ်၏။ အရှင်အဂ္ဂဝံသမထေရ်မြတ်က သဒ္ဒ နီတိကျမ်းကို ပြုစုသည်ဟု သီရိလင်္ကာသားတို့ ကြားသော အခါ မြန်မာနိုင်ငံသို့ လာရောက် လေ့လာကြ၏။

သီရိလင်္ကာသားတို့သည် သဒ္ဒနီတိကျမ်းကို အသေအချာ လေ့လာကြ၏။ ထိုကဲ့သို့ လေ့လာပြီးသည့်နောက် သီရိလင်္ကာ သားတို့က အရှင်အဂ္ဂဝံသမထေရ်၏ သဒ္ဒနီတိကျမ်းသည် အလွန်ကောင်းမြတ်သော ကျမ်းကြီးတစ်စောင်ဖြစ်သည်။ ဤ ကျမ်းကိုရေးသားသူ အရှင်မြတ်မှာလည်း သဒ္ဒါတွင်တစ်ဖက် ကမ်းခတ်၍ သဒ္ဒါပါရဂူ ဆိုရလောက်ပါ၏ဟု ချီးမွမ်း ကြ၏။

ထိုကဲ့သို့သော ချီးမွမ်းချက်နှင့်အတူ မြန်မာနိုင်ငံ၌ သဒ္ဒါတတ်သူမရှိဟူသော စွပ်စွဲမှုကိုလည်း ပယ်ဖျက်ခဲ့ကြ၏။

သို့သော် သီရိလင်္ကာသားတို့က မြန်မာနိုင်ငံ၌ အဘိဓမ္မာတတ်ကျွမ်းသူကား မရှိသေးဟု ဆက်လက် စွပ်စွဲမြဲ စွပ်စွဲနေခဲ့၏။ လက်တီဆရာတော်ကြီးသည် ငယ်စဉ် စာသင်သားဘဝကပင် မြန်မာနိုင်ငံ၌ အဘိဓမ္မာတတ်ကျွမ်းသူ မရှိဟူသော စွပ်စွဲချက်ကို မိမိဖြိုဖျက်အံ့ဟု စိတ်ထဲ၌ ဆုံးဖြတ်ချက်ချခဲ့၏။ အမှန်စင်စစ်၊ မြန်မာနိုင်ငံတွင် အဘိဓမ္မာတတ်ကျွမ်းသူမရှိဟူသော သီရိလင်္ကာသားတို့၏ စွပ်စွဲချက်သည် လုံးဝမှန်ကန်သော အချက်မဟုတ်။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျမ်းကို အလေးအမြတ် ပြုကြသည်ဟူသော အချက်မှာလည်း လုံးဝမမှန်ကန်ပေ။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာအား လေ့လာဖတ်ရှုကြသူများ ရှိသင့်သလောက်ရှိကြ၏။ သို့သော် မင်းတုန်းမင်းလက်ထက် မန္တလေးမြို့တော်ရှိ စာတတ်အကျော်အမော် ဆရာတော်တို့သည် အဘိဓမ္မတ္ထဝိဘာဝနီဋီကာကို သုံးစွဲသင်ကြားရန် တားမြစ်ခဲ့ကြ၏။ တားမြစ်ရာတွင် ဆရာတော်ကြီးများက "အဘိဓမ္မတ္ထဝိဘာဝနီဋီကာ (ဋီကာကျော်) နှင့် မဏိသာရမဉ္ဇူသာဋီကာများကို သင်ကြားခြင်း မပြုကုန်လင့်၊ အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျမ်းတွင် ချွတ်ချော်မှားယွင်းမှုများ ရှိနေ၍ မဏိသာရမဉ္ဇူသာဋီကာကျမ်းသည်

အနှစ်မပါ၊ အကာအတိ ကျမ်းလေးသော စကားများနှင့်သာ ပြည့်နေ၏”ဟု မိန့်ကြားခဲ့ကြ၏။

မဏိသာရမဉ္ဇူသာဋီကာသည် အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျမ်းကြီး၏ အဖွင့်ကျမ်းဖြစ်၏။ ယင်း မဏိသာရ မဉ္ဇူသာဋီကာကိုရေးသားသူမှာ အင်းဝရဟန်းတော် အရှင် အရိယဝံသဖြစ်၏။ လယ်တီဆရာတော်ကြီးသည် သီရိလင်္ကာ သားတို့၏ ရှုတ်ချမှုကို ခြေဖျက်ရန်အတွက် အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ၏ ချွတ်ချော်မှုများကို ဖော်ထုတ်ပြီး ကျမ်း တစ်စောင်ရေးသားရန် ကြိုးပမ်းခဲ့၏။

ဆရာတော်ကြီးသည် အဘိဓမ္မတ္ထဝိဘာဝနီဋီကာ (ဋီကာ ကျော်)ကို ဘုရားဟော ပိဋကတ်ကျမ်း စာအုပ်တို့နှင့် အကြိမ်ကြိမ်ညှိနှိုင်းကာ ချွတ်ချော်ချက်များကို ရှာဖွေပြီး ၁၂၅၉ ခုနှစ် တန်ဆောင်မုန်းလ၌ အဘိဓမ္မာ ဆိုင်ရာအဖွင့် ပရမတ္ထဒီပနီမည်သော ဋီကာသစ်(ဋီကာမော်) ပါဠိကျမ်းကြီး တစ်စောင်ကို ရေးသားတော်မူ၏။

လယ်တီ ဆရာတော်ကြီးသည် ပရမတ္ထဒီပနီကျမ်းကို ရေးသားပြီးသည့်နောက် ယင်းကျမ်းကို ဝိသုဒ္ဓါရုံဆရာတော် ကြီးထံပို့၍ ဆရာတော်ကြီး၏တည်းဖြတ်မှုကို ခံယူခဲ့၏။ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးသည် ပရမတ္ထဒီပနီကျမ်းအား အကြိမ်ကြိမ်လေ့လာပြီးသည့်အခါ “ဤကျမ်းသည် သဒ္ဒါ

အနက် ဝါကျအထားအသိုမှစ၍ ထပ်မံပြင်ဆင်ဖွယ်ရာမရှိ။ ပါဠိတော်အထောက်အထား စုံလင်၍ ကျမ်းကောင်းတစ်ဆူ ဖြစ်သည်။ စာသင်သားတို့၏ အကျိုးငှာ အမြန် ပုံနှိပ်သင့်သည်”ဟု စာပြန်ခဲ့၏။ ပရမတ္ထဒီပနီကျမ်းကို ၁၂၅၉ ခုနှစ်တွင် ပုံနှိပ်ခဲ့၏။ ပရမတ္ထဒီပနီကျမ်းတွင် ဆရာတော်ကြီးက ဋီကာကျော်၏အမှားပေါင်း ၂၄၅ ချက်ကို ထုတ်ပြခဲ့၏။

ထိုအမှားတို့မှာ-

(၁) စိတ်ပိုင်းနှင့်ပတ်သက်သောအမှား ၇၀ ခု၊
(၂) စေတသိက်ပိုင်းနှင့် ပတ်သက်သောအမှား ၁၂ ခု၊
(၃) ပကိဏ်းပိုင်းနှင့် ပတ်သက်သောအမှား ၃၂ ခု၊
(၄) ဝီထိပိုင်းနှင့် ပတ်သက်သောအမှား ၂၆ ခု၊
(၅) ဝီထိမုတ်ပိုင်းနှင့် ပတ်သက်သောအမှား ၃၄ ခု၊
(၆) ရုပ်ပိုင်းနှင့် ပတ်သက်သောအမှား ၂၉ ခု၊
(၇) သမုစ္စည်းပိုင်းနှင့် ပတ်သက်သောအမှား ၂၀ ခု၊
(၈) ပစ္စည်းပိုင်းနှင့် ပတ်သက်သောအမှား ၁၉ ခု၊
(၉) ကမ္မဋ္ဌာန်းပိုင်းနှင့် ပတ်သက်သောအမှား ၃ ခု၊

စုစုပေါင်း အပိုင်းကိုးပိုင်းတွင် အမှား ၂၄၅ ခုရှိခဲ့၏။ ထိုအမှားများထဲတွင် သဒ္ဒါမှားမှု၊ အယူအဆမှားမှု၊ အနက်မှားမှု စသည်တို့ကို တွေ့ရ၏။

ပရမတ္ထဒီပနီကျမ်း (ဋီကာမော်) ထွက်ပေါ်လာသောအခါ လယ်တီဆရာတော်အား ရဟန်းရှင်လူတို့က ဆန့်ကျင်ခြင်းများ ဖြစ်ပေါ်လာခဲ့၏။

ပရမတ္ထဒီပနီကျမ်းသည် ပါဠိဘာသာအားဖြင့် အလွန်အရေးအသား ညက်ညောပြောင်မြောက်၍ ဆရာတော်ကြီးသည် ပါဠိဘုရင်တစ်ဆူဖြစ်ကြောင်း သက်သေပြစရာ အထောက်အထားတစ်ခုလည်း ဖြစ်ပေ၏။

လယ်တီဆရာတော်သည် အဘိဓမ္မာနှင့်ပတ်သက်၍ ထိုကဲ့သို့ ယောကျ်ားတို့၏အစွမ်းကို ဖော်ထုတ်သကဲ့သို့ သဒ္ဒါနှင့်ပတ်သက်၍လည်း လယ်တီသဒ္ဒါချနည်းကို တီထွင်တော်မူခဲ့၏။

လယ်တီသဒ္ဒါချနည်းသည် ရူပသိဒ္ဓိပေစာကို အခြေခံ၍ သင်ကြားသော သဒ္ဒါချနည်းဖြစ်၏။ လယ်တီဆရာတော်သည် စာချအဖြစ်နေတော်မူစဉ်က တစ်နေ့တွင် သစ်ဆိမ့်ကျောင်းတိုက် ဘုန်းကြီးဦးရွှေရထံသို့ အလည်သွားခဲ့၏။ သစ်ဆိမ့်ကျောင်းတိုက်မှ စာတိုပေစများကို လယ်တီဆရာတော်လှန်လှောကြည့်မိရာမှ ရူပသိဒ္ဓိကျမ်းစာကို တွေ့ခဲ့ကြောင်းဖြစ်၍ လယ်တီမဟာထေရုပ္ပတ္တိကထာတွင် လယ်တီဦးဝဏ္ဏိတက ရေးသားထား၏။

ထိုသို့တွေ့ရှိရာမှ လယ်တီ ဆရာတော်က ယင်းကျမ်းစာကို ဖတ်ကြည့်ပြီး ဤကျမ်းသည် သဒ္ဒါနှင့် ပတ်သက်၍ အရေးကြီးကြောင်း ချက်ချင်းသိတော်မူခဲ့၏။ ထို့ကြောင့် ရူပသိဒ္ဓိကျမ်းကို ဝီရိယစိုက်၍ သေသေချာချာ ပို့ချပါက သဒ္ဒါဘက်တွင် တစ်ဘက်ကမ်းခတ်နိုင်ကြောင်း ချက်ချင်းသိသည်နှင့် ယင်းကျမ်းစာကို ယူခဲ့လေ၏။

ရူပသိဒ္ဓိပေစာကို ဆရာတော်ကြီးက အမြော်အမြင်ကြီးစွာဖြင့် ယူဆောင်ခဲ့သော်လည်း ထိုပေစာကို သင်ကြားခံယူမည့်သူမရှိဖြစ်ခဲ့၏။ ထိုအခါ ဆရာတော်ကြီးက အချို့သောသာမဏေကြီးတို့အား ထီး၊ ဖိနပ်၊ သင်္ကန်းစသည်တို့ပေး၍ ချော့မော့သင်ကြားရသောဟူ၏။ ထိုကဲ့သို့ သင်ကြားကြည့်သောအခါ သင်ကြားခံရသူ ရဟန်းတို့သည် သဒ္ဒါကို တစ်ဖက်ကမ်းခတ် တတ်မြောက်သည်ဟု သိရ၏။

လယ်တီဆရာတော်ကြီးသည် သဒ္ဒါကျမ်းနှင့် ပတ်သက်၍ နိရုတ္တိဒီပနီမည်သော ကျမ်းတစ်စောင်ကိုလည်း ၁၂၆၅ ခုနှစ်တွင် ရေးသားပြုစုတော်မူခဲ့၏။ နိရုတ္တိဒီပနီကျမ်းသည် ပါဠိကျမ်းကြီးတစ်ခုဖြစ်၍ မြန်မာနိုင်ငံထုတ် အဓိကရပါဠိကျမ်းများအနက် ထင်ရှားသော ကျမ်းကြီးတစ်စောင်ဖြစ်၏။

လယ်တီဆရာတော်ကြီး၏ ဋီကာမော်ကို များစွာသော ရဟန်းရှင်လူတို့က ဆန့်ကျင်ခဲ့ကြသော်လည်း သီရိလင်္ကာ

နိုင်ငံကမူအလေးထားလေ့လာခဲ့၏။ လေ့လာရုံမျှမက ပရမတ္ထဒီပနီကို သီရိလင်္ကာနိုင်ငံ၌ ထုတ်ဝေရန်ပင် စီစဉ်ခဲ့သည်ဟု သိရ၏။ ဤအချက်သည် မြန်မာတို့အဖို့ အထူးဂုဏ်ယူဖွယ်ရာကြီးဖြစ်၏။ သို့သော်လည်း မြန်မာနိုင်ငံမှ သီရိလင်္ကာရောက် ဆရာတော်ကြီးတစ်ပါးက သီရိလင်္ကာတွင် ယင်းပရမတ္ထဒီပနီကျမ်းကို ပုံနှိပ်ထုတ်ဝေရန် မလိုအပ်ဟုဆိုသောကြောင့် ပုံမနှိပ်ဖြစ်ဟု သိရသည်။

လယ်တီဆရာတော်ကြီးသည် အဘိဓမ္မာနှင့် သဒ္ဒါဆိုင်ရာကျမ်းများကိုသာ ဤကဲ့သို့ တုန်လှုပ်ချောက်ချားဖွယ်ရာ ရေးခဲ့သည်မဟုတ်။ အခြားကျမ်းပေါင်းတစ်ရာကျော်ကိုလည်း ရေးသားခဲ့သည်။

ထိုကဲ့သို့ ဆရာတော်ကြီးရေးသားခဲ့သော ကျမ်းများထဲမှ- သမ္မာဒိဋ္ဌိဒီပနီ၊ စတုသစ္စဒီပနီ ၊ ဗောဓိပက္ခိယဒီပနီ၊ ဥတ္တမပုရိသဒီပနီ၊ မဂ္ဂင်ဒီပနီ ၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ အစရှိသော ဒီပနီကျမ်းများကို ရန်ကုန်တက္ကသိုလ်၌ဗုဒ္ဓကျမ်းစာ သင်ယူနေသော ကျောင်းသားများအတွက် သင်ကြားလေ့လာရန် ပြဋ္ဌာန်းထား၏။

**သမ္မာဒိဋ္ဌိဒီပနီကျမ်း**ကို ဆရာတော်ကြီးက ပါဠိဘာသာနှင့်ရေးသားခဲ့ပြီး ယင်းကျမ်းတွင် မစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိကို ရှင်းလင်းထား၏။

**စတုသစ္စာဒီပနီ**ကျမ်းတွင် သစ္စာလေးပါးအကြောင်းကို အကျယ်တဝင့် ရှင်းလင်းထား၏။

**ဗောဓိပက္ခိယဒီပနီ**ကျမ်းတွင် ပိဋကတ်သုံးပုံကို ခြုံ၍ ကြည့်ပါက သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဖြစ်သည့် ဗောဓိပက္ခိယတရား ၃၇ ပါးသာရှိကြောင်း၊ ယင်းဗောဓိပက္ခိယတရား ၃၇ ပါးကို အဆီထုတ်လိုက်ပါက သီလ၊ သမာဓိ၊ ပညာဟူ၍ သိက္ခာသုံးပါးသာရှိကြောင်း ပြဆိုသည့် ကျမ်းဖြစ်၏။

ဥတ္တမပုရိသဒီပနီကျမ်းသည် ယောက်ျားမြတ်တို့၏ အကြောင်းကို ပြဆိုသည့်ကျမ်းဖြစ်၏။ မြန်မာဘာသာဖြင့် ရေးသားထား၍ ပါရမီ ၁၀ ပါး အဓိပ္ပာယ်ကို ရှင်းရှင်း လင်းလင်း ဖွင့်ဆိုရေးသားထားသည်။

ဆရာတော်သည် မဟော်ကျေးစေခန်း၊ သံဝေဂ ကဗျာများ၊ လေးချိုးကြီးများ၊ မေတ္တာစာများ၊ တေးထပ် များ၊ အန္တရာယ်ကင်း အမိန့်တော်ပြန်တမ်းများကိုလည်း ရေးသားခဲ့၏။

ထိုကဲ့သို့ ပါဠိမြန်မာကျမ်းစာများကို စီရင်ရေးသားတော်မူနိုင်သည့်အတွက် အင်္ဂလိပ်တို့သည် လယ်တီဆရာတော်ကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့နှင့် ဒီလစ်ခေါ် စာပေပါရဂူဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ သို့သော်လည်း ယင်းဘွဲ့နှစ်ခုစလုံးကို ဆရာတော်ကြီးက သွားရောက် လက်ခံယူခြင်း မရှိခဲ့ပါ။

## ၈။ တိုင်းနိုင်ငံလုံး ထီးစည်ပါဆုံး

လယ်တီဆရာတော်ဘုရားသည် အမျိုးသားစိတ်၊ အမျိုးသားမာန်ရှိသူ သာသနာ့ အာဇာနည် တစ်ပါးဖြစ်၏။ လယ်တီဆရာတော်သည် အမျိုးသားရေးကို အသိမ်မွေ့ဆုံး ရှုထောင့်မှ နေ၍ လုပ်ဆောင်ခဲ့သူ ဖြစ်၏။

လယ်တီဆရာတော်၏ အမျိုးသားစိတ်နှင့်ပတ်သက်၍ များစွာသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့က လယ်တီဆရာတော်ဘုရားသည် အင်္ဂလိပ်ဘုရင်ခံ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတနှင့် ဒီလစ်ခေါ်ပိဋကတ္တယ ပါရဂူဘွဲ့ကို ကိုယ်တော်တိုင်မယူ၊ ဆရာတော်ထံ လာရောက် ဆက်ကပ်စေသည်။ ထို့ကြောင့် အမျိုးသားစိတ်၊ အမျိုးသားမာန်ရှိသည်ဟူ၍ ကောက်ချက်ချခဲ့ကြသည်။

ဒီလစ်ဘွဲ့ကို ကိုယ်တော်တိုင် မယူရုံမျှနှင့် အမျိုးသား စိတ် အမျိုးသားမာန်ရှိသူအဖြစ် ကောက်ချက်မချလိုပါ။ လယ်တီဆရာတော်အနေဖြင့် ကြည့်ပါက အဂ္ဂမဟာပဏ္ဍိတ ဟူသောဘွဲ့သည်လည်းကောင်း၊ ဒီလစ်ခေါ်ဘွဲ့သည်လည်း ကောင်း သွားရောက်ယူရလောက်အောင် ကြီးကျယ်သည်များ မဟုတ်။ လယ်တီဆရာတော်အတွက် ထိုကိစ္စသည်ဘာမျှ လည်းမကြီးမကျယ်။ လယ်တီဆရာတော်အဖို့ ထိုဘွဲ့ထူး ဂုဏ်ထူးများသည် နွားသားမစားပါဟု လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်က လျှုဒါန်းသလောက် အရေးကြီးသောအရာများ မဟုတ်။ ထို့ကြောင့် အရေးကြီးသော ကိစ္စတစ်ရပ်မဟုတ်၍ ဆရာတော်သည် ကိုယ်တော်တိုင် မယူခြင်းဟုသာ ထင်မြင် မိသည်။

ဒီလစ်ဟူသောဘွဲ့ကို အင်္ဂလိပ်အစိုးက ပေးမှသာ မဟုတ်။ ဘယ်အစိုးရ ဘယ်အဖွဲ့အစည်းက ပေးစေကာမူ ဆရာတော်ကြီးသည် ကြွရောက်ယူရန် အကြောင်းမရှိ။

အမျိုးသားရေးနှင့် ပတ်သက်ပါက ယခုထက် ပိုမို လေးနက်သော လုပ်ဆောင်ချက်များရှိသည်။

လယ်တီဆရာတော်သည် နွားသားမစားရေး ဟောကြား ရာတွင် အမျိုးသားရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး သဘောထား များရှိ၏။ ဆရာတော်ကြီးသည် သီပေါမင်းကာလ မန္တလေး

တွင်ဖြစ်ပွားသည့် နန်းတွင်း နန်းပြင် အရေးအခင်းများကိုလည်း ကိုယ်တိုင် ကြုံတွေ့ခဲ့ရ၏။ နယ်ချဲ့အင်္ဂလိပ်တို့ သီပေါဘုရင်အား ဖမ်းဆီးသွားသည်ကိုလည်း ကိုယ်တိုင်ကြုံတွေ့ ခံစားရ၏။

ဆရာတော်ကြီးက အင်္ဂလိပ်တို့ မြန်မာနိုင်ငံအား စိုးမိုးအုပ်ချုပ်သည်ကို လက်မခံလို။ လက်မခံလိုသည့် ပထမအချက်မှာ သာသနာရေးကြောင့်ဖြစ်ပြီး ဒုတိယအချက်မှာ အမျိုးသားရေးကြောင့်ဖြစ်၏။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံအား အုပ်စိုးပါက အမျိုးဘာသာ သာသနာ ညှိုးနွမ်းမည့်အဖြစ်ကို ဆရာတော်ကြီး သိ၏။

ထို့ကြောင့် ဆရာတော်ကြီးသည် နယ်ချဲ့တို့၏ ဓလေ့စရိုက်သုံးခုကို တိတိကျကျကြီး ဆန့်ကျင်ခဲ့၏။ ပထမဆန့်ကျင်သည်မှာ နွားသားမစားရ ဖြစ်၏။ ဆရာတော်ကြီးက မြန်မာနိုင်ငံကို ကုလားဖြူများ အုပ်ချုပ်တော့မည်။ ယင်းတို့ အုပ်ချုပ်ပါက ကုန်းသတ္တဝါများ သေကြေပျက်စီးကြရမည်။ ထို့ကြောင့် မိမိကိုယ်တိုင်လည်း နွားသားမစားဘဲနေမည်။ တပည့် သံဃာတော်များအားလည်း နွားသားမစားရန် တိုက်တွန်းပြီး ပရိတ်သတ်အားလည်း နွားသားမစားရန် တရားဟောခဲ့၏။

ဆရာတော်ကြီးက အင်္ဂလိပ်တို့ စိုးမိုးအုပ်ချုပ်မှုနှင့် ပတ်သက်၍ မိမိ၏သဘောထားကို ထုတ်ဖော်ရေးသားရာတွင် ယခုကဲ့သို့ နယ်ချဲ့တို့လက်အောက်၌ သူ့ကျွန်ဖြစ်နေရခြင်းကို အုပ်စိုးသူမင်းကြောင့်၊ အမတ်ကြောင့်၊ ဘယ်သူဘယ်ဝါကြောင့်ဟူ၍ ပြောမနေဘဲ တစ်တိုင်းပြည်လုံး၏ ကြမ္မာကြောင့်ဟုသာ သဘောထားရန်နှင့် ယခုလိုအချိန်တွင် မိမိကိုယ်ကိုမိမိ ကောင်းအောင်သာနေရန်၊ မိမိတို့ တရားမပျက်ရန်ကို ဟောကြားခဲ့ရ၏။

"ခေတ်ကာလတစ်ခု၊ ဖြစ်လာရအမှုမှာ၊ ဘယ်သူ့ကို
ကိုးစား၊ ဘယ်သူ့ကို ငြိုးထားမည် ၊ ယိုးမှားလို့
မသင့်၊ စဉ်းစားဖို့အခွင့်မှာ ၊ အချိန်သင့်ခါမှန်းမည်ဟု၊
တစ်တိုင်းလုံး ကြမ္မာ။"

ဆရာတော်ကြီးက ဘယ်သူ့ကိုမျှ ယိုးမယ်ဖွဲ့၍ အပြစ်တင်မနေဘဲ အင်္ဂလိပ်နယ်ချဲ့သမားကို မကြိုက်မနှစ်သက်ပါက သူတို့လုပ်သည်တို့ကို လိုက်မလုပ်ရန်၊ ကိုယ့်အမျိုးကိုယ့်ဘာသာ စည်းဝိုင်းအတွင်း၌သာ နေထိုင်စားသောက်ရန်ကို သတိပေး ဟောကြားခဲ့၏။

ဆရာတော်ကြီး၏ နွားသားမစားရေး တရားတွင် အမျိုးသားရေးအမြင် ပါရှိ၏။ သို့သော်လည်း ဆရာတော်ကြီးက သူ၏အမြင်ကို ထင်ထင်ရှားရှားကြီးကား မဟော

ခဲ့ပေ။ နွားသားမစားရေးကို တစ်နိုင်ငံလုံးတွင် ဆရာတော်ကြီးကိုယ်တိုင် လိုက်လံ ဟောပြောခဲ့၏။

အင်္ဂလိပ်နယ်ချဲ့များက နွားသတ်ရုံ၊ ဝက်သားရုံများဖွင့်၍နွားသတ်၊ ဝက်သတ်လိုင်စင်များချပေးကာ လုပ်ဆောင်နေစဉ် ဆရာတော်က နွားသားမစားရ၊ ကုန်းသတ္တဝါမစားရေးလုပ်ဆောင်သည်မှာ နယ်ချဲ့အား တစ်နည်းတစ်ဖုံအားဖြင့် ဆန့်ကျင်ခြင်းဖြစ်သည်။ အမဲသား မစားဘဲနေခြင်းဖြင့် နယ်ချဲ့အား အထိုက်အလျောက် ဆန့်ကျင်ပြီးသား ဖြစ်နေ၏။ လူထုလှုပ်ရှားမှုအသွင်ဖြင့် နွားသားမစားမှု ဖြစ်ပေါ်လာခြင်းသည် နယ်ချဲ့အား လူထုလှုပ်ရှားမှုအသွင်ဖြင့် အလိုလို ဆန့်ကျင်ခြင်းပင် ဖြစ်ပေသည်။

ဒုတိယအားဖြင့် ဆရာတော်သည် သေရည် သေရက်သောက်ခြင်းကို ဆန့်ကျင်ခဲ့၏။ အရက်သည် အနောက်တိုင်းသားများအတွက် မိတ်ဖြစ်ဆွေဖြစ် လုပ်ဆောင်ရာတွင် အရေးပါသော ဆက်ဆံရေး ပစ္စည်းတစ်ခု ဖြစ်၏။ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် အရက်ကို မဏ္ဍိုင်ပြု၍ ဆက်ဆံသော ဓလေ့ရှိ၏။

ဤသည်ကို ဆရာတော်ဆန့်ကျင်ခဲ့၏။

စိုင်ပြင်သေရည်သေရက်မေတ္တာစာတွင် ဆရာတော်က
“အခမ္မခေတ်အတွင်းမို့၊ မငြင်းသာ၊ မဖယ်သာ၊
စိတ်ကပင်မပါသော်လည်း၊ မိစ္ဆာတို့ စရိုက်အားကို
လိုက်စားကာ ဇွတ်တိုး၍ . . . . .”

ဟု ရေးထားသည်။

ဆရာတော်ကြီးက နယ်ချဲ့အင်္ဂလိပ်တို့ စိုးမိုးသောခေတ်ကို အခမ္မခေတ်ဟု တိတိကျကျသတ်မှတ်ခဲ့၏။ ထိုကဲ့သို့အခမ္မခေတ်တွင် အုပ်စိုးသူတို့၏ ဓလေ့စရိုက်များကို မငြင်းသာ မဖယ်သာ၊ စိတ်မပါဘဲ လိုက်ရသည်ဟူ၍ အကြောင်းမပြကြနှင့်။ ရွာအကျိုး ရပ်အကျိုးအတွက် မလွှဲမရှောင်သာ သေရည်သေရက်ကို အားပေးရပါသည်ဟုလည်း ဆင်ခြေမပေးကြနှင့်ဟု ဆရာတော်ကြီးက ရှင်းရှင်းပင် မိန့်ကြား၏။

အရက်သောက်ခြင်းကို မိစ္ဆာတို့စရိုက်ဟု ဆရာတော်က သမုတ်ခဲ့၏။ နယ်ချဲ့ အင်္ဂလိပ်ကို ဆရာတော်က မိစ္ဆာဟု တိတိလင်းလင်း မြွက်ကြားခြင်းဖြစ်သည်။

စိုင်ပြင် သေရည်သေရက် မေတ္တာစာတွင်ပင် ဆရာတော်ကြီးက -

“လူဗာလကလည်း တက်တက်မိုက်၊ ခုကာလကလည်း သက်သက်ဆိုက်၊ ခေတ်ခိုက်နှင့်နတ်ကြိုက်၊ ဆိုက်တိုက်သည့်အခါ၊ သံသရာမှာ ဈေးကြောင်းပေါက်၊ မှောက်လို

မှောက်၊ မှားလို့မှား၊ ငါလမ်းနှင့် ငါသွားမည်ဟု၊တရားကို လုံးလုံးပစ်၍ ၊ ခေတ်ကာလစရိုက်တွင်းမှာ ၊ အမိုက်သင်းဘက်ပါလျှင် . . . .”

ဟု ရေးသားထား၏။

လူ့ဗာလကလည်း တက်တက်မိုက်၊ ခုကာလကလည်း သက်သက်ဆိုက် ဟုရေးရာတွင် ခုကာလဆိုသည် အင်္ဂလိပ်နယ်ချဲ့တို့အုပ်စိုးသော အမိုက်ကာလကလည်း တန်းတန်းမတ်မတ်ဆိုက်ရောက်နေသည်ဟု ရေးသားခြင်းဖြစ်၍ ခေတ်ကာလစရိုက်တွင်းမှာ အမိုက်သင်းဘက်ပါလျှင်ဟု ရေးထားခြင်းမှာ ခေတ်ကာလစရိုက်တွင် အမိုက်ဘက် မပါအပ်ကြောင်းနှင့် ပတ်သက်၍ ခေတ်ကာလအပေါ် မည်ကဲ့သို့သော ခေတ်ကာလဖြစ်သည်ကို ထုတ်ဖော် မိန့်ကြားခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့တို့ စိုးမိုးအုပ်ချုပ်သော ကာလကို ဆရာတော်က မိုးကုတ်မြို့မှ သူဌေးဦးမှတ်ထံ ပေးသောပတ္တမြား မေတ္တာစာတွင်-

“ကုလားမင်း ဝင်စ၊ သမယအခိုက်၊ ဝိပ္ပတ္တိအဆိုက်တွင်”

ဟု ရေးထားသည်။

နယ်ချဲ့အင်္ဂလိပ်တို့ စိုးမိုးအုပ်ချုပ်သော ခေတ်ကို ဆရာတော်က ဝိပ္ပတ္တိခေတ်ဟု ဆို၏။

ဝိပ္ပတ္တိခေတ်ဆိုသည်မှာ မပြည့်စုံသောခေတ်ဖြစ်သည်။ မင်းကလည်း မင်းကျင့်တရားနှင့်မပြည့်စုံ၊ တိုင်းပြည်လိုအပ်ချက်များကလည်း မပြည့်စုံဘဲ ရှိနေကာ အစစ အရာရာ မပြည့်စုံသော ခေတ်ဖြစ်၏။

ဆရာတော်သည် တတိယအားဖြင့် လောင်းကစားမှုကို ဆန့်ကျင်ခဲ့သည်။ အခြားအခြားသော လောင်းကစားများကို မဆိုထားဘိ၊ ထီကို လောင်းကစားတစ်ရပ်အနေဖြင့် ဆရာတော်က တားမြစ်ခဲ့သည်။ ထီသည်လည်း အနောက်တိုင်းမှ အတုယူ လာသော လောင်းကစား တစ်ရပ် ဖြစ်သည်။ ထီကို လူတိုင်းကထိုးကြသည်။ ဤသည်ကို ဆရာတော်က အမျိုးသားရေး ရှုထောင့်မှလည်း တားမြစ်ခဲ့၏။

"တိုင်းနိုင်ငံအလုံး၊ ထီးစည်ပါအဆုံး၊ တန္တာလန်ပျက်ပြုန်း၊ သွက်သွက်လည်မှုန်းပြီးလျှင် ၊ လမ်းဆုံးတိုင်အပြီး၊ တစ်ပြည်လုံး အမိုက်သီးတွေကို၊ မြေကြီးပါအောက်စောင်း၊ အပါယ်သို့မှောက်လောင်းမည်"

အင်္ဂလိပ်နယ်ချဲ့တို့ စိုးမိုးအုပ်ချုပ်ခြင်းကို လယ်တီဆရာတော်က ထီးကျိုးစည်ပေါက်၍ တစ်နိုင်ငံလုံးကျွမ်းသန္တာလန်ပျက်ပြုန်း သွက်သွက်လည်မှုန်းပြီး လမ်းဆုံးတိုင်ရောက်ခြင်းဟု အဓိပ္ပယ်ဖွင့်ဆိုခဲ့၏။

အမျိုးသားရေးဘက်မှ ကြည့်လျှင်လည်း သူတစ်ပါး လက်သို့ နိုင်ငံကျဆင်းကာ ကျွန်သပေါက် ဖြစ်ရခြင်း အတွက် ဆရာတော် အဓိပ္ပာယ်ဖွင့်ဆိုသည့်အတိုင်း ကျွမ်း သန္တာလန်အောင် ပျက်ပြုန်းခြင်းသာလျှင်ဖြစ်၏။ လမ်းဆုံးကို ရောက်ခြင်းလည်း မည်ပါ၏။

ဆရာတော်သည် အမဲသားစားခြင်းကို ဆန့်ကျင်ခဲ့၏။ သေရည်သေရက် သောက်ခြင်းကို ဆန့်ကျင်ခဲ့၏။ ထီထိုး၍ စီးပွားရှာခြင်းကို ဆန့်ကျင်ခဲ့၏။ ထိုကဲ့သို့ ဆန့်ကျင်ရာတွင် ဆရာတော်သည် တစ်နိုင်ငံလုံးသို့ ခရီးများထွက်ခဲ့သည်။ တရားဓမ္မများ ဟောကြားခဲ့သည်။ ထိုတရားပွဲကြီးများသည် သာသနာရေးဘက်မှ ကြည့်လျှင် နိဗ္ဗာန်ရောက်ကြောင်း သာသနာတော်ကြီး ဖွံ့ဖြိုးတည်တံ့ရန် အကြောင်းတို့ဖြစ် သော်လည်း နိုင်ငံရေးဘက်မှကြည့်ပါက ဤတရားပွဲများ သည် အမျိုးသားရေး စုစည်းမှုတရားပွဲများဟု ဆိုနိုင်ပေ၏။

ထို့အပြင် ဆရာတော်ကြီးကိုယ်တိုင်ရေးသား၍ ရဟန်း ရှင်လူ၊ ကျောင်းသားလူငယ်များ အဖွဲ့လိုက် ရွတ်ဆို သည့် ပရမတ္ထသံခိပ်ရွတ်ဆိုပွဲများသည်လည်း အမျိုးသားရေး စုစည်းမှုအတွက် အင်အားများပင်ဖြစ်ပါ၏။

ထို့အပြင် လယ်တီဆရာတော်ဘုရားသည် နိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းကြီးကို ဖွဲ့စည်း၍ ဗုဒ္ဓသာသနာကို

တိုင်းတစ်ပါးသို့ ရောက်ရှိအောင် သာသနာပြုခဲ့၏။ ဤ သာသနာ ပြုလုပ်ငန်းသည်လည်း မြန်မာ့လွတ်လပ်ရေး တိုက်ပွဲတွင် ရှေးဦးစွာ မှိုင်းမှိုင်းပျပျ ထွန်းလင်းလာသော အရုဏ်ဦးအလင်းရောင်များ ဖြစ်ပါ၏။

နိုင်ငံခြား သာသနာပြု လုပ်ငန်းများကို လုပ်ဆောင်ရာတွင် နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ကြီးနှင့် အဖွဲ့ခွဲများကိုဖွဲ့စည်းခဲ့၏။ ထိုကဲ့သို့သော သာသနာပြုအဖွဲ့အစည်းများ ပေါ်ပေါက်လာချိန်သည် မြန်မာနိုင်ငံအား အင်္ဂလိပ်တို့ ကျွန်ပြုပြီး အနှစ်သုံးဆယ်ခန့်အကြာတွင်ဖြစ်၏။

လယ်တီဆရာတော်ဘုရားကြီး ဦးဆောင်ဦးရွက်ပြုသော နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းကို ထိုအခါက ထုတ်ဝေနေကြသော ဟံသာဝတီ၊ သူရိယ၊ မြန်မာ့အဆွေ၊ သံတော်ဆင့်၊ မြန်မာတာရာ အစရှိသော သတင်းများက အားပေးထောက်ခံခဲ့ကြ၏။

ထိုအခါက ယင်းလုပ်ငန်းနှင့် ပတ်သတ်၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက-

* သာသနာ တစ်ဝက်သီသီနင်းခါမှ၊ ကမ္ဘာမှာ စက်ခြည် လင်းစေဖို့၊ သည်အသင်း အချိန်ကျပြီလို့ နှလုံး ဝယ်ရည်၊ ပဏ္ဍိတရယ် ထေရ်သနင်း မပဟိန္ဒလိုပ ဘုန်းလယ်တီ။

* အော် ဘုရားပဲစူးပါစေ့၊ ကြားဖူးပေသည် တစ်ခါပ၊ ပြည်မြန်မာမှာ ထွန်းလာရတာက၊ အင်္ဂလန်ကျွန်းသာစွ ဆီသို့၊ ဗုဒ္ဓသာသနာရောင်နှင့် ဓမ္မာဖောင် မာလိန်မှူး ပေမို့၊ ထူးသပေါ့ ပဝေဏီမှာနော်ကွယ်၊ ကူးတော့ ချေပြီ။

စသည်ဖြင့် လေးချိုး စပ်ဆို ထောက်ခံခဲ့သည်။

ဤလှုပ်ရှားမှုများသည် သူ့ကျွန်ဘဝသို့ရောက်ရှိနေသော မြန်မာတို့အား အနည်းနှင့်အများ အမျိုးသားစိတ် အမျိုးသား မာန်တို့ကို ဖြစ်ပေါ်စေခဲ့၏။

ကိုယ့်အမျိုး ကိုယ့်ဘာသာ ကိုယ့်သာသနာ ဟူသော စိတ်ဓာတ်သည် ပြည်သူတိုင်း၏ ရင်ထဲဝယ် ကိန်းဝပ်လာစေ ခဲ့၏။

အင်္ဂလန်သို့ ဆရာတော်က သာသနာပြုရာတွင် အင်္ဂလိပ် လူမျိုး အုပ်ချုပ်သူများကိုသာ အထင်ကြီးနေသော မြန်မာ လူမျိုးတို့အား ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနှင့် ကိုယ့်နိုင်ငံ ကို အထင်မသေးသင့်ကြောင်း သတိပေးရာ ရောက်ခဲ့၏။ အမျိုးသားစိတ် အမျိုးသားမာန်ကို လှုံ့ဆော်ပေးရာလည်း ကျပေ၏။

အင်္ဂလိပ်တို့ အုပ်စိုးခဲ့ကြပြီးနောက် မြန်မာနိုင်ငံဝယ် ပုလိပ်ရောဂါများ ကျရောက်ခဲ့သည်။ ပုလိပ်ရောဂါသည်

မြန်မာနိုင်ငံ၌ ရှေးအခါကပင် ရှိဖူးကောင်း ရှိဖူးပေမည်။ သို့သော် မြန်မာတို့က ပုလိပ်ရောဂါသည် အင်္ဂလိပ်တို့နှင့် ပါလာသော ရောဂါဖြစ်သည်။ အင်္ဂလိပ်တို့ ယူလာသော ရောဂါ ဖြစ်သည်ဟု အယူရှိခဲ့ကြ၏။

ဆရာတော်ကြီးသည် စစ်ကိုင်း၊ ရွှေဘို၊ မန္တလေး၊ မိတ္ထီလာအစရှိသောဒေသများတွင် ပလိပ်ရောဂါ ကင်းရှင်းရေးအတွက် မိမိနည်းဖြင့် မိမိ ဆောင်ရွက်ခဲ့၏။ ဤအရေးအခင်းတွင်လည်း အင်္ဂလိပ်တို့ယူလာသော ပုလိပ်ရောဂါဆိုးကို ဆရာတော်က လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဖယ်ရှားဆောင်ရွက်ပေးခြင်းဖြင့် အင်္ဂလိပ်ဆန့်ကျင်ရေးနှင့် အမျိုးသားစိတ်ရှင်သန်ရေးမျိုးစေ့ကို ဖြစ်ပေါ်စေခဲ့၏။ အင်္ဂလိပ်တို့နှင့် ပါလာသော ပုလိပ်ရောဂါဆိုးကို ဆရာတော်က ဦးဆောင်မောင်းထုတ်ခြင်းသည် အင်္ဂလိပ်ကို မောင်းထုတ်ခြင်းလည်း မည်ပေ၏။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ပြန်၍ လေ့လာသော် ၁၈၈၅ တွင် သူ့ကျွန် ဖြစ်ခဲ့ရ၏။ သူ့ကျွန် ဖြစ်ခဲ့ရပြီး ၁၈၈၅ မှ ၁၉၀၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၁၅ နှစ်တိုင်တိုင် မျိုးချစ်များသည် အင်္ဂလိပ်တို့အား လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ခဲ့၏။ ထိုတိုက်ပွဲများကို အင်္ဂလိပ်တို့က ခေတ်မီလက်နက်များနှင့် နှိမ်နင်းပစ်ခဲ့၏။ ထို့ကြောင့်

လက်နက်ကိုင် တော်လှန်မှုများသည် ၁၉၀၀ ပြည့်နှစ်တွင် အဆုံးသတ်ခဲ့ပြီး ထိုအချိန်မှစ၍ နိုင်ငံရေးတိုက်ပွဲများအား ဆက်လက်ဆင်နွှဲလာသည်ကို တွေ့ရ၏။ ထိုနိုင်ငံရေးတိုက်ပွဲများတွင် အမျိုးသားအင်အားစုများကို စုစည်းရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ အမျိုးသားအင်အားစုများကို စုစည်းရန် နိုင်ငံရေး အသွင်သဏ္ဌာန်ဖြင့် စုစည်းခွင့်မရ။ ထို့ကြောင့် ရှေးဦးစွာ ဘာသာရေးအဖွဲ့အစည်းများအသွင်ဖြင့် စုစည်းခဲ့ကြသည် ၁၈၉၇ ခုနှစ်တွင် ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကို စတင်ဖွဲ့စည်းခဲ့၏။ သာသနာရေးအသင်းများသည် မြင်းခြံ၊ မော်လမြိုင်စသည်တို့တွင်ပင် ပေါ်ပေါက်လာသည်။ ၁၉၀၄ ခုနှစ်တွင် ရန်ကုန်ကောလိပ်၌ ဗုဒ္ဓဘာသာအသင်းကို ဖွဲ့စည်းခဲ့၍ ၁၉၀၆ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားများ ဦးဆောင်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ပေါ်ပေါက်လာ၏။ ၁၉၁၃ ခုနှစ်တွင် လယ်တီဆရာတော်ဘုရားဦးစီးသည့် နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်း ပေါ်ပေါက်လာ၏။ ၁၉၁၉ ခုနှစ်တွင် ဝိုင်အမ်အေ အသင်းကြီး ပေါ်ပေါက်လာ၏။ ဝိုင်အမ်ဘီအေအသင်းကြီးသည် ဘာသာရေးသန့်သန့်မဟုတ်ဘဲ နိုင်ငံရေး၊ လူမှုရေးတောင်းဆိုချက်များ ပါခဲ့၏။

မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းမှု စောစောပိုင်းကာလသည် ဖော်ပြပါ အတိုင်း သာသနာရေး၊ အမျိုးသားရေး ပုံသဏ္ဌာန်ရှိခဲ့၏။ ထို့နောက်လူမှုရေး၊ စီးပွားရေးပုံသဏ္ဌာန်တို့မှသည် နိုင်ငံရေးပုံသဏ္ဌာန်၊ စစ်ရေးပုံသဏ္ဌာန်သို့ ပြောင်းလဲလာခဲ့သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၏ သာသနာရေး၊ အမျိုးသားရေးပုံသဏ္ဌာန် လှုပ်ရှားမှုတွင် လယ်တီဆရာတော်၏ လုပ်ဆောင်ချက်များကို ချန်လှပ်ထား၍ မရပေ။

လယ်တီဆရာတော်သည် အမျိုးသားရေးလှုပ်ရှားမှုကို ထင်ထင်ရှားရှားကြီးကား မလုပ်ခဲ့။ သို့သော် လယ်တီဆရာတော်သည် မျိုးစေ့ချခဲ့သည်။ အမဲသား မစားရေး၊ အရက်မသောက်ရေး၊ လောင်းကစား ဆန့်ကျင်ရေးတို့သည် ဗြိတိသျှအုပ်စိုးသူတို့အား ဆန့်ကျင်ခြင်းဖြစ်၏။ အမဲသားမစားရေးတရားပွဲတို့သည်လည်း သာသနာရေး ပုံသဏ္ဌာန်၊ အမျိုးသားရေး ပုံသဏ္ဌာန်နှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး

အတွင်းစိတ်များကို ဖြစ်ပေါ်စေခဲ့သည်။ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာဟူသော စိတ်ထားများကို တရိပ်ရိပ်ကိန်းအောင်းစေခဲ့၏။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးသည် အမျိုးသားရေး ရှုထောင့်မှလည်း အမျိုးသားစိတ် ရင့်သန်သူ၊ လွတ်လပ်ရေးမျိုးစေ့ ချပေးခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လေးစားစွာ မှတ်တမ်းတင်ရန် ရှိပေသည်။

# ၉။ ဆန့်ကျင်မှုများ

လယ်တီဆရာတော်ကြီး၏ ဘ၀တွင် အောင်မြင်မှုများ နှင့် စွမ်းဆောင်မှုများကို သူမတူ အံ့မခန်း တွေ့ရသလို ဆန့်ကျင်မှု၊ အတိုက်အခံပြုမှုများကိုလည်း တလုံးတထွေးကြီး တွေ့ရ၏။

ဆန့်ကျင်မှုများကို လေ့လာသော် ပရမတ္ထဒီပနီကို အကြောင်းပြု၍ ဆန့်ကျင်မှုများတွေ့ရသလို လယ်တီဆရာတော်ကြီးအား ပုဂ္ဂလိကဆန့်ကျင်သည်များကိုလည်းတွေ့မြင်ရ၏။ ဒီပနီကို ဆန့်ကျင်သည်ထက် ဆရာတော်ကြီး၏ ထင်ရှားမှု၊ သူမတူမှုများကို ဆန့်ကျင်ကြသည်ကပို၍များ၏။

ပရမတ္ထဒီပနီသည် ဋီကာကျော်၏ အမှားများကို ထောက်ပြသောကျမ်းဖြစ်၏။ ဋီကာကျော်ခေါ် အဘိဓမ္မတ္ထဝိဘာဝနီဋီကာတွင် အမှားများ၊ ချွတ်ချော်မှုများပါရှိသည်ကို လယ်တီဆရာတော်သည် ပထမဆုံးတွေ့ရှိသူမဟုတ်။ ဋီကာကျော်၏ ချွတ်ချော်မှုများကို သီရိလင်္ကာမှ ရဟန်းပညာရှိ၊ လူပညာရှိတို့ကသိရှိသလို မြန်မာနိုင်ငံရှိ ဆရာတော်၊ သံဃာတော်ကြီးများကလည်း သိရှိ၏။ ထို့ကြောင့်ပင် မင်းတုန်းမင်းလက်ထက်တွင် ယင်းကျမ်းကြီးကို သင်ကြားပို့ချခြင်းမပြုရန် ဆရာတော်ကြီးများက တားမြစ်ခဲ့ဖူး၏။

သို့သော် လယ်တီဆရာတော်ကဲ့သို့ ဋီကာကျော် အမှားများကို စေ့စေ့စပ်စပ်ရှာခဲ့သူကား မရှိခဲ့။

လယ်တီဆရာတော်အား ဆန့်ကျင်သူများသည် နွားသားမစားရေးကိုလည်း ဆန့်ကျင်ခဲ့ကြ၍ ပရမတ္ထသံခိပ် ရွတ်ဆိုကြသည်ကိုလည်း ဆန့်ကျင်ကြသည်ကိုတွေ့ရ၏။

အချို့သောဆန့်ကျင်သူများက ပညာစမ်းသည့်သဘောဖြင့် ဆန့်ကျင်ကြသည်ကို တွေ့ရ၏။ ဋီကာကျော်ကို သီရိလင်္ကာသားတို့က ဋီကာအူပေါက်ကျမ်းဟုပင် ပြောဆိုခဲ့ကြ၏။ ယင်းကျမ်းသည် သီရိလင်္ကာမှ ပြုစုသောကျမ်းဖြစ်၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး အင်းဝခေတ်တိုင် မြန်မာတို့ အလေးအမြတ် ပြုခဲ့ကြ၏။

လယ်တီဆရာတော်ကြီးက ဋီကာကျော်၏ အမှားများနှင့် ချွတ်ချော်မှုများကိုထောက်ပြ၍ ပရမတ္ထဒီပနီကျမ်းကို ကိုင်သုံးလာသောအခါ မူလက လယ်တီဆရာတော်အား ဆန့်ကျင့်လိုသော အင်အားစုများသည် ပရမတ္ထဒီပနီကို ကိုင်ကာ အကြောင်းရှာ ဆန့်ကျင်လာခြင်းဖြစ်၏။

အမှန်စင်စစ် ပရမတ္ထဒီပနီသည် မြန်မာ့သာသနာဝင်တို့အတွက် အထူးဂုဏ်ယူဖွယ်ရာ ကျမ်းတစ်စောင်ဖြစ်၏။ သီရိလင်္ကာနှင့် ပညာယှဉ်ရာတွင်လည်း သီရိလင်္ကာသားများ ခေါင်းစိုက်ကျသွားအောင် ပြုလုပ်နိုင်သော ကျမ်းဖြစ်၏။ မည်သည့်ဘက်ကပင် ကြည့်ကြည့် ဂုဏ်ယူဖွယ်ရာဖြစ်သော ဤကျမ်းကို အကြောင်းပြုကာ ရဟန်းရှင်လူတို့သည် လယ်တီဆရာတော်ကြီးအား ဆန့်ကျင်ခဲ့ကြသည်။

ယင်းဆန့်ကျင်မှုများသည် စိတ်ဝင်စားဖွယ်ရာ ဖြစ်၏။

၁၂၆၇ ခုနှစ်က လယ်တီဆရာတော်ကြီးသည် ရန်ကုန်သို့ ရောက်လာခဲ့၏။ ရန်ကုန်မြို့တွင် တရားပွဲများပြုလုပ်ခဲ့၏။ ထိုသို့ပြုလုပ်နေစဉ် ရန်ကုန်မြို့မှ သံဃာအချို့သည် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီ(ဋီကာမော်)ကို မကျေနပ်ဟုဆိုကာ ကန့်ကွက်ပွဲတစ်ခု ပြုလုပ်ကြ၏။

ယင်းကန့်ကွက်ပွဲသို့ ဆရာတော်၊ သံဃာတော်ကြီးများ အတော်များများ ကြွရောက်လာကြ၏။ ကြွရောက်လာတော်

မှုသည့်အထဲတွင် တချို့ကလည်း ဆန့်ကျင်လို၍ ကြွရောက်လာခြင်းရှိသလို အချို့ကလည်း ဆန့်ကျင် ကန့်ကွက်ပွဲကို ကြည့်ရှုလိုသောကြောင့် လာကြခြင်းဖြစ်၏။ ရန်ကုန်၌ ပြုလုပ်သော ပရမတ္ထဒီပနီကန့်ကွက်ပွဲသည် အကြီးဆုံးနှင့် အဓိက အကျဆုံးလည်းဖြစ်၏။

ကန့်ကွက်ပွဲတွင် အချို့သောရဟန်းတော်များက ဋီကာကျော်မှ လယ်တီပယ်သောအချက်များကို တစ်ချက်ချင်း မေးမြန်းရန် အဆိုပြုသူများလည်းရှိ၏။ အချို့ကလည်း ပရမတ္ထဒီပနီ ကျမ်းစာအုပ်များကို စုဆောင်း၍ မီးရှို့ပစ်ရန် အကြံပြုကြ၏။

ထိုကန့်ကွက်ပွဲကို ဗဂ်လား ဆရာတော်ကြီးလည်း ကြွရောက်လာရာ ဆရာတော်ကြီးက "ကိုယ်တော်တို့ အလိုအရ လယ်တီဆရာတော်အားခေါ်၍ ပယ်သည့်အချက်များကို တစ်ခုစီမေးသော် လယ်တီဆရာတော်က တစ်ခုစီ ကျေလည်အောင် ဖြေဆိုပေလိမ့်မည်။ သို့သော် ကိုယ်တော်တို့၏ အမေးများကုန်၍ လယ်တီဆရာတော်က ပြန်၍ မေးလာလျှင် လယ်တီဆရာတော်၏ အမေးကို မည်သူက တာဝန်ယူဖြေဆိုမည်နည်း"ဟု မေးသောအခါ ဖြေဆိုမည့်သူ မပေါ်ဘဲရှိခဲ့သဖြင့် ထိုအစီအစဉ်မှာ ပျက်ခဲ့ရ၏။

ပရမတ္ထဒီပနီကျမ်းကို မီးရှို့ပစ်ရန်အဆိုကိုကား ဆရာတော်တစ်ပါးက “ကိုယ်တော်တို့က သူ့စာအုပ်ကို မီးရှို့ပစ်တော့ နောက်ထပ် ပြန်ရိုက်မှာပဲ။ ဒီတော့ ပြန်ရိုက်လိုက် မီးရှို့လိုက်နှင့် ပုံနှိပ်တိုက်ကောင်းစားဖို့ရာ ဖြစ်ပေမည်”ဟု ဆိုရာ ယင်းအဆိုမှာလည်း မအောင်မြင်ဘဲ ရှိခဲ့ပြန်၏။

ထိုသို့ ဖြစ်နေစဉ်တွင် ဗင်္ဂလားဆရာတော်ကြီးက လယ်တီဋီကာအား မီးလည်းမရှို့ချင်ကြနှင့်။ မေးခွန်းလည်း မထုတ်ချင်ကြနှင့်။ တတ်စွမ်းပါက ဋီကာကျော်ထဲမှ လယ်တီဆရာတော် ပယ်သောအချက်များကို ပါဠိတော် အဋ္ဌကထာ၊ ဋီကာများနှင့်ကိုက်ညီသဖြင့် မပယ်ရန်၊ လယ်တီကဲ့သို့ ကျမ်းတစ်စောင် ရေးသားရန်သာ ရှိတော့သည်ဟု မိန့်ကြားပြီး ကန့်ကွက်ပွဲ ပြီးဆုံးခဲ့၏။

ဗင်္ဂလားဆရာတော် အမိန့်ရှိသည့်အတိုင်း ဋီကာကျော်ဘက်မှရပ်တည်သော ဆရာတော် သံဃာတော် အများအပြားနှင့် ဋီကာကျော်ဘက်မှ ရှေ့နေလိုက်သော ကျမ်းအများအပြား ပေါ်ထွက်လာခဲ့၏။

လယ်တီဆရာတော်၏ ပရမတ္ထဒီပနီဋီကာမော်အား ပြန်လည်ချေပသော စာအုပ်သည် ပရမတ္ထဒီပနီ စာအုပ်ပေါ်ထွက်လာပြီး ၉ နှစ်၊ ၁၀ နှစ်ခန့်ကြာမှပင် ပေါ်ထွက်နိုင်ခဲ့၏။

ပရမတ္ထဒီပနီကို ဆရာတော်ကြီးသည် ၁၂၅၉ ခုနှစ်တွင် ပုံနှိပ်ခဲ့၏။ ဋီကာကျော်ဘက်မှ ရှေ့နေလိုက်သော စာအုပ်သည် ၁၂၆၇ ခုနှစ်လောက်တွင်မှ အစောဆုံး ထွက်ပေါ်လာနိုင်၏။

ဋီကာကျော်ဘက်မှ ဘက်လိုက်သော ကျမ်းစာအုပ်ပေါင်း ၂၀ ခန့် ထွက်ပေါ်လာခဲ့၏။

ယင်းအထဲတွင် (၁) ပခန်းမြို့ အရှေ့တလိုင်းကုန်းရွာဇာတိ၊ တလိုင်းကုန်း ဆရာတော် ဦးဝိမလ ရေးသားသော တလိုင်းကုန်း ဋီကာ၊ (၂) ချောင်းဦးမြို့၊ ဓမ္မရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဒီပမာလာ ရေးသားသော ပရမတ္ထဝိသောဓနီဋီကာတို့မှာ ထင်ရှား၏။

ဦးဒီပမာလာ ရေးသားသော ဋီကာမှာ ကျဉ်းကျဉ်းနှင့် အနေအထား ရှင်းလင်း၏။ တလိုင်းကုန်း ဆရာတော် ဦးဝိမလ၏ ဋီကာမှာ ပိုမို ထင်ရှားသည်ဟု သိရ၏။

ဖားကူးဆရာတော် ဦးသာဂရ အရှင်မြတ် ရေးသားသော အနုဝိလာဝနီပါဠိမှာလည်း အတော်ထင်ရှားသည်ဟု ဆို၏။ ကန္တီဆရာတော်နှင့် ထိန်တောမိုးညို ဆရာတော်တို့ကလည်း ဋီကာကျော်ဘက်မှ ချေပရေးသားထားကြသည်ဟု သိရ၏။ သို့သော်လည်း ထင်ရှားခြင်းကား မရှိ။

ပြန်လည်ရေးသားသော အချို့ရေးသားချက်တို့မှာ စာဖတ်သူတို့ လက်မခံနိုင်လောက်အောင်ပင် ရိုင်းပျစွာ ပြန်လည်ချေပ ရေးသားထားသည်ကိုလည်း တွေ့ရ၏။

မင်းကင်း ဆရာတော်ကြီးကမူ အမှားအမှန်ကို ရိုးသားသိမ်မွေ့စွာ ဘက်မလိုက်ဘဲ တင်ပြခဲ့သည်ဟု သိရ၏။

ဖားကူးဆရာတော်၏ဋီကာသည် ၁၂၇၁ ခုတွင်မှ ပြီး၍ မိုးညိုဆရာတော်၏ ဋီကာသည် ၁၂၇၆ ခုနှစ်တွင်မှ ပြီး၏။ တလိုင်းကုန်းဆရာတော်၏ ဋီကာသည်ကား ၁၂၆၇ ခုနှစ်တွင် ပြီး၏။

ဋီကာမော်နှင့် ပတ်သတ်၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးက "လယ်တီဋီကာကို အတိုက်အခံပြုကြသည်မှာ လယ်တီဋီကာကိုပဲ အညွှန့်တပ်ပေးသလို ဖြစ်နေသည်"ဟု မိန့်ကြားတော်မူကြောင်း သိခဲ့ရ၏။

ဋီကာကျော်နှင့်ပတ်သက်၍ မြို့ပြင်ကြီးဆရာတော်က-

"ငါတို့ စာပို့ချစဉ်အခါက ဝိဘာဝနီဋီကာကျော်၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့နှင့်မကိုက်ညီသောအချက်ပေါင်းခြောက်ဆယ့်ခုနစ်ချက်ခန့်လောက်ကိုသာတွေ့ဖူးတယ်။ အခု အထက်အညာ တောကျောင်းဘုန်းကြီးက အချက်ပေါင်း နှစ်ရာကျော်တွေတယ်ဆိုတော့ စာကြည့်နှံ့စပ်ပါပေတယ်"ဟု မိန့်ဆိုကြောင်း သိရ၏။

မြို့ပြင်ကြီးဆရာတော်သည် ပါဠိ၊ အဌကထာ၊ ဋီကာတို့ကို မွေနှောက် ချောက်ချားနိုင်အောင် တတ်ကျွမ်းသောဆရာတော်ကြီးတစ်ပါး ဖြစ်၏။

လယ်တီဆရာတော်၏ ဋီကာမော်အား၊ ထောက်ခံအားပေးသည့်အထဲတွင် မန်လည်ဆရာတော်ဘုရားကြီးလည်း ပါဝင်၏။

မန်လည်ဆရာတော်ဘုရားကြီး စစ်ကိုင်းမြို့သို့ ရောက်ရှိသောအခါ စစ်ကိုင်းမှ သံဃာအချို့က ဋီကာကျော်ဘက်မှနေ၍ ကျမ်းစာတစ်စောင် စီရင်ရေးသားတော်မူရန် လျှောက်ထားကြ၏။ ထိုအခါ ဆရာတော်ကြီးက-

"ဋီကာကျော်ဘက်မှ ရှေ့နေလိုက်ရန် ပြောကြသော်လည်း ရှေ့နေတို့မည်သည် မူလအမှုသွား ဖြောင့်မှန်ရန်လိုသည်။ မူလအမှုသွား မမှန်လျှင် လျှောက်လဲချက် ဘယ်လိုပင် ကောင်းသော်လည်း တရားနိုင်ရန် ခဲယဉ်းသည်"ဟု မိန့်ကြားကြောင်း သိရ၏။

လယ်တီဆရာတော်ကြီးသည် စာရေးစာကြည့်များသဖြင့် သယ်ရွယ်ကြီးရင့်တော်မူသောအခါ မျက်စိကွယ်ခဲ့၏။ ဆရာတော်ကြီးသည် ရေနံဆီပုံးတွင် တစ်လစာ၊ နှစ်လစာ ရေနံဆီအပြည့်ထည့်ကာ စာကြည့်ကြောင်းသိရ၏။

လယ်တီဆရာတော်ကြီး အသက်ကြီးရင့်၍ မျက်စိကွယ်သည်ကို ဋီကာကျော်ဘက်သားတို့က လယ်တီဆရာတော်ကြီးသည် ဋီကာမော်ကိုရေး၍ မျက်စိကွယ်ရသည်ဟု ပြောကြ၏။ ထိုစကားကို မန်လည်ဆရာတော်ကြီး ကြားသောအခါ

"လယ်တီဆရာတော်က ဋီကာမော်ရေး၍ မျက်စိကွယ်ရလျှင် ဘုရားလက်ထက်က ရှင်မဟာမောဂ္ဂလန်ခိုးသားငါးရာရိုက်လို့ ပရိနိဗ္ဗာန်ပြုရတာ မင်းတို့အမေကျူးလို့လား"ဟု မိန့်တော်မူသည်ဟု သိရ၏။

အချို့သော ဆရာတော်ကြီးများကလည်း လယ်တီဆရာတော်၏စာအုပ်ကို ယခုအခါ ပယ်ကြသော်လည်း နောင်အသုံးပြုလာကြလိမ့်မည်ဖြစ်ကြောင်း ကြိုတင် ဟောကြားတော်မူခဲ့၏။

လယ်တီဆရာတော်အား ဆန့်ကျင်သူများထဲတွင် ပုသိမ်မြို့၊ ဆရာတော်ဦးပဒုမသည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။ လယ်တီဆရာတော်ကြီး ပုသိမ်သို့ရောက်တော်မူခိုက် ဆရာတော်ဦးပဒုမ၏ ဆွမ်းဒါယိကာမ တစ်ယောက်က လယ်တီဆရာတော်ကြီးထံ ရောက်ရှိလာပြီး "အရှင်ဘုရား ရေးသားတော်မူသည့် ဋီကာကြီးထဲမှ မရှင်းသည့် အချက်ရှိပါ၍

တင်လျှောက်ခွင့် ပြုပါရစေ ဘုရား”ဟု လျှောက်ထားရာ ဆရာတော်ကြီးက-

“ဟဲ့ ဒါယိကာမ၊ နင်နဲ့ ဋီကာကြီးအရာလား”ဟု ငေါက်လွှတ်သည်ဟု သိရ၏။

ဋီကာမော်အား ဆန့်ကျင်မှုများနှင့်ပတ်သက်၍ လယ်တီဦးလှပိုင်က သူ၏ လယ်တီဂန္ထဝင်ကျော်များ သမိုင်းတွင်-

“ထိုအချိန်က ဆရာတော်အရှင်အာဒိစ္စဝံသ (ဦးအောင်မြတ်ထွန်း)သည် လယ်တီဋီကာဘက်မှနေ၍ အတိုက်အခံဋီကာများနှင့် ဋီကာကျော်တို့ ချွတ်ချော်မှားယွင်းသော အယူအဆတို့၏ အပြစ်ကိုပါ ဖော်ပြလျက် ဟံသာဝတီသတင်းစာတွင် အခန်းဆက် ရေးသားခဲ့ဖူးလေ၏။

ဋီကာစစ်ပွဲတွင် မြန်မာအရေးအသားနှင့် အတိုက်အခံပြုနေသော အုတ်ဖိုဆရာတော်၏ တပည့် ဒိုးနတ်သားအမည်ခံ ဆရာတော်လူထွက် ရေးသားသော အတိသုန္ဒရဋီကာ (မြန်မာဘာသာကျမ်း) မှာ အထူး ပွဲကျလှသော ဟူ၏။ဟု ဖော်ပြထား၏။

လယ်တီဆရာတော်အား အတိုက်အခံ ပြုကြရာတွင် ူပရမတ္ထဒီပနီကိုသာ အတိုက်အခံပြုသည်မဟုတ်၊ ဆရာတော်သည် ပါဠိပါရဂူ တစ်ဆူဖြစ်သည်ဆိုသည့် အချက်ကိုပင် လက်မခံဘဲ အတိုက်အခံ ပြုကြ၏။

မုံရွာမြို့တွင် ၁၂၅၄ ခုနှစ်ခန့်က ပြိုပျက်ခဲ့သော ဆုတောင်းပြည့် စေတီကြီးတစ်ဆူ ရှိ၏။ ယင်းစေတီကြီးကို လယ်တီဆရာတော်ကြီးသည် ဦးဆောင်ပြုပြင်၍ ဆုတောင်းပြည့် ကျောက်စာကို ဆရာတော်ကြီးကိုယ်တိုင် ရေးသားတော်မူခဲ့၏။

ဆုတောင်းပြည့် ကျောက်စာတွင် ဆရာတော်ကြီးက ထေရောပိဋကပါရဂူ ဟူသောစကားကို ထည့်သွင်းရေးသား၍ စိုက်ထူခဲ့၏။ အဓိပ္ပာယ်မှာ "ငါသည် ပိဋကတ်သုံးပုံ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သည်"ဟု ဆိုလိုရေးထိုးခြင်းဖြစ်၏။ ဆရာတော်ကြီးသည် ထိုကဲ့သို့ ရေးထိုးရာတွင် ဥဒါန်းအရှည်တည်ရစ်၍ သဒ္ဓါပွားနိုင်ရန် ရည်ရွယ်ရင်းဖြစ်ကြောင်း သိရ၏။

ထိုကဲ့သို့ မိမိသည် ပိဋကတ်သုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်သည်ဟူသောစကားကို အခြေခံ၍ ရဟန်းရှင်လူတို့က ဆန့်ကျင်လှုပ်ရှားမှု ပြုလုပ်ခဲ့ကြ၏။

ထိုအခါ ဆုတောင်းပြည့်ဘုရားအရှေ့ဘက်တွင် သီတင်းသုံးသည့် ဘုန်းတော်ကြီး ဦးပုလဲ၊ ဦးဥတ္တမ အစရှိသော ရဟန်းတော်များက ဦးစီးဆန့်ကျင်ကာ လူအများ အပြားကလည်း ဆရာတော်အား အတိုက်အခံ ပြုခဲ့ကြ၏။

အတိုက်အခံတို့က-

"လယ်တီ တောရ ဘုန်းကြီးသည် ပိဋကတ်သုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်သည်မဟုတ်။ မိမိကိုယ် မိမိ ဝင့်ဝါလို၍ ကျောက်စာတွင် ရေးထိုးခြင်းဖြစ်ရာ ဤ ကျောက်ချပ်ကို ဖျက်ဆီးပစ်ရမည်"ဟု ဆိုလေ၏။

လယ်တီ ဆရာတော်ကြီးကလည်း "ငါသည် ပိဋကတ် သုံးပုံကို တစ်ဖက်ကမ်းရောက် တတ်မြောက်သောကြောင့်သာ ထေရောပိဋကပါရဂူဟု ရေးခြင်းဖြစ်သည်၊ မဖျက်ဆီးသင့်"ဟု ဆို၏။

ထိုကဲ့သို့ဖြစ်နေရာမှ ဘုန်းတော်ကြီးဦးပုလဲက "လယ်တီ တောရဘုန်းကြီးသည် ပိဋကတ်သုံးပုံကို တစ်ဘက်ကမ်း မြောက်တတ်ကျွမ်းပါက ပိဋကတ်သုံးပုံမှ ပုစ္ဆာတို့ကို မေးမြန်း လိုသည်"ဟုဆိုသောအခါ လယ်တီဆရာတော်ကြီးကလည်း ပိဋကတ်သုံးပုံမှ လိုရာမေးစေ၊ အမေးအဖြေ ပြုလုပ်ရန် တရားမဏ္ဍပ်သာ ဆောက်လုပ်ပေတော့ဟု ဆိုလေ၏။

တရားမဏ္ဍပ်ကို ဆောက်လုပ်ပြီးသောအခါ လယ်တီ ဆရာတော်ကြီးသည် တရားမဏ္ဍပ်သို့ ကြွရောက်လာပြီး-

"ငါသည် ပိဋကတ္တယပါရဂူတည်း၊ ငါ့အား ပိဋကတ် သုံးပုံလာ မေးခွန်းပြဿနာများကို မေးလိုရာ မေးကြ၊ တစ်ခဏချင်း ငါဖြေအံ့"ဟု ဆိုလေ၏။

ထိုသို့ရှိနေစဉ်တွင်ပင် သက်ရွယ်ဝါတော် ကြီးရင့်သော မဟာထေရ်ကြီးတစ်ပါးက တရားမဏ္ဍပ်အတွင်းသို့ကြွရောက်လာပြီး ဖျန်ဖြေသောကြောင့် အမေးအဖြေ မလုပ်ဖြစ်ဟု သိရလေ၏။

# ၁၀။ ကမ္ဘာမှာ ဓကာ်ပြည့်လင်းစေဖို့

လယ်တီဆရာတော်ကြီး လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများအနက် ကန့်ကွက်သူမရှိ တစ်နိုင်ငံလုံး ဝိုင်းဝန်းထောက်ခံပါဝင်ခဲ့သည့် လုပ်ငန်းမှာ နိုင်ငံခြား သာသနာပြုလုပ်ငန်းပင် ဖြစ်၏။

လယ်တီဆရာတော်ကြီးသည် ဗုဒ္ဓဘာသာ သာသနာပြုမင်းရှိပါက သာသနာပြုသည့်လုပ်ငန်းသည် မင်း၏ တာဝန်ဖြစ်၏။ ယခုအခါ သာသနာပြုမင်းမရှိခဲ့၍ ယင်းတာဝန်ကြီးကို ထမ်းဆောင်ရန် ရည်ရွယ်ချက်ဖြင့် လယ်တီဆရာတော်ကြီးသည် မိမိကိုယ်တိုင် ဦးစီး ဦးဆောင်ပြုကာ နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့၏။

ဆရာတော်ကြီးသည် နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးကို မန္တလေးမြို့တွင် အခြေစိုက်၍ ၁၂၇၅ ခုနှစ်တွင် တည်ထောင်ခဲ့၏။

ထိုအသင်းကြီးတွင် အကြီးအချုပ် နာယကဆရာတော်အဖြစ် လယ်တီဆရာတော်ကြီးက ဆောင်ရွက်၍ အသင်းဥက္ကဋ္ဌအဖြစ် ဦးကျော်ရန်က ဆောင်ရွက်၏။ ဒုတိယဥက္ကဋ္ဌများမှာ ဗဟိုဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးဘတုတ်၊ အငြိမ်းစား စစ်ကဲကြီးဦးဒွေး၊ ပွဲစားကြီးဦးမူတို့ကဆောင်ရွက်ကာ အသင်း၏အထွေထွေအတွင်းရေးမှူးမှာ ဗုဒ္ဓသာသနာနုဂ္ဂဟ ဟိုက်စကူးကျောင်းအုပ်ကြီးဦးဘ ဖြစ်၏။ ငွေထိန်းမှာ သမာဓိမြို့ဝန် ဦးဘိုးရင်ဖြစ်ပြီး စာရင်းစစ်များမှာ အမိန့်တော်ရရှေ့နေများဖြစ်ကြသော ဦးကြော့နှင့် ဦးစံဖေတို့ ဖြစ်၏။

ယင်းအသင်းကြီးသည် အသင်းဝင်များထံမှ အလှူငွေများ ကောက်ခံကာ နိုင်ငံခြား သာသနာပြုအသင်းကြီး၏ လုပ်ငန်းများနှင့် ပတ်သက်၍ လယ်တီဦးလှပိုင်က သူ၏ ဂန္ထဝင်ကျော်များ သမိုင်းစာအုပ်တွင် ယေဘုယျ နိုင်ငံခြား သာသနာပြု လုပ်ငန်းအပြင်-

(က) အင်္ဂလန်ရှိ ပါဠိပညာအသင်းမှ အင်္ဂလိပ် အက္ခရာဖြင့် ရေးထားသော သံယာယနာတင် ပိဋကတ် ကျမ်းစာ

များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရာတွင် စရိတ် ထောက်ပံ့ရန်။

(ခ) အင်္ဂလန်ရှိ ဂရိတ်ဗြိတိန် အိုင်ယာလန် ဗုဒ္ဓသာသနာပြု အသင်းကြီးနှင့် အခြားဗုဒ္ဓသာသနာပြု အသင်းများ တိုးတက်ရေးအတွက် ထောက်ပံ့ရန်။

(ဂ) လယ်တီဆရာတော်ကြီးကိုယ်တိုင် ရေးသားတော်မူသော ဒီပနီကျမ်းများအနက်မှ နိုင်ငံခြား၌ အကျိုး ကျေးဇူး ထူးမည့် ကျမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆို ပုံနှိပ်ရာတွင် ကုန်ကျစရိတ်များကို ထောက်ပံ့ရန်ဟူသော ရည်ရွယ်ချက်များလည်း ပါရှိသည်ဟု ရေးသားထား၏။

ထိုအသင်းကြီးသည် မူလ ရည်မှန်းချက်များထက် ပိုမို အောင်မြင်ခဲ့၏။ ပြည်တွင်းမှလည်း ထောက်ခံမှု၊ အားပေးမှု အပြည့်ရရှိ၍ နိုင်ငံခြားတွင်လည်း အောင်မြင်မှုရှိခဲ့၏။

လယ်တီဆရာတော်ကြီးသည် နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးကို တည်ထောင်ပြီးနောက် နိုင်ငံခြားမှ ပညာရှင်များ မေးသည့်အမေးများကို ဆရာတော်ကြီး ကိုယ်တိုင်ဖြေဆို၍ အင်္ဂလိပ်မြန်မာဘာသာဖြင့် ပုံနှိပ်ရိုက်ဝေ ဖြန့်ဖြူးခဲ့၏။ အထူးသဖြင့် ရိုက်စ်ဒေးဗစ် (လန်ဒန် ပါဠိ ဒေဝီ)၏ အမေးများနှင့် ခရစ်ယာန်အသင်းအဖွဲ့များ၏ အမေး

များကို ကိုယ်တော်တိုင်ဖြေဆို၍ အသင်းကြီးမှ တစ်ဆင့် ပြန်ကြားပေးခဲ့၏။

ဆရာတော်ကြီးသည် လန်ဒန်မြို့ ပါဠိအသင်းမှ တောင်းပန်ချက်အရ နိယာမဒီပနီ၊ ယမိုက်အဖြေကျမ်းနှင့် မူလ ပရိယာယသုတ်အဖွင့်ကျမ်းများကို ပါဠိဘာသာဖြင့် ရေးသား၍ နိုင်ငံခြားဗုဒ္ဓသာသနပြုအသင်းကြီးမှ တစ်ဆင့် ပေးပို့ခဲ့၏။ ယမိုက် အဖြေကျမ်းကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့၏။

ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ နိုင်ငံခြားမှ အမေးရှိလာသမျှကို ဆရာတော်ကြီးက ဖြေဆိုခဲ့ရာ နိုင်ငံခြားမှ ပညာရှင်များသည် ဆရာတော်ကြီး၏အဖြေများကို အလွန် နှစ်သက်ကြသဖြင့် ဆရာတော်ကြီးထံ စာအတန်တန် ရေးသား ဆက်သွယ်ခဲ့ကြ၏။

ဆရာတော်ကြီးသည် အနောက်နိုင်ငံသားတို့နှင့် အထူးသင့်တော်သော သာသနသမ္ပတ္တိဒီပနီကျမ်းကိုလည်း ပါဠိဘာသာဖြင့်ရေးကာ အနောက်နိုင်ငံတွင် ဖြန့်ချိခဲ့၏။

လယ်တီဆရာတော်ကြီးသည် နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီး အောင်မြင်မှုရှိကြောင်းနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ရပ်ကို မြွက်ကြားခဲ့၏။ လယ်တီဆရာတော်ဘုရားကြီး ဦးစီးဥက္ကဋ္ဌ ပြုလုပ်သော နိုင်ငံခြားသာသနာပြု လုပ်ငန်းကို

ထိုအခါက ထွက်ရှိနေခဲ့သော ဟံသာဝတီ ၏သတင်းစာ၊သူရိယ သတင်းစာ၊ မြန်မာ့အဆွေသတင်းစာ၊ မြန်မာ့သံတော်ဆင့် သတင်းစာ၊ မန္တလေးမြို့ထုတ် မြန်မာ့တာရာသတင်းစာ တို့မှ ချီးကျူး ထောက်ခံသော သတင်းဆောင်းပါး၊ ခေါင်းကြီးများ ရေးသားခဲ့၏။

လယ်တီဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက လယ်တီ နိုင်ငံခြား သာသနာပြု ဘွဲ့လေးချိုးကို စပ်ဆို၍ လေးလေးစားစား ထောက်ခံခဲ့၏။ ယင်းလေးချိုးကို သူရိယသတင်းစာတွင် ထည့်သွင်းဖော်ပြခဲ့၏။

## “နိုင်ငံခြားသာသနာပြုဘွဲ့ ကဗျာရတနာလေးချိုးလတ်”

* သာသနာ တစ်ဝက်သီသီ နှင်းခါမှ၊ ကမ္ဘာမှာစက်ခြည် လင်းစေဖို့ သည်အသင်း အချိန်ကျပြီလို့ နှလုံးဝယ်ရည်၊ (ပဏ္ဍိတရယ်) ထေရ်သနင်းမဟိန္ဒလိုပ၊ ဘုန်းလယ်တီ။
* အော်. . . ဘုရားပဲစူးပါစေ့၊ ကြားဖူးပေ သည်တစ်ခါပ၊ ပြည်မြန်မာ ထွန်းလာရတာက၊ အင်္ဂလန် ကျွန်းသာစွ ဆီသို့၊ ဗုဒ္ဓသာသနာရောင်နှင့်၊ ဓမ္မာဖောင်မာလိန်မှူး ပေမို့၊ ထူးသပေ့ါပဝေဏီမှာနော်ကွယ်၊ ကူးတော့ချေပြီ။

* ကန်တော့ချင်သူ ပဏ္ဍာသရပါတဲ့၊ ဂျော့ဘုရင် နရာသဘတောင်မှ ထာဝရကိုတဲ့ ခိုမမှီ၊ မွန်းတောင် သူရော၊ နဂိုဝသီမှာတော့ မိစ္ဆာတလွဲ။

* လူ့တန်းမှာ၊ ဥဒါန်းတမည်သာဖို့ သည်တစ်ခါ အကြံနိပ် လိုက်တာက၊ ပြည်မြန်မာ တမွဒိပ်တွင်မှ၊ တောင်ထိပ် ရွှေဒုမ္မာနှင့်၊ သူရိယာ ဩဘာစက်ဟာက၊ ဇမ္ဗူလှည့်ကာ ဂေါယာက ထွက်သလိုပ၊ ဗိုလ်မင် သယ်မည်ပြင်တဲ့၊ လယ်တီအရှင်မှာ ရဟန္တာကလည်း မဟုတ်တာကြောင့်၊ နယ်ပြည်တစ်ခွင်မှာ ကျမ်းစာအုပ်တွေနှင့်၊

* အမယ်မင်း. . . ကမ်းကာလှမ်းကာ ထုတ်ရပေသပေါ့၊ လုပ်သမျှ အရာရာစွဲစေဖို့ ရမ်းကာသန်းကာ ရှုပ်ကြ လျှင်ဖြင့် ဒုက္ခ မဟာငရဲပါကွယ့်၊

* အော်. . . နန်းအမတာ ကုတ်ရအောင်ပ၊ကျုပ်နှမသဒ္ဓါ မနဲလေနဲ့၊ (မယ်စန္ဒာရယ်) မန်းရတနာစမုခ်ဆီက ဗုဒ္ဓသာသနာကပဲ. . . . ။

လယ်တီ ဆရာတော်ကြီးသည် နိုင်ငံခြား သာသနာပြု လုပ်ငန်းကိုသာမက ပြည်တွင်းသာသနာပြုလုပ်ငန်းတွင် မြန်မာ ပြည်ရှိ မြို့ရွာအနှံ့ တစ်မြို့မှတစ်မြို့သို့ လှည့်လည်ကာ တရားများ ဟောကြားခဲ့သည်။

လယ်တီဆရာတော် ကြွရောက်ခဲ့တော်မူသော မြို့ကြီး ရွာကြီးတို့မှာ-

- ရန်ကုန်- မန္တလေးမီးရထားလမ်းတစ်လျှောက်မှ မြို့ရွာများ၊
- ရန်ကုန်-ပြည်မီးရထားလမ်းတစ်လျှောက်မှ မြို့ရွာများ၊
- ပျဉ်းမနား-တောင်တွင်းကြီးတစ်လျှောက်မှမြို့ရွာများ၊
- ဟင်္သာတ-ပုသိမ် တစ်လျှောက် မြို့ရွာများ၊
- ပဲခူး-မော်လမြိုင် တစ်လျှောက် မြို့ရွာများ၊
- ပဲခူး- ခရမ်း တစ်လျှောက် မြို့ရွာများ၊
- ညောင်လေးပင်-ရွှေကျင်-မဒေါက်တစ်လျှောက်မှ မြို့ရွာများ၊
- စစ်ကိုင်း-မုံရွာ မီးရထားလမ်းတစ်လျှောက် မြို့ရွာများ၊
- အလုံနောက်တောတစ်လျှောက် မြို့ရွာများ၊
- ဧရာဝတီမြစ်ရိုးမြစ်စဉ် တစ်လျှောက်ရှိ မြို့ရွာများတို့ ဖြစ်ကြ၏။

# ၁၁။ မြောက်ပြင် စံကျောင်းကြီး

လယ်တီဆရာတော် ငယ်စဉ်က ပညာရှာမှီးခဲ့ရာ မန္တလေး မြောက်ပြင်စံကျောင်းကြီးသည် မန္တလေးနန်းမြို့နှင့် အတူ ဘုရင်အဖြစ်သူ တည်ဆောက်ခဲ့သော စံကျောင်းကြီးဖြစ်၏။ စံကျောင်းကြီးကို တည်ဆောက်ပြီးသည့်နောက် မင်းတုန်းမင်းသည် မိမိ၏ ငယ်ဆရာဖြစ်သော စန္ဒိမာဘိသီရိဓဇ ပဝရမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ဦးစန္ဒိမာကို ပထမဆုံး လှူဒါန်းခဲ့၏။

စံကျောင်းကြီးသည် အမရပူရမြို့ အနောက်မြောက်ဘက် တက်သေးအင်းဘေးမှ ရေနန်းတော်ကိုဖျက်၍ ပြန်လည်တည်ဆောက်ထားသောကျောင်းဖြစ်၏။ ဘုရင်နေသော ရေနန်း

တော်ကို ဖျက်ပြီး ဆောက်လုပ်ခြင်းကြောင့် ဤကျောင်းကို စံကျောင်းဟုခေါ်ဆိုခဲ့ခြင်း ဖြစ်၏။

ကျောင်းတော်ကြီးတွင် မဟာရံတံတိုင်းကြီးနှစ်ထပ်ရှိ၏။ ကြီးကျယ် ခမ်းနားလှသော ကျောင်းတော်ကြီးဖြစ်သည်။ စံကျောင်းတော်ကြီးတွင် ကျောင်းရံပေါင်း ၂၀ ကျော်ရှိသည်။ စံကျောင်းကြီးနှင့်ပတ်သက်၍ ထိပေ့အိသျှင်မှ အာဇာနည်များ စာအုပ်တွင် အောင်မြတ်က-

"ကျောင်းတော်ကြီး ဆောက်လုပ်ရာမှာ မဟာရံတံတိုင်း နှစ်ထပ်၊ ပြင်ထပ်မှာ ကျောင်းရံ ၂၀ ကျော်၊ မုတ်ထွက် ပြာသာဒ် ၆၊ ထောင့်ပြာသာဒ် ၈ ဆူနဲ့တကွ ကျောင်းဦး ပြာသာဒ်၊ ခနူ၊ ဘောဂ ၄ ထပ်၊ စမြင်ခံဖန်မှန်၊ မသာ ရကန်စတဲ့ အလှျံကျောက်ရွဲ ပုလဲရတနာတို့နဲ့ စီရင်အပ်တဲ့ စကြံတော်ပြာသာဒ် ၃ ဆောင်တို့ကိုပါ ဆောက်လုပ်ကြ ရတယ်၊ ပြီးတော့ တစ်ကျောင်းလုံးကို ရွှေအပြည့်ချတယ်၊ တိုက်တော်ကို ဇောတိကာရာမ၊ ကျောင်းတော်ကို ရတနာပုံ စံကျောင်းတော်လို့ သမုတ်ပြီး ဦးစန္ဒိမာကို တင်လှူ ပါတယ်"ဟု ရေးသား ဖော်ပြထား၏။

ဘုရင်က မိမိဆရာတော်အတွက် လှူဒါန်းသော ကုသိုလ်တော် ဖြစ်သောကြောင့်လည်း အထူးကြီးကျယ်နေ ခြင်းဖြစ်၏။ ကျောင်းကြီးတွင် လှေကား ရှစ်စင်းရှိ၏။

ဘုရင်နှင့်မိဖုရားတို့၏ ကုသိုလ်တော်များတွင်သာ လှေကား ရှစ်စင်း တပ်ရသည်။

မင်းတုန်းမင်း၏ ဆရာတော်ဖြစ်သော ဦးစန္ဒိမာသည် ၁၂၂၅ ခုနှစ်တွင် ပျံလွန်တော်မူခဲ့၏။ ဆရာတော်ဦးစန္ဒိမာ ပျံလွန်သောအခါ မင်းတုန်းမင်းကြီးသည် မန္တလေးတောင်ခြေ မဏ္ဍလာရာမတိုက်တွင် သီတင်းသုံး စာချနေသော ပြည် ဆရာတော်ကြီးကို စံကျောင်းတော်တွင် သီတင်းသုံးရန် ပင့်ခဲ့၏။

ပြည်ဆရာတော်ကြီးသည် စံကျောင်းကြီးသို့ ရောက်သော နှစ်တွင်ပင် ပျံလွန်တော်မူခဲ့၏။ ပြည်ဆရာတော်ကြီး ပျံလွန် တော်မူသောအခါ ဆရာတော်ဦးသုဒဿန ရောက်ရှိလာခဲ့၏။

ဦးသုဒဿနသည် မြင်းခြံမြို့၊ နွားပြင်ရွာဇာတိ ဖြစ်၍ မိဘများ၏ဇာတိမှာ ပုခန်းကြီးမြို့ ကျေးလက်မှဖြစ်၏။ သဲအင်းသာသန၏ ရဟန်းဒါယကာ သာယာဝတီမင်းသား ဖြစ်သည်။

ဦးသုဒဿနသည် စံကျောင်းကြီးအား အလှူခံသည် မှစ၍ စံကျောင်းဆရာတော်ဟု ထင်ရှားလာခဲ့၏။ စံကျောင်း ဆရာတော်ကြီး ဦးသုဒဿနသည် စာတတ်ပေတတ် ဆရာ တော်ကြီးတစ်ပါးဖြစ်၏။ စာတတ်ရုံမျှမက စံကျောင်းဆရာ

တော်ကြီးသည် စည်းကမ်းလည်းအလွန်ကြီး၏။ စံကျောင်း ဆရာတော်ကြီး တစ်ကြိမ်စာချပါက စာလိုက်သံဃာ ၅၀၀ခန့် အနည်းဆုံးရှိတတ်သည်ဟု သိရသည်။

စံကျောင်းဆရာတော် ဦးသုဒဿနသည် ထင်ရှားသည့် အကျော်အမော် ပညာရှင်အများအပြားကို မွေးထုတ်ပေးခဲ့၏။ ထိုအထဲတွင် လယ်တီဆရာတော်သည်လည်း တစ်ပါး အပါ အဝင်ဖြစ်သည်။

လယ်တီဆရာတော်သည် ပညာသင်ရန် မုံရွာမြို့မှနေ၍ မန္တလေးမြို့သို့ ရောက်သောအခါ မိမိ ပညာသင်ကြားရေး အတွက် စံကျောင်းကြီးကို ရွေးချယ်ခဲ့၏။ အမှန်စင်စစ် စံကျောင်းကြီး၌ ပညာသင်ကြားရေးကလည်း လွယ်ကူသည် မဟုတ်ပေ။ စံကျောင်းကြီး၌ စာသင်လိုသူများသည် ကျောင်း၌ သတ်မှတ်ထားသော စည်းကမ်းများအပြင် ပါတိမောက် ဒွေ မာတိကာကိုရမှ လက်ခံ၏။

စံကျောင်းကြီးတွင် စာလာသင်ကြသော စာသင်သံဃာ များကလည်း အလွန်များပြားလှသဖြင့် လယ်တီဆရာတော် သည် မန္တလေးသို့ရောက်လျှင်ရောက်ချင်း စံကျောင်းကြီးတွင် နေခွင့်မရဘဲရှိနေ၏။ ထို့ကြောင့် သစ်ဆိမ့်တိုက်မှာ ဘုန်းကြီး ဦးရွှေဝနှင့်အတူသွားနေရ၏။ နောက်မှသာ လယ်တီဆရာ တော်သည် စံကျောင်းကြီးသို့ ပြောင်းရွှေ့နေထိုင်ခွင့်ရရှိ၏။

စံကျောင်းကြီးတွင် နေထိုင်ခွင့်ရသော်လည်း နေရာထိုင်ခင်းကျကျနန ရှိသည်မဟုတ်။ အိပ်ရန်နေရာ တစ်နေရာစာလောက်သာရရှိခြင်းဖြစ်ရာ လယ်တီဆရာတော်ကြီးက မိမိစံကျောင်းရောက်စ စာသင်သားဘဝကို-

"ငါ့မှာ နေစရာကလည်းမရှိ၊ သံဃာတော်များရဲ့ ခြေရင်းသောက်ရေအိုးအနီး တစ်နေရာစာလောက်မှာ အိပ်ရုံလောက်ပဲ နေရာရတယ်။ အခင်းကတော့ ရွာကပါလာတဲ့ သားရေနယ်ကြီးတစ်ချပ်နဲ့ ခေါင်းအုံးကတော့ ဝါးပိုးခြမ်းကြီးတစ်ခုကို အုံးရတယ်။ သားရေနယ်က အိပ်ဖို့မလောက်လို့ ဖျာကြမ်းတစ်ပိုင်းနဲ့ ဆက်ပြီး အိပ်ရတယ်။ အဲဒီနေရာက နေ့ဆိုနေလို့ မရဘူး။ ညမှာ အိပ်ရုံသာရတာ။ အိပ်ရုံရတယ်ဆိုပေမယ့် တစ်ခါတလေ သံဃာတော်များက ရေသောက်ပြီး ရေကျန်များကို ငါအိပ်တဲ့ အိပ်ရာနေရာမှာသွန်လို့ ရေစိုထဲမှာပဲ အိပ်ရတယ်"ဟု ပြန်ပြောပြကြောင်း ကြားသိရဖူး၏။

လယ်တီဆရာတော်သည် စံကျောင်းကြီးသို့ ရောက်စက ထိုကဲ့သို့ အနေဆင်းရဲခဲ့သော်လည်း မကြာမီ စာတော်သောပဥ္စင်းအဖြစ် နာမည်ကြီးလာခဲ့၏။ လယ်တီဆရာတော်သည် နာမည်ကြီးရုံမျှမက တကယ်လည်း စာတော်သူတစ်ဦးဖြစ်၏။ ထို့ကြောင့် စံကျောင်းဆရာတော်ကြီးသည် လယ်တီဆရာတော်အားခေါ်၍ ဇာတိရပ်ရွာနှင့်တကွ ဥပဇ္ဈာယ်ဆရာစဉ်တို့ကို

မေးပြီး စံကျောင်းတိုက်မှ စာတတ် အကျော်အမော်တစ်ဦး ဖြစ်သူ စလင်းဦးပဏ္ဍိစ္စလက်တွင်းသို့ အပ်လိုက်၏။

စံကျောင်းဆရာတော်ကြီးက ဓမောင်စလင်းက သည်က မောင်ပဥ္စင်းကို စာဝါ ဂရုတစိုက် ချပေးရမယ်။ မောင်ပဥ္စင်း ကလည်း မောင်စံလင်းထံမှာ ဆိုဝါနှင့်တက်၊ ငါ့ထံမှာ လိုက်ဝါနှင့်သင်”ဟု မိန့်ဆိုကာ လယ်တီဆရာတော်အား စလင်းဦးပဏ္ဍိစ္စထံတွင် အပ်နှံခဲ့သည်ဟုဆို၏။

စလင်းဦးပဏ္ဍိစ္စသည် လယ်တီဆရာတော်၏ စာပေ လက်ဦးဆရာဖြစ်၏။ စလင်းသည် စံကျောင်းတော်ကြီးတွင် စာတတ်ပေတတ်အဖြစ် နာမည်ကြီးသော ဘုန်းကြီးတစ်ပါး ဖြစ်၏။ စာပို့ချရာတွင်လည်း စာလိုက်သူတို့ နားလည် လွယ်အောင် ပို့ချနိုင်သူတစ်ဦးဖြစ်၏။ ဦးပဏ္ဍိစ္စသည် လယ်တီ ဆရာတော်အား ကန့်ကူလက်လှဲ့ဆရာသဖွယ် အသေအချာ စာသင်ပေး၏။ ထို့အပြင် တပည့်သားမြေးလိုသဘောမထားဘဲ ညီငယ်တစ်ယောက်လို သဘောထားကာ ပြုစုစောင့်ရှောက် ပေးခဲ့၏။

လယ်တီဆရာတော်သည် ဦးပဏ္ဍိစ္စထံမှ ပညာ အများ အပြားကို ရရှိလိုက်၏။ စလင်းဆရာတော်ကြီး၏ ကျေးဇူးနှင့် လယ်တီဆရာတော်၏ ဉာဏ်ထက်မြက်မှုတို့ကြောင့် လယ်တီ ဆရာတော်သည် စံကျောင်းသို့ရောက်ရှိပြီး ရှစ်နှစ်အကြာတွင်

ဘုရင့်စာစစ်အဖွဲ့မှ ရွေးချယ် ခန့်အပ်တော်မူသည့် ပထမ စာတော်ချ ဖြစ်လာခဲ့၏။ လယ်တီဆရာတော်သည် စလင်း ဆရာတော်အား အထူးချစ်ခင်ရိုသေ လေးစားရုံမျှမက သံယော ဇဉ်လည်း ကြီးမားရှာတော်မူ၏။

သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စလင်းဆရာတော်သည် မန္တလေးမှ စလင်းသို့ပြန်သွားခဲ့၏။ ထိုအချိန်မှစ၍ စလင်း ဆရာတော်နှင့် လယ်တီဆရာတော်သည် ပြန်၍မတွေ့ရဘဲ စလင်းဆရာတော် ပျံလွန်တော်မူသောအခါ လယ်တီဆရာ တော်သည် ကိုယ်တော်တိုင် လိုက်သွား သဂြိုလ်သည်ဟု သိရ၏။

လယ်တီဆရာတော်သည် စံကျောင်းကြီးတွင် နေစဉ်မှ စ၍ စာရေးခြင်းကို စတင်ပြုလုပ်ခဲ့၏။ စလင်းဆရာတော် သင်ကြားခဲ့သည်များကို အသေအချာလိုက်ရေး၍ မှတ်တမ်း မှတ်ရာများနှင့် ထားရှိ၏။

လယ်တီဆရာတော်သည် စံကျောင်းကြီးတွင် နေစဉ် ကပင် ပါဠိဘာသာကို လေ့လာလိုက်စားရုံမျှမက တစ်ဖက် ကမ်းခတ် တတ်မြောက်အောင်ကြိုးစားခဲ့၏။ စံကျောင်းကြီး တွင် ၁၄ ဝါမျှနေပြီးသော် လယ်တီဆရာတော်သည် စံကျောင်း အတွင်းမှ ကျောင်းရံတစ်ဆောင်ဖြစ်သော ခရေပင်ကျောင်းသို့ ပြောင်းရွှေ့နေခွင့်ရလာ၏။

၁၂၄၄ ခုနှစ် မန္တလေးမြောက်ပြင် မီးလောင်သောအခါ ခရေပင်ကျောင်းသည် မီးထဲသို့ ပါသွားခဲ့၏။ ခရေပင်ကျောင်း မီးလောင်ရာတွင် လယ်တီဆရာတော် စုဆောင်းထားသော ပရပိုက် ၄၀ ကျော်လည်း မီးထဲပါသွားကြောင်း သိရ၏။

လယ်တီဆရာတော်သည် မိမိဆရာရင်း စလင်းဆရာတော်ကလည်းမရှိ၊ နေစရာကျောင်းကလည်း မီးလောင်၊ခေတ်ကာလကလည်း မကောင်းသဖြင့် နောက်ပိုင်းတွင် မန္တလေးမှ မုံရွာသို့ ပြန်ကြွလာခဲ့၏။

စံကျောင်းကြီးသည် ၁၉၄၅ ခု ဇန်နဝါရီလအတွင်းက အင်္ဂလိပ်နှင့် ဂျပန်တို့ ၁၉ ရက်ကြာ တိုက်ကြသည့် တိုက်ပွဲတွင် ဗုံးဒဏ်မီးဒဏ်သင့်၍ ရစရာရှိအောင် ပျက်စီးခဲ့ရ၏။

# ၁၂။ ရွှေချက်သိုရာ

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်အတွင်းရှိ စိုင်ပြင်ကြီးရွာသည် လယ်တီဆရာတော်ကြီး၏ ရွှေချက်သိုရာဖြစ်ပါ၏။

လယ်တီဆရာတော်ကြီး၏ ဇာတိမြို့နယ် ဖြစ်သော ဒီပဲယင်းမြို့နယ်သည် ထူးခြား ထင်ရှားသော မြို့နယ်တစ်ခု ဖြစ်၏။ ဒီပဲယင်းမြို့နယ်သည် သာသနာ့အာဇာနည်အစစ်ကြီး အစစ်ဖြစ်တော်မူသော လယ်တီဆရာတော်ကြီး၏ ဇာတိချက်သိုဖြစ်သကဲ့သို့ မြန်မာ့သမိုင်းဝင် ထူးခြား ထင်ရှားသော ဒီပဲယင်းဆရာတော်ကြီး၏ ဇာတိချက်သိုရာလည်း ဖြစ်သည်။

ဒီပဲယင်းဆရာတော်ကြီးသည် အရေးရှင်း၍ အပြောရှင်း၏။ တတိယ ရွှေကျင်သာသနာပိုင်လည်း ဖြစ်တော်မူ၏။

ဒီပဲယင်းဆရာတော်ကြီးက နိဗ္ဗာန်နှင့်ပတ်သက်၍ အလွယ်ကူဆုံးနှင့် အရှင်းဆုံးမိန့်မှာခဲ့၏။ ဆရာတော်ကြီးက နိဗ္ဗာန်ဟူသည် တစ်ခုတည်းရှိသည်။ တစ်ခုတည်းရှိသော နိဗ္ဗာန်သည် သီးခြားဘုံဗိမ္မာန်ဖြင့် တည်ရှိနေသည်မဟုတ်၊ မိမိတို့လူ့ဘောင်အတွင်း၌ပင် တည်ရှိနေ၏။ လူတို့သည်တပ်မက်ခြင်းတဏှာတို့ဖြင့် ဖုံးအုပ်ထားသောကြောင့် နိဗ္ဗာန်ကို မမြင်နိုင်ကြဘဲရှိသည်။ တဏှာကို တစ်လွှာချင်းဖယ်သော် နိဗ္ဗာန်သို့ ရောက်၏ဟု မိန့်ကြားခဲ့၏။

ဒီပဲယင်းမြို့နယ်သည် ထိုကဲ့သို့ သာသနာ့အာဇာနည်ကြီးများ ပေါ်ထွန်းရာမြို့ ဖြစ်သကဲ့သို့ စစ်ရေးပါရဂူကြီးများနှင့် တော်လှန်ရေးခေါင်းဆောင်ကြီးများ ပေါ်ထွန်းရာ မြို့လည်းဖြစ်၏။ ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ စစ်ရေးပါရဂူကြီး စစ်သူကြီး မဟာဗန္ဓုလသည် ဒီပဲယင်းမြို့ဝန်ဖြစ်၍ ဒီပဲယင်းသူနှင့် အိမ်ထောင်ကျကာ မဟာဗန္ဓုလ၏ မွေးရာဇာတိမှာ ယခု ဘုတလင်နယ်ထဲတွင် ပါဝင်သော်လည်း ယခင်က ဒီပဲယင်းမြို့အပိုင်ထဲတွင် ပါဝင်ပေ၏။

တောင်သူလယ်သမား ခေါင်းဆောင်ဆရာစံသည်လည်း ဒီပဲယင်းဇာတိ ဖြစ်၏။ ဆရာစံသည် ဒီပဲယင်းမြို့နယ်သရက်ကန်ရွာဇာတိဖြစ်၍ ဗြိတိသျှနယ်ချဲ့တို့အား ထင်ထင်

ရှားရှား လက်နက်ကိုင်တော်လှန်ခဲ့သည့် ဒီပဲယင်းနယ်သား တစ်ဦး ဖြစ်ပါ၏။

အလားတူပင် မြန်မာ့ဒဿနိကပညာရှင်၊ တွေးခေါ်ပညာရှင်တစ်ဦးဖြစ်သော အယူတော်မင်္ဂလာဦးနိုးသည် ဒီပဲယင်းမြို့နယ် ကြခတ်ရွာသားဖြစ်၏။

အင်းဝခေတ် စာဆို အကျော်အမော် တစ်ဦးဖြစ်သူ အရှင်အဂ္ဂသမာဓိသည်လည်း ဒီပဲယင်းမြို့နယ် ဇာတိသား ဖြစ်ပါ၏။

ထိုကဲ့သို့ စစ်ရေးပါရဂူကြီးများနှင့် စာပေပညာရှင်ကြီးများထွက်ရှိရာ ဒီပဲယင်းမြို့နယ်မှလည်း ဆန့်ကျင်ဘက်ပစ္စည်းနှစ်မျိုး ထွက်ရှိ၏။ ပစ္စည်းတစ်မျိုးမှာ ဒီပဲယင်းဓား ဖြစ်၍ အခြားတစ်မျိုးမှာ ဒီပဲယင်းပုတီးဖြစ်၏။

ဒီပဲယင်းဓားသည် ခိုင်ခံ့ခြင်း၊ တာရှည်ခံခြင်း၊ ခုတ်ရကိုင်ရ လွယ်ကူခြင်းတို့တွင် နာမည်ကြီး၍ လက်ညှိုး၊ လက်သန်း၊ သံချောင်းကိုပင် အပြတ်ခုတ်နိုင်သည့် ဓားမျိုးရှိသည်ဟု သိရသည်။ ဒီပဲယင်း စိပ်ပုတီးကလည်း အလုံးညီသည်။ တာရှည်ခံသည်။ ပုတီးတစ်ကုံးကို တစ်သက်ဟု ဆိုရလောက်အောင် ရိုသေစွာကိုင်ပါက အနှစ်လေးငါးဆယ်မျှ ခံသည်ဟု သိရ၏။

ဒီပဲယင်းခေးသည် ဒီပဲယင်းမြို့မှ ထွက်ပေါ်လာခဲ့သော စစ်ရေးပါရဂူကြီးများ၊ တော်လှန်ရေး ခေါင်းဆောင်ကြီးများကို ကိုယ်စားပြုနေသကဲ့သို့ ဒီပဲယင်းပုတီးကလည်း ဒီပဲယင်းမြို့နယ်မှ ထွက်ပေါ်လာခဲ့သော စာပေပညာရှင်များ၊ သာသနာ့အာဇာနည်ကြီးများကို ကိုယ်စားပြုနေဟန်ရှိပါ၏။

စိုင်ပြင်ရွာကြီးသည် ဒီပဲယင်းမှ ခုနစ်မိုင်ခန့် ဝေး၏။ စိုင်ပြင်သည် ဒီပဲယင်းမြို့နယ်တွင် ပါဝင်၍ ဘုတလင်မြို့နှင့် ဒီပဲယင်းမြို့ အကြားတွင် တည်ရှိ၏။ စိုင်ပြင်သည် ရွာဟုဆိုသော်လည်း ယခုအခါ မြို့တစ်မြို့အလား စည်ကားနေပြီဖြစ်၏။ စိုင်ပြင်မြို့ဝယ် တွဲဖက်အထက်တန်းကျောင်းတစ်ကျောင်းရှိ၍ ဒီပဲယင်းမြို့နယ် ဆေးရုံခွဲ တစ်ခုကိုလည်း ဆောက်လုပ်ထား၏။ ဆန်စက်များ ဈေးဆိုင်များနှင့် မုံရွာ ရေဦးသွား ကားလမ်းပေါ်ဝယ် ခရီးသွားတို့ စခန်းတစ်ထောက်နားရာ မြို့ငယ်တစ်ခုအဖြစ် တည်ရှိနေ၏။

စိုင်ပြင်မြို့နှင့်ပတ်သက်၍ ခရီးသွားဆောင်းပါး တစ်ခုတွင် ဆောင်းပါးရှင် ထွန်းခင် (ဒီပဲယင်း) က-

“ဒီပဲယင်းသို့ပြန်ရန် ကျွန်တော်သည် မုံရွာမှ တစ်ဆင့် ဘုတလင်သို့လာခဲ့၏။ ဘုတလင်မှခရီးဆက်ရသော် လမ်းကြမ်းကြီးတစ်ခုကို သွားရဦးမည်ဟု ကျွန်တော် မျှော်လင့်ထား၏။ အဘယ်ကြောင့်ဆိုသော် ယခင်က ဒီပဲယင်းနှင့်

ဘုတလင်မြို့သို့ ဆက်သွယ်ထားသော လမ်းမကြီးမှာ ဖုန်တထောင်းထောင်း ထနေသော မြေလမ်းအတိသာဖြစ်ပြီး လူသွားလူလာ အလွန်ရှားပါးလှသော လမ်းမကြီးဖြစ်သည်။

ယခုအခါ ထိုလမ်းမကြီးမှာ ကတ္တရာစေး လမ်းမကြီးဖြစ်နေပြီ ခရီးသည်တင် မော်တော်ယာဉ်များ ဥဒဟို ဖြတ်သန်းသွားလာနေသည်ကို တွေ့ရတော့သည်။ ကျွန်တော်သည် ပြောင်းလဲနေသော လမ်းမကြီးကို ကြည့်၍ ဘုတလင်မြို့ကို ကျော်ဖြတ်လာခဲ့ရာ မော်တော်ကားပေါ်တွင် မှေးခနဲ အိပ်ပျော်သွားမိသည်။

မကြာမီ ဆူဆူညံညံကြားရ၍ မျက်လုံးပွတ်ယင်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုရာ မော်တော်ယာဉ်မှာ ရပ်ထားပြီး ခရီးသည်များ ဆင်းသူကဆင်း၊ တက်သူကတက်နေလျက် လမ်းတစ်ဖက်တစ်ချက်တွင် အိမ်ကြီး အိမ်ကောင်းများ၊ ကုန်မျိုးစုံ ဈေးဆိုင်တန်းကြီးများနှင့် စပါးကြိတ်စက်ကြီးများကို တအံ့တဩတွေ့ရသည်။ ကျွန်တော်မှာ ယခင်က ဒီပဲယင်း ဘုတလင်လမ်းတွင် ယခုကဲ့သို့ စည်စည်ကားကား ထည်ထည်ဝါဝါအဆောက်အအုံများ မတွေ့ဖူးသဖြင့် ချက်ချင်းဆိုသလို ဘယ်နေရာ ရောက်နေပြီလဲဟု မတွေးတောတတ်နိုင်အောင် ဖြစ်နေ၏။ အိပ်မက်များလားဟု တွေးမိတော့လည်း အိပ်မက် မဟုတ်မှန်းက သေချာလှ၏။

ဒီပဲယင်းနှင့် ဘုတလင်အကြားဝယ် ယခင်က ကျတ်ကုန်းရှိသည်ဟု ဆိုပေရာ ဥစ္စာစောင့်တို့ ဖန်ဆင်းထားသော မြို့တစ်မြို့ပေလော။ ဒါလည်းမဖြစ်နိုင်ပါ။ ထို့ကြောင့် ကျွန်တော်က အနီးရှိ ခရီးသည်တစ်ဦးကို မေးကြည့်ရာ ထို ခရီးသည်က ကျွန်တော်ကို မဖြေသေးဘဲ ဘယ်ကလာသလဲ၊ ဘယ်သွားမလို့လဲဟု မေးခွန်းများကို တအံ့တသြ ပြန်မေးနေပြန်ပါသည်။ ကျွန်တော်ကလည်း စကားမရှည်စေရန် ဒီပဲယင်းသွားမလို့ပါဟုပြောမှ အဘိုးအိုက ' ဒါ စိုင်ပြင်ကြီးဗျ' ဟု ပြောလိုက်သည်။

ဒီပဲယင်းမြို့နယ်အတွင်းရှိ စိုင်ပြင်ကြီးရွာမှာ ကျွန်တော် မယုံကြည်နိုင်လောက်အောင်ပင် တိုးတက် ဖွံ့ဖြိုးနေသည်။ ယခင်က စိုင်ပြင်ကြီးသည် အိမ်ခြေလေးငါးဆယ်မျှသာရှိသော လှည်းစခန်းတစ်ခု ဖြစ်သည်။

ယခုတော့ မြို့ကြီးတမျှ စည်ကားသိုက်မြိုက်စွာ ရှိနေလေပြီ" ဟု ရေးသားထားပါ၏။

စိုင်ပြင်ကြီး၏ ထူးခြားချက်မှာ အဝီစိတွင်းမှ ရေများအလျှံပယ် ထွက်ရှိနေခြင်းပင် ဖြစ်၏။ စိုင်ပြင် တွဲဖက်အထက်တန်းကျောင်းရှေ့ဝယ် ရေပန်းကြီးသည် ၁၀ ပေခန့်လောက်အထိ အထက်သို့ မြင့်တက်ကာ အဆက်မပြတ်ရေများ တဖွားဖွား ကျနေသည်မှာ မိုးခေါင်ရေရှားဒေသဝယ်

စိုင်ပြင်ကြီးသည် သဲကန္တာရ အတွင်းမှ အိုအေစစ်သဖွယ် ဖြစ်နေပါ၏။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက လယ်တီဆရာတော်ကြီး၏ ဘုန်းတော်ဘွဲ့ကို ရေးသားရာတွင် -

"ဖွားရာချက်ကြွေ ၊ စိုင်ပြင်မြေဝယ်၊
ကျက်သရေတန်းခိုး၊ တိုးကြီးတိုး၊
မိုးပေါက္ခရ၊ရွာသွန်းချသို့၊အေးမြကြည်သာ"
ဟု ရေးစပ်ဖွဲ့ဆို ပူဇော်ခဲ့၏။

စိုင်ပြင်ကြီးရွာ ရေထွက်သည်မှာအမှန်ပင်။ မိုးပေါက္ခရ ရွာသွန်းချဘိအလားရှိပါ၏။ ဒီပဲယင်းမြို့နယ်သည် မိုးခေါင်ရေရှားဒေသတွင် ပါဝင်သောကြောင့် ရေရှားသောဒေသ ဖြစ်၏။ ရေဦးတူးမြောင်းနှင့် ရေကန်တူးမြောင်းတို့၏ ကျေးဇူးများကြောင့်သာ လယ်ယာစိုက်ပျိုးနိုင်ခြင်းဖြစ်သည်။ ဒီပဲယင်းမြို့မှ နွှာဒေသသည် ရေငတ်ဒေသ လုံးလုံး ဖြစ်ပါ၏။ စိုင်ပြင်ကြီးသည် နွှာဒေသ၏ အဝင်ဝဟု ဆိုပါကလည်း မမှားနိုင်ပါ။ ထိုကဲ့သို့သောဒေသကြီးတွင် မြေကြီးမှရေပန်းကြီးထွက်ပေါ်လာသည်ကို အချို့သော သူတို့က လယ်တီဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကြောင့် သူ့ချက်သိုရာနေရာတွင် မြေကိုခွဲ၍ ရေပန်းများ ပေါ်ထွက်လာရသည်ဟု ဆိုကြ၏။

လယ်တီဆရာတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၀၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့နံနက် တစ်ချက်တီး အချိန်တွင် ဉာဏ်စိုင်ပြင်ရွာကြီး၌ ဖွားမြင်တော်မူ၏။ လယ်တီဆရာတော်ကြီး ဖွားမြင်သည်နှင့် တစ်ပြိုင်နက် မိုးအခါမဟုတ်ဘဲ သည်းထန်စွာ မိုးကြီးရွာသည်ဟု ဆို၏။ ထိုကဲ့သို့ အချိန်အခါမဟုတ်ဘဲ ရုတ်ခြည်းရွာသေမိုးကို အညာဒေသတွင် "ဆင်ရာတိမ်မိုး" ဟု ခေါ်၏။

လယ်တီဆရာတော်ကြီး၏ ငယ်မည်မှာ **မောင်တက်ခေါင်** ဖြစ်၏။ မောင်တက်ခေါင်သည် သားဦးဖြစ်၍ မိဘနှစ်ပါးမှာ ဦးထွန်းသာနှင့် ဒေါ်ကျုံးတို့ဖြစ်သည်။ ဦးထွန်းသာ ဒေါ်ကျုံးတို့တွင် သားသမီးငါးဦးထွန်းကား၍ အငယ်ဆုံးမှာ မိန်းကလေးဖြစ်၏။ လယ်တီဆရာတော်၏ မွေးချင်းများမှာ ကြီးစဉ်ငယ်လိုက်အားဖြင့် ဦးတက်စွာ၊ ဦးတက်ပွား ဦးတက်ထွားနှင့် ညီမထွေး မမလေးတို့ဖြစ်သည်။

လယ်တီဆရာတော်ကြီးသည် ရှေးဦးစွာ ရွာရှိ ဖျောက်ပင်ကျောင်းတိုက် ဆရာတော်ကြီးအရှင်ဦးနန္ဒဓဇထံတွင် ပညာသင်ကြားခဲ့ရ၏။ ဆရာတော်ဦးနန္ဒဓဇသည် ပိဋကတ်သုံးပုံနှင့် တကွ ဗေဒင်လက္ခဏာအစရှိသော လောကီပညာပါ တတ်သိလိမ္မာသော ဆရာတော်ကြီးဖြစ်သည်ဟု သိရ၏။

လယ်တီဆရာတော်ကြီးသည် ၁၅ နှစ်သားအရွယ်တွင် ရှင်ဉာဏဓဇဟူသောဘွဲ့ဖြင့် သာမဏေဝတ်ခဲ့၏။ ဖျောက်ပင်ဆရာတော်ကြီးသည် လယ်တီဆရာတော်အား မိမိဘွဲ့အမည်ကိုပင်ထည့်သွင်း၍ ရှင်သာမဏေဘွဲ့ပေးသည်ကို တွေ့ရ၏။

လယ်တီဆရာတော်ကြီး၏ ဉာဏ်ထက်မြက်မှု၊ ဆိုဆုံးမလွယ်မှု၊ လုံ့လဝီရိယရှိမှုတို့ကြောင့် ဖျောက်ပင် ဆရာတော်ကြီးသည် လယ်တီဆရာတော်အား အခြေခံ ပညာများကို စနစ်တကျ သင်ကြားပေးခဲ့ရုံသာမက ချစ်ခင်မြတ်နိုးခြင်းလည်းရှိသည်။ ရှင်သာမဏေ ဘဝဖြင့် ၃ နှစ်ကြာ ပညာရှာဖွေမှုငြိမ်းပြီးသော် လယ်တီဆရာတော်ကြီးသည် ပညာတတ်သော သာမဏေတစ်ပါးအဖြစ် ကျော်ကြားလာခဲ့၏။

အရှင်ဉာဏဓဇသည် အသက် ၁၈ နှစ်အရွယ်တွင် သာသနာတော်၌ ပျော်ပိုက်ခြင်းမရှိ၍ လူဝတ်လဲကာ မိဘများနှင့်အတူ လယ်ယာလုပ်ကိုင်ခဲ့သည်။ ဖျောက်ပင်ဆရာတော်ကြီးသည် အရှင်ဉာဏဓဇအပေါ် သံယောဇဉ်ရှိရကား သာသနာ့ဘောင်သို့ ပြန်ဝင်ရေးအတွက် ဆရာတော်ကြီးကပင် ပြန်လည်ဖျောင်းဖျခဲ့၏။ ဖျောက်ပင် ဆရာတော်၏ ဖျောင်းဖျချက်အရ သာသနာ့ဘောင်သို့ ပြန်ဝင်လာခဲ့ပြီး ဗေဒင်ပညာများကို သင်ကြားခဲ့၏။ လယ်တီဆရာတော်ကြီးသည် ရှင်သာမဏေဘဝတွင် မဟော်ကျေးစေရတုခန်း

ပျို့များ၊ ရတုကဗျာများ၊ ရှင်လောင်းလှည့် ရွဲ့တိုက်ရတု များကို ရေးသားခဲ့၏။

ထိုမှ လယ်တီဆရာတော်ကြီးသည် ၁၂၂၈ ခု၊ ကဆုန် လဆန်း ၇ ရက်နေ့တွင် ရဟန်းဘောင်သို့ ဝင်ခဲ့ပြီး ပညာ များကို ဆက်လက်ဆည်းပူးခဲ့သည်။ ဒီပဲယင်းမြို့နယ်သည် ယခုထက်တိုင် စာကောင်းပေကောင်းများ၊ ပေပုရပိုက်များ ပေါများရာ နယ်မြေဖြစ်၏။ လယ်တီဆရာတော်ကြီးသည် ရဟန်းအဖြစ်ဖြင့် မိမိ လက်လှမ်းမီရာ စာများအားလုံးကို လေ့လာဖတ်ရှုခဲ့၏။ ရဟန်းဘဝဖြင့် လယ်တီဆရာတော် ကြီးသည် မုံရွာသို့ကြွရောက်၍လည်း စာပေကျမ်းဂန်များကို လေ့လာခဲ့ဟန်တူ၏။

ထိုမှ ၁၂၂၉ ခုနှစ်တွင် လယ်တီ ဆရာတော်ကြီးသည် ပညာဆက်လက်သင်ကြားရန် မန္တလေးနေပြည်တော်သို့ ကြွ ရောက်လာခဲ့ကြောင်းသိရ၏။

လယ်တီဆရာတော်ကြီး၏ မွေးရပ်မြေဖြစ်သော စိုင်ပြင် ကြီးတွင် ယခုအခါ လယ်တီအထိမ်းအမှတ် ဗိမာန်တစ်ခု တည်ဆောက်ရန် ကြိုးပမ်းနေကြ၏။ လယ်တီအထိမ်းအမှတ် ဗိမာန်ကို စိုင်ပြင်ကြီးမှ ဒါယကာ ဒါယိကာမတို့သည် အခြေခံအုတ်မြစ် အခိုင်အမာချထားကာ အကာများ ၊ နံရံ များပင် စိုက်ထူ ပြီးဖြစ်နေ၏။ သို့သော်လည်း ငွေရေးကြေးရေး

အခက်အခဲကြောင့် ဆက်လက် မတည်ဆောက်နိုင်ဘဲ အဆောက် အအုံမှာ တို့လို့တန်းလန်း ဖြစ်နေသည်။

လယ်တီအထိမ်းအမှတ် ဗိမာန်ဖြစ်မြောက်ရေး ကော်မတီ တစ်ရပ်ကိုလည်း ဖွဲ့စည်းထား၏။ လယ်တီဆရာတော် မွေးဖွား ရာဇာတိမြေဖြစ်သော စိုင်ပြင်ကြီး၌ ရွှေချက်သိုဗိမာန် တည်ဆောက်ရေးနှင့်ပတ်သက်၍ ဆရာကြီး ဦးသော်ဇင်က **"ထိပေ့အိုသျှင် မှအာဇာနည်များ"** စာအုပ်တွင်-

"ကမ္ဘာ့ပညာရှင်တို့ မှီခိုအားထားရာဖြစ်သော လယ်တီ ဆရာတော်ဘုရားကြီး၏ ရွှေချက်သိုဗိမာန်ကို ယနေ့တိုင် ပြီးမြောက်အောင် မဆောင်ရွက်နိုင်ကြသေးပါ။

၎င်းအရေးသည် စိုင်ပြင်ရွာ၏ အရေးသာမဟုတ်။ ဗုဒ္ဓ ဓမ္မကို လက်ခံယုံကြည်သော မြန်မာတိုင်း၏ အမျိုးသားရေး ကိစ္စဖြစ်၏။ အိန္ဒိယနိုင်ငံမှ ဆွာမိဝိဝေကာနန္ဒသည် သူ၏ ဆရာ ရာမကရစ်စနား၏ အထိမ်းအမှတ်အဖြစ် ကမ္ဘာအရပ်ရပ် မှာ ဆေးရုံနှင့် စာကြည့်တိုက် များကို တည်ဆောက်ခဲ့၏။ ထိုတွင် ကျွန်ုပ်တို့၏ ရန်ကုန်လည်း အပါအဝင်ဖြစ်၏။ ဆွာမိ ဝိဝေကာနန္ဒ၏ အလုပ်မှာ ကမ္ဘာနှင့်ချီပြီးလုပ်သဖြင့် လွန်စွာ ပင် ကြီးကျယ်လှပါသည်။ သို့ရာတွင် သူသည် အောင် မြင်စွာ ပြုလုပ်သွားနိုင်၏။ ကျွန်ုပ်တို့သည် မိမိတိုင်းပြည် အတွင်းမှာ ပြုလုပ်ရမည်ဖြစ်၍ ပိုပြီး အောင်မြင်နိုင်ဖွယ်ရာ

ရှိပါသည်။ လူအများ သဘောပေါက်နားလည်စေရန်အသိပေး ဖို့သာ လိုပါသည်။

လယ်တီဆရာတော်နှင့် စပ်လျဉ်း၍ကား ဆရာတော်၏ စာပေကို ဖတ်ပြီး အလင်းရောင်ရရှိသူများ တစ်ဦး တစ်ကျပ်စီ ထည့်ဝင်သဖြင့်ပင် ပြည့်စုံပြီးမြောက်နိုင်ဖွယ် ရှိပါသည်။ ဤ အတွက် ဝန်လေးကြမည် မထင်ပါ။ ထို့ထက် မပိုရန်ပင် တောင်းပန်ကြရဦးမည်။ စင်စစ် လူတစ်ယောက်ထံမှ ရရှိသော ငွေဆယ်သိန်းထက် လူဆယ်သိန်းတို့ စုပေါင်းပါဝင်သော ငွေဆယ်သိန်းက ပို၍ အားကောင်းပါ၏။ ကျွန်ုပ်တို့သည် အကယ်၍ လူတစ်ယောက်စီထံမှ ငွေတစ်ကျပ်စီပါဝင်သော အလှူငွေဖြင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ရွှေချက်သိုဗိမာန် ကို တည်ဆောက်နိုင်ပါလျှင်ကား ကမ္ဘာကြေ သော်လည်း ဥဒါန်းမကျေ ဖြစ်ချိမ့်မည်” ဟု ရေးသားခဲ့၏။

**ချစ်စံဝင်း**